
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၀၁၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၄၉၀၈၀၇

ပုံနှိပ်ခြင်း - ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

အဖုံးဒီဇိုင်း - ဘိုဘိုထွန်း

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ- ၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - [illegible] (စိုးမိုးစာပေ)
(မြ- ၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

မဟာ့ရာစံအိမ်ကြီးရဲ့ ကြီးမားခိုင်ခန့်တဲ့ အနက်ရောင်သံပန်းတံခါးကြီးရဲ့ရှေ့မှာ ပန်းဟောဝန့် ခြေလှမ်းတွေက ရပ်သွားလေတော့သည်။ အုတ်တံတိုင်းကြီးတွေကို မမြင်ရဘဲ ခြံဝင်းကြီးထဲမှာ ရှိနေတဲ့ တိုက်လှလှကြီးရဲ့ အပေါ်စီးကိုသာ လှမ်းမျှော်ကြည့်လျှင် မြင်တွေ့ရလေသည်။

"မဟာ့ရာစံအိမ်ကြီးထဲမှာ ဟောဝန်ရဲ့ အမေရှိတယ်၊ ဒေါ်မဟာ့ရာရဲ့ ချွေးမဖြစ်ပေမယ့် အစေအပါးတစ်ယောက်လို နေရတယ်လေ၊ မပန်းမြိုင်ရဲ့ဘဝက အရမ်းသနားစရာကောင်းတယ်။ ဟောဝန် မင်းတွေ့ချင်ရင်တော့ မဟာ့ရာစံအိမ်ကြီးကို သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမြရဲ့ စကားသံတွေကို ပြန်၍ ကြားယောင်လာမိလေသည်။ ဟောဝန့်က ကြီးကြီးမြလက်ပေါ်မှာ ကြီးပြင်းလာခဲ့၏။ ကြီးကြီးမြဆိုတာက ဟောဝန့်အဖေရဲ့ အစ်မကြီးပါပဲ။

"ညည်းအမေက ညည်းလိုပဲ အရမ်းချောမောလှပတင့်တယ်တယ်လေ"

ဟောဝန့်အဖေ အသက်ထင်ရှားရှိစဉ်က အမေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ဟောဝန် ဘာမှ မကြားခဲ့ပေ။ သမီးအမေသေသွားပြီဆိုတဲ့စကားနှင့်ပဲ ဇာတ်လမ်းကို ပြတ်စေခဲ့လေသည်။

"ညည်းအမေက တကယ်တော့ ကြီးကြီးမြမောင်လေးအပေါ် သစ္စာမဲ့ခဲ့တာပဲ၊ ဖောက်ပြန်သွားခဲ့တာပဲ၊ မိန်းမကောင်းတစ်ယောက်တော့ မဟုတ်ဘူး"

အမေနှင့်ပတ်သက်တာတွေကို ကြီးကြီးမြပြောပြနေတဲ့အချိန်တွင် ကြီးကြီးမြတစ်ယောက် လူ့လောကကြီးထဲမှ ထွက်ခွာသွားရတော့မယ့် နောက်ဆုံးအချိန်တွေ ဖြစ်နေလေ၏။

"ကြီးကြီးမြ လူ့လောကကြီးထဲက ထွက်ခွာသွားရရင် ဟောဝန်တစ်ယောက်တည်း အထီးကျန်နေမှာ မလိုလားလို့ ညည်း





အမေရှိတဲ့ နေရာကို ပြောပြလိုက်တာပဲ၊ တကယ်ဆို ကြီးကြီးမြမောင်အတွက် ညည်းအမေအပေါ် ခုထိ စိတ်နာကြည်းနေဆဲပါပဲလေ၊ ဒါပေမဲ့ ဟောဝန်က အမေကို မြင်တွေ့ချင်သေးတယ်ဆိုရင်တော့ပေါ့"

ကြီးကြီးမြသည် အမေ့အပေါ် စိတ်နာကြည်းနေပြီး ဟောဝန့်ကိုလည်း အမေနှင့်ပတ်သက်တာတွေ တစ်ခွန်းတပါဒမျှ ပြောဆိုအသိပေးခြင်း မရှိခဲ့။

"ညည်းအမေက ကျုပ်မောင်နဲ့ ညည်းလေးကို ပစ်ထားခဲ့ပြီး နောက်ယောကျ်ားယူသွားခဲ့တာပဲ"

ကြီးကြီးမြကသာ နောက်ဆုံးအချိန်မှာတော့ အမေနှင့်ပတ်သက်တာတွေကို ပြောပြသွားခဲ့လေသည်။

"ကျုပ်သတင်းကြားတာကတော့ ယောက္ခမနဲ့ ယောကျ်ားရဲ့ နှိပ်စက်ညှဉ်းပန်းမှုတွေကို ခံစားနေရပြီတဲ့လေ"

အမေက ဟောဝန့်အား ပစ်ထားခဲ့တာဆိုပေမယ့်လည်း သူ့မအား မွေးထုတ်ပေးခဲ့တဲ့ အမေကိုတော့ အသက်ထင်ရှားရှိစဉ်မှာ ဟောဝန် တွေ့မြင်ချင်မိနေလေသည်။ ဘာပဲဖြစ်ဖြစ် အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့ဖို့ ဟောဝန် ဆုံးဖြတ်လိုက်လေတော့၏။

ကြီးကြီးမြဆုံးသွားသည်။ အထီးကျန်ဘဝတွင် အမေကို တွေ့မြင်ချင်တဲ့ ဆန္ဒတွေ ပို၍ ပြင်းထန်လာလေ၏။ အဖေလည်း မရှိ ကြီးကြီးမြလည်း မရှိတော့ လူ့လောကကြီးတစ်ခုလုံးမှာ ဟောဝန် သံယောဇဉ်တွယ်ငြိစရာဆို၍ သွေးသားအရင်းဖြစ်တဲ့ အမေပဲ ရှိလေသည်။

အမေ့ကို ဖြူသလား၊ မဲသလားဟုပင် ဟောဝန်မသိခဲ့။ အခုလို အထီးကျန်ဘဝမှာတော့ အမေနှင့် တွေ့ဆုံဖို့အတွက် ပြင်းပြတဲ့ဆန္ဒတွေ ဖြစ်ပေါ်နေလေသည်။

သွားတွေ့ရမယ်၊ အမေရှိနေတဲ့ မဟူရာစံအိမ်ကြီးကို သွားရမယ်။ အမေ ဘယ်လိုအခက်အခဲ အကြပ်အတည်းတွေနဲ့ ရင်ဆိုင်ဖြတ်သန်းနေရမလဲ၊ ယောကျ်ားနှင့် ယောက္ခမတွေရဲ့ နှိပ်စက်ခြင်းတွေကို အမေ ဘယ်လောက်အထိ ခံစားနေရရှာမလဲ။

မဟူရာစံအိမ်ကြီးထဲ ဝင်နိုင်ဖို့အတွက် အခြေအနေတွေကို စောင့်ဆိုင်းရင်း အခွင့်အရေးရဖို့ ကြိုးပမ်းစဉ်မှာပဲ မဟူရာစံအိမ်ကြီးတွင် တာဝန်ထမ်းဆောင်ရန် မိသားစုဆရာဝန်တစ်ဦး လိုအပ်ကြောင်း





စံအိမ်ကြီးရဲ့ အိမ်တော်စိုးကြီးမှတစ်ဆင့် သိလိုက်ရလေသည်။

"ကျွန်မက ဆရာဝန်တစ်ယောက်ပဲ၊ ကျွန်မနာမည် ပန်းဟောဝန်ပါ၊ ဒေါက်တာပန်းဟောဝန်၊ မဟူရာစံအိမ်ကြီးမှာ မိသားစု ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ချင်ပါတယ်"

အိမ်တော်စိုးကြီးကလည်း ပန်းဟောဝန်အား သဘောကျလေသည်။

"ဒေါက်တာက မဟူရာစံအိမ်ကြီးမှာ တစ်နှစ်တိတိ တာဝန်ထမ်းဆောင်နိုင်ပါ့မလား၊ ပန်းဟောဝန်ရဲ့ ဆေးရုံတာဝန်တွေရော"

"ကျွန်မ ဆမန့်ပါတ်တော့ မရသေးပါဘူး၊ ကျွန်မ နယ်မှာ တာဝန်ထမ်းဆောင်ရမယ့်အစား မိသားစုဆရာဝန်ပဲ တာဝန် ထမ်းဆောင်ချင်ပါတယ်"

"အရမ်းဝေးလွန်းလို့ပါ၊ ကျွန်မက အအေးနဲ့ မတည့်ဘူး၊ ကချင်ပြည်နယ် ဖြစ်နေလို့လေ"

ဟောဝန် နယ်ကို တာဝန်ကျ၍ အခြေအနေအရ ဆမန့်ပါတ်ကို မယူတော့ဘဲ အမေရှိတဲ့ မဟူရာစံအိမ်ကြီးဆီပဲ သွားဖို့ ဆုံးဖြတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အမေ့ကို တွေ့ချင်နေမိသည်။ အခက်အခဲ အကြပ်အတည်းတွေနှင့် ရင်ဆိုင်နေရသော အမေ့အား ဟေဝန် ကူညီစောင့်ရှောက်ချင်လာရလေသည်။ အမေ ဘယ်လိုပဲ ပစ်ထားခဲ့ပါစေ လောလောဆယ် သွေးသားရင်းဆို၍ ဟေဝန့်မှာ အမေပဲရှိနေတာ မဟုတ်လား။

ကချင်ပြည်နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ခြင်းကို မလွှဲသာ မရှောင်သာတော့ဘဲ ပန်းဟေဝန် ပယ်ဖျက်လိုက်လေသည်။ အမေ့ဆီပဲ သွားရမယ်၊ အမေနဲ့ တွေ့ဖို့က ပန်းဟေဝန်အတွက် အရေးအကြီးဆုံး ဖြစ်နေသည်။ တခြား ဘယ်လိုအခွင့်အရေးတွေ အကြောင်းအရာတွေကိုမှ မလိုလားနိုင်တော့ပေ။ အရာအားလုံးကို စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်လိုက်လေသည်။

"မင်းကို အိမ်ကြီးသခင် ဒေါ်မဟူရာက လူတွေ့စစ်ဆေးမယ်တဲ့၊ မင်းလို ဒေါက်တာမျိုးကို ဒေါ်မဟူရာက ပိုပြီးသဘောကျတယ်တဲ့"

မဟူရာစံအိမ်ကြီးက ပန်းဟေဝန်လို ဆမန်ပါတ်တောင် မရသေးတဲ့ ဆေးကျောင်းမှ ဘွဲ့ရပြီးကာစ ဆရာဝန်မျိုးကိုမှ လိုချင်





တာတဲ့၊ ဘာကြောင့်လဲ မဟူရာစံအိမ်ကြီးက အရှင်သခင်တွေမှာ အကြောင်းအရာ တစ်စုံတစ်ရာရှိနေမလားဘဲ။ ဟေဝန် အမေ့အတွက် စိုးရိပ်ပူပန်မှုတွေ ဖြစ်သွားလေသည်။

ဟေဝန့်ဘဝမှာ အမေနှင့်ဆုံဖို့ပဲ အဓိကဖြစ်နေသည်။ အဖေနှင့်ကြီးကြီးမြတို့က ဟေဝန့်အတွက်ထို အမွေပစ္စည်းတွေ အတော်အသင့်ထားခဲ့ကြသည်။ အမေနှင့် ဆုံပြီးမှ ပညာရေးကိစ္စကို ဟေဝန် ဆုံးခန်းတိုင်အောင် ကြိုးစားရမည် ဖြစ်လေသည်။

မဟူရာစံအိမ်ကြီးရှေ့မှာ ရပ်မိသည်နှင့် အဖြူရောင် လူခေါ်ဘဲလ်လေးကို နှိပ်မိလိုက်သည်။

ဟေဝန့်ရင်တွေ တဆတ်ဆတ်တုန်ယင်လာပေမယ့် မကြောက်ဖို့ သူ့မကိုယ်သူမ အားပေးရင်း စိတ်တွေကို တင်းထားလိုက်လေသည်။

အမေ့ကို တွေ့ရမယ်၊ ဟေဝန်နဲ့အမေ တွေ့ဆုံရမယ်။ အမေ ဘယ်လိုဘဝမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့နေရပြီလဲဟင်။

ဟေဝန့်ရင်ထဲသို့ ရင်ဆိုင်လိုတဲ့ သတ္တိတွေ ဝင်လာရသည်။ ကိုယ်လေးကို စမတ်ကျအောင်တော့ တောင့်တောင့်လေး ရပ်နေမိ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မဟူရာစံအိမ်ကြီးရဲ့ သံပန်းတံခါးကြီးဘေးမှ လူဝင်ပေါက်လေး ပွင့်လာသည်။

ခြံစောင့်အဘိုးကြီးတစ်ယောက် ထွက်လာလေသည်။

"ဒေါက်တာပန်းဟေဝန်လား"

"ဟုတ်ပါတယ်"

"ဝင်"

ပန်းဟေဝန် လူဝင်ပေါက်လေးမှ ဝင်လိုက်သည်နှင့် ကျယ်ဝန်းလွန်းတဲ့ ခြံကြီးနှင့် လှပစေဆာစွာ စိုက်ပျိုးထားတဲ့ ပန်းမာန်သစ်ပင်တွေကို တွေ့လိုက်ရလေသည်။ အရမ်းချမ်းသာကြတာပဲ။ ခြံကြီးကလည်း ကျယ်လိုက်တာ၊ မြင်ခင်းစိမ်းစိမ်းတွေ ပန်းမာန်တွေ၊ ရေကူးကန်တွေ၊ တင်းနစ်ကွင်းတွေနှင့် လှပခန့်ညားလွန်းနေလေသည်။

"အထဲကိုဝင်သွားပါ ဒေါက်တာ၊ အဝမှာ အိမ်တော်စိုးကြီး မနှင်းကြွေ စောင့်နေပါလိမ့်မယ်"

တရိုတသေ တလေးတစား ပြောရင်း ပြန်ထွက်သွားလေ





သည်။ ဟေဝန်စိတ်တွေကို တင်းပြီး တိုက်ကြီးထဲဝင်လိုက်လေသည်။

"ဒေါက်တာပန်းဟေဝန်"

"ရှင်"

ရုတ်တရက် အနားမှ ကပ်ပေါ်လာတဲ့ ဒေါ်နှင်းကြွေအသံကြောင့် ပန်းဟေဝန် အထိတ်တလန့် ဖြစ်သွားရလေသည်။

"ဒေါ်နှင်းကြွေပါ၊ ဒီလောက်တောင်လည်း မကြောက်ပါနဲ့ကွယ်၊ မမက ညည်းလေးကိုတော့ ကောင်းကောင်းမွန်မွန် ဆက်ဆံမှာပဲ"

"ရှင်"

ဟေဝန့်ကိုတော့ ကောင်းကောင်းမွန်မွန်ဆက်ဆံမှာဆိုတော့ တခြားသူတွေကိုတော့ ကောင်းကောင်းမွန်မွန် မဆက်ဆံဘူးလား။

"ညည်းအမေရဲ့ ယောက္ခမဒေါ်မဟူရာက အရမ်းကြီးကျယ်ခမ်းနားတယ်၊ မောက်မာတယ်၊ မာနအရမ်းကြီးတယ်လေ"

ကြီးကြီးမြကတော့ ဒေါ်မဟူရာရဲ့ မကောင်းကြောင်းတွေပဲ ပြောပြသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာလေ ဒေါက်တာ၊ ညည်းလေးကို မမဟူရာစောင့်နေ ပါတယ်"

"ဒေါ်နှင်းကြွေ"

"ပြော"

"ဖြစ်ပါ့မလားဟင်၊ ဟောဝန်ရင်တွေ တုန်နေတယ်၊ မမ ကြီး ဒေါ်မဟူရာက ဘယ်လိုမျိုးလဲ"

"မကြောက်ပါနဲ့ ညည်းလေးက မမအတွက် အလိုအပ် ဆုံးအရာလေ၊ ညည်းလေးအပေါ် ကောင်းကောင်းမွန်မွန် ဆက်ဆံမှာ ပဲလေ"

ဟောဝန်စိတ်တွေကို ထိန်းချုပ်လိုက်ပြီး ဒေါ်နှင်းကြွေခေါ် ဆောင်ရာနောက်သို့ လိုက်လာခဲ့လေသည်။

တိုက်ကြီးထဲ ဝင်လိုက်မှ အဖိုးတန်ကျွန်းသစ်တွေနှင့် အလှအပတွေကို ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်ထားလေသည်။

ဒီလိုချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းထဲက ယောကျ်ား တစ်ယောက်နောက်ကို အမေ အလွယ်တကူလိုက်သွားတာလည်း အံ့သြစရာတော့ မရှိပါဘူး။ အဖေနှင့်အမေ အတူပေါင်းသင်းစဉ်က





စီးပွားရေးက အသင့်အတင့်ပဲ ရှိနေတာတဲ့။

"ဟိုကောင်က ရုပ်ရည်ကလည်း ချောမောတယ်၊ ငွေကြေးကလည်း ချမ်းသာတယ်လေ၊ ညည်းအမေက မက်မောတာ ပေါ့။ ဒါကြောင့် ကြီးကြီးမြမောင်နဲ့ သမီးကို စွန့်ပစ်ထားခဲ့ရက်တာ ပဲ"

ကြီးကြီးမြသည် အမေကို အလွန်အမင်း မုန်းတီးနာကြည်း နေသည်။

"တစ်သက်လုံး ညည်းအမေကြောင်း မပြောတော့ဘူးလို့ ဆုံးဖြတ်ထားတာပဲ ဟောဝန်၊ အခုတော့ ကြီးကြီးမြစိတ်လျှော့လိုက် ပြီ"

ဟောဝန်တစ်ယောက်တည်း လူ့လောကကြီးထဲမှာ အထီး ကျန်နေရတော့မှာမို့ အမေဆိုတဲ့ သွေးသားအရင်းအချာတစ်ယောက် ရှိနေသေးကြောင်း သိစေချင်၍ အမေ့အကြောင်းတွေ ကြီးကြီးမြက ပြောပြသွားခြင်း ဖြစ်လေသည်။

အမေ့ကိုတော့ တွေ့မှ ဖြစ်မယ်။ ဟောဝန် အရမ်းတွေ့ချင် တာပဲ ဘယ်လိုအကြောင်းတွေနဲ့ သမီးနဲ့ ခင်ပွန်းကို စွန့်ပစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ အမေ။

မဟူရာစံအိမ်ကြီးထဲမှာ လှပခမ်းနားစွာ ပြင်ဆင်ထား၍ အရာအားလုံး သန့်ရှင်းပြောင်လက်နေတာကလွဲပြီး လူရိပ်လူခြေ မတွေ့ရပေ။

အမေ့ကို ရှာမိသည်။ ဒီလိုချမ်းသာကြွယ်ဝတဲ့ အသိုင်း အဝန်းထဲမှာ အမေ ဘယ်လိုဘဝမျိုးနဲ့ နေရရှာလဲ။

"ညည်းအမေ ဝင့်လည်တာပဲ ဟောဝန်၊ ယောက္ခမက နှိပ်စက်တယ်တဲ့၊ နှာခေါင်း ကျည်ပွေ့ကောင်းကောင်းတွေ့တာ ပဲအေ"

ဟောဝန်ကတော့ အမေ့ကို တွေ့ရရင် ကျေနပ်ပြီလေ။ အမေ့ဘက်က ဘယ်လောက်ပဲ တာဝန်ပျက်ကွက်ပါစေ အမေက အမေပဲလေ။ အမေရှိနေတဲ့ အရိပ်အာဝါသအောက်ကို ဟောဝန် ရောက်လာပါပြီ အမေ။

"ဒေါက်တာပန်းဟောဝန်"

"ရှင်"

"ဒီအခန်းထဲကို ဝင်သွားတော့၊ ဘာမှမကြောက်ပါနဲ့ကွယ်၊





ကိုယ်က အလုပ်တာဝန်ထမ်းဆောင်ဖို့လာတဲ့ ဆရာဝန်တစ်ယောက် ပဲဟာ၊ ဝင်သွားပါ"

"ဒေါ်နှင်းကြွေရော"

"ဝင်ခွင့်မရှိဘူးလေ"

"ဟင်"

"သွားတွေ့ပါ၊ မင်းကို သဘောကျမှာပဲ၊ ပန်းဟောဝန် သေချာပါတယ်၊ ဒေါ်နှင်းကြွေက ဒီမှာ တစ်သက်လုံးနေလာခဲ့တာ ပဲ"

မဟူရာစံအိမ်ကြီးရဲ့ အရှင်သခင် ဒေါ်မဟူရာက စည်း စနစ်လွန်စွာကြီးမားတဲ့ သူဌေးမကြီးတစ်ယောက်ဟု ဒေါ်နှင်းကြွေက ပြောထားသည်။

"အထဲမှာ မင်းကိုတွေ့ဖို့ မိသားစုအစုံအလင် ရှိနေကြပါ တယ်၊ ဆုံးဖြတ်မှာကတော့ မမကြီး မဟူရာပါပဲလေ"

ဒေါ်နှင်းကြွေက ပြောပြီးလှည့်ထွက်သွားလေတော့သည်။ မဟူရာစံအိမ်ကြီးက မိသားစုဝင်တွေလူစုံ ပန်းဟောဝန်နဲ့ တွေ့ဆုံဖို့ စောင့်နေကြတယ်တဲ့လေ။ ဘယ်သူတွေလဲ အမေရော ပါနေမလား



www.burmeseclassic.com

www.burmeseclassic.com


ပဲ။

မဖြစ်နိုင်ပါဘူး၊ ကြီးကြီးမြကပြောတော့ အမေက အနှိမ်ခံဘဝတဲ့၊ အမေ့ခင်ပွန်း ပန်းဟောဝန်ရဲ့ ပထွေးရော ရှိနေမှာလား။

ဘာမှကြောက်စရာမလိုပါဘူး ဟောဝန်၊ ညည်းက ပညာတတ် ဆရာဝန်တစ်ယောက်ပဲဟာ အလုပ်လာဝင်တာပဲ၊ ဘာမှကြောက်စရာမလိုပါဘူး။

ကိုယ့်ကိုယ်ကိုယ် အားပေးပြီး စိတ်တွေကို တင်းပစ်လိုက်လေသည်။ အမေ့ကို တွေ့အောင်ရှာရမယ်၊ ကယ်တင်ရမယ်၊ ပန်းဟောဝန်နဲ့ လိုက်နေဖို့ အမေ့ကို ပြောရမယ်။

ပန်းကနုတ်တွေနှင့် ခမ်းနားလှပစွာ ခြယ်သထားသော အခန်းတစ်ခန်းရဲ့ရှေ့မှာ ရပ်နေမိလေသည်။

ဘာမှစဉ်းစားမနေတော့ဘဲ အခန်းတံခါးကို တွန်းဖွင့်ပြီး ဝင်လာခဲ့လေတော့သည်။



## အခန်း (၂)

"ဒေါက်တာပန်းဟောဝန်လား"

"ဟုတ်ပါတယ်"

"ထိုင်ပါ"

ပန်းဟောဝန်စိတ်တွေကို အတော်လေး ထိန်းချုပ်ပြီး လက်လက်ထနေတဲ့ ကျွန်းစားပွဲကြီးရှေ့မှာ ဝင်ထိုင်လိုက်လေသည်။ အခန်းထဲမှာတော့ မဟူရာစံအိမ်ကြီးရဲ့ အရှင်သခင် ဒေါ်မဟူရာနှင့် မိသားစုဝင်တွေ ရှိနေကြသည်။


www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မကြောက်နဲ့ ကိုယ်က သူတို့ရဲ့မိသားစုဆရာဝန် အဖြစ်လာနေတာပဲ၊ အမေ့အတွက် အားလုံးကို ရင်ဆိုင်ရဲစမ်းပါ။

ကိုယ့်ကိုယ်ကိုယ် အားပေးရင် မဟူရာစံအိမ်ကြီးရဲ့ မိသားစုတွေကို ရင်ဆိုင်ဖို့ ကြိုးစားလိုက်မိသည်။

"မင်းက တော်တော်လေး ချောမောလှပပြီး ကျက်သရေရှိလွန်းတဲ့ မိန်းကလေးပဲ ပန်းဟောဝန်"

ပန်းဟောဝန်ဆိုတဲ့ မိန်းကလေးရဲ့ အလှကို ဒေါ်မဟူရာ မချီးမွမ်းဘဲ မနေနိုင်အောင် ဖြစ်သွားရလေသည်။ တော်တော်ကျက်သရေရှိတာပဲ။ မျက်ဝန်းချွန်ချွန်လေးနဲ့ အသားအရေကလည်း ဝင်းဝါမှည့်အိနေလေသည်။

ဒေါ်မဟူရာရဲ့ အကြည့်တွေက ပန်းဟောဝန်ဆီ စူးစိုက်စွာ ကျရောက်နေလေသည်။

မိမိတို့ မဟူရာစံအိမ်ကြီးမှာ လိုအပ်နေတဲ့ အရည်အသွေးနဲ့ ပြည့်စုံတဲ့ ဆရာဝန်မလေးတစ်ယောက်ပဲ။ ဆမန့်ပါတ်မရသေးတာ ကိစ္စမရှိပါဘူးလေ၊ ဆရာဝန်ဘွဲ့ရပြီးရင်ပဲ လုံလောက်နေပါပြီ။

"ပန်းဟောဝန်"





"ရှင်"

"မင်း ဆရာဝန်ဘွဲ့တော့ ရပြီးပါပြီနော်"

"ဟုတ်ကဲ့၊ ရပြီးပြီ၊ ဟောက်ဆာကျင်လည်း ဆင်းပြီးပါပြီ။ ဒီမှာ ဆရာဝန်ဘွဲ့ လက်မှတ်ပါ မေမေကြီး"

အမေ့ကို နှိမ့်ချဆက်ဆံနေသော ဒေါ်မဟူရာအား မေမေကြီးဟု ခေါ်လိုက်ရတာပင် ဟောဝန့်စိတ်ထဲမှာ နာကျင်သွားရလေသည်။ မတတ်နိုင်ဘူးလေ၊ ဒေါ်မဟူရာ ကျေနပ်သွားစေဖို့ အဓိကမဟုတ်လား။

"အင်း ဟုတ်ပါပြီ၊ မင်း ဘာဖြစ်လို့ ဆမလက်မှတ်ရယူဖို့ မကြိုးစားရတာလဲ ပန်းဟောဝန်"

"ဟောဝန် ကချင်ပြည်နယ်ကို မသွားချင်လို့ပါ။ အအေးမခံနိုင်ဘူးလေ၊ ပြီးတော့ ဟောဝန် ဆေးလည်း ကုသချင်ပါတယ်။ ဒီက အိမ်တော်စိုးကြီးရဲ့ စကားအရ မဟူရာစံအိမ်ကြီးမှာ နေနိုင်ရမယ်၊ ဆေးလည်း ကုသခွင့်ရမယ်။ ဟောဝန်က တစ်ကောင်ကြွက်ပါ မေမေကြီး၊ ငွေကြေးလည်း သိပ်မရှိပါဘူး။ ကြီးတော်က ကြိုးစားရုန်းကန်ပြီး ဆရာဝန်ဘွဲ့ရအောင် သင်ပေးခဲ့ရတာပဲ၊ ဟောဝန်



www.burmeseclassic.com

www.burmeseclassic.com



ငွေရှာချင်တယ်၊ ဒီကပေးမယ့်လခက မနည်းတော့ ယောဝန် ဒီမှာပဲ အလုပ်ဝင်ဖို့ ဆုံးဖြတ်လိုက်တာပါ"

ယောဝန် နယ်စပ်မှာ တာဝန်ကျခဲ့လေသည်။ ဆေးကုသခွင့်လက်မှတ်ရယူချင်ပေမယ့် အမေ့ကို ရှာဖို့ပဲ အဓိကဟု သတ်မှတ်ထားမိလေသည်။ ထို့ကြောင့်ပင် မဟူရာစံအိမ်ကြီးက မိသားစုဆရာဝန် လိုအပ်တယ်ဆို၍ ယောဝန်လာလျှောက်မိလေသည်။

"ပန်းယောဝန်"

"ရှင်"

"ငယ်ရွယ်ချောမောပြီး ဆေးကုသခွင့်လက်မှတ်တောင် မရှိသေးတဲ့ ဆရာဝန်ပေါက်စလေးတစ်ယောက်ကို မိသားစုဆရာဝန်ခန့်မယ်ဆိုတော့ မင်းစိတ်ထဲမှာ အံ့ဩမနေဘူးလား"

"ယောဝန်ကတော့၊ အလုပ်ရဖို့တစ်ခုပဲ အာရုံထားပါတယ် မေမေကြီး၊ တခြားကိစ္စတွေ စိတ်မဝင်စားပါဘူး"

ဒေါက်တာပန်းယောဝန်ဆိုတဲ့ ဆရာဝန်ပေါက်စမလေးကို ဒေါ်မဟူရာ စူးစိုက်စွာ ကြည့်နေမိလေသည်။ ဒီမိန်းကလေးပြောတဲ့ စကားတွေရော ဟုတ်ပါ့မလားဟု တွေးကြည့်နေမိ၏။ ဆရာဝန်





ဘွဲ့ရတာတော့ အမှန်အကန်ပင်။ မနှင်းကြွေက တစ်ကောင်ကြွက် မလေးဆို၍ ပိုပြီး သဘောကျသွားရလေသည်။

မဟူရာစံအိမ်ကြီးမှာ နှစ်ပေါင်းများစွာ နေနိုင်မယ့်သူ လိုအပ်သည်။

ရုပ်ရည်ချောမောပြီး ဆရာဝန်ဘွဲ့ရထားတဲ့ မိန်းကလေး ဖြစ်၍လည်း မိမိလည်း မိမိမြေးတွေအတွက် စိတ်ပူပင်စရာမရှိတဲ့အခြေအနေပင် ဖြစ်လေသည်။

တကယ်တော့ နာစ်မလေးတစ်ယောက်လောက် ငှားရင် ဆတောင် ဖြစ်ပေမယ့် မြေးကြီးအဂ္ဂကြီးအနားမှာ သူနာပြုအဆင့်လောက်ရှိတဲ့ မိန်းကလေးမျိုးကို မထားချင်တာပဲ ဖြစ်သည်။

ပန်းယောဝန်က ဆရာဝန်မလေး၊ ချောမောလှပအိစက်နေပြီး ကျက်သရေရှိလွန်းလေသည်။

ဒေါက်တာပန်းယောဝန်အနေနှင့် မဟူရာစံအိမ်ကြီးရဲ့ စည်းစိမ်တွေကို မက်မောပြီး အလုပ်လာဝင်တာ ဖြစ်ရင်လည်း မြေးအဂ္ဂကြီးအတွက် အရှုံးမရှိပါဘူးလေ။

"ပန်းယောဝန်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"မင်းထမ်းဆောင်ရမယ့် တာဝန်က ငါ့မြေး ဒုက္ခိတကို ပြုစုစောင့်ရှောက်ပေးဖို့ပဲ"

"ရှင်"

ဒေါ်နှင်းကြွေပြောတာတော့ မိသားစုဆရာဝန်တဲ့။ မဟူရာစံအိမ်ကြီးထဲမှာ အချိန်ပြည့်နေပေးရမယ်တဲ့။ ဒေါ်မဟူရာရဲ့ မြေးဒုက္ခိတအကြောင်း ပြောမပြပေ။

"မင်း ငြင်းပယ်နိုင်ပါတယ်၊ တကယ်တော့လည်း မနှင်းကြွေပြောသလို မေမေကြီးတို့ရဲ့ မိသားစုဆရာဝန်ပါပဲ။ အခုက မေမေကြီးရဲ့မြေး ဒုက္ခိတတစ်ယောက် ရှိပါတယ်။ အဲ့ကြီးတဲ့လေ၊ မြေးကြီးက မိန်းမချောလေးတွေဆိုရင် အရမ်းမုန်းတီးနေတယ်"

"ရှင်"

"သူချစ်သူမိန်းကလေးက သူ့အပေါ် သစ္စာမဲ့သွားလို့ အရက်တွေ အလွန်အကျွံသောက်ရင်းကနေ ကားအက်ဆီးဒင့်ဖြစ်ပြီး အောက်ပိုင်းသေသွားတာပဲ"

"ဟုတ်လား"





မိန်းမချောလေးတွေကို မုန်းတီးနာကြည်းနေတဲ့ ဒုက္ခိတယောကျ်ားတစ်ယောက်အနားမှာ ယန်းယောဝန်နေရမှာပဲလား၊ ဖြစ်ပါ့မလားဟု စိတ်က ပူပန်ကြောင့်ကြသွားပြီးမှ အမေ့အတွက်ပဲလေဟု တွေးပြီး စိတ်ကို တင်းမိလေသည်။

မဟူရာစံအိမ်ကြီးရဲ့ အရှင်သခင်က ယန်းယောဝန်ကိုကျတော့ ကောင်းကောင်းမွန်မွန် ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံနေလေသည်။ တခြားမိသားစုတွေကတော့ ငြိမ်သက်စွာ ထိုင်နေကြလေသည်။

"မင်းလက်ခံနိုင်ပါ့မလား ယန်းယောဝန်၊ နည်းနည်းတော့ စိတ်ရှည်သည်းခံရလိမ့်မယ်ကွယ်"

"ကျွန်မတာဝန်ထမ်းဆောင်ကြည့်ချင်ပါတယ်၊ ကျွန်မက ဆရာဝန်ပဲ၊ လူနာကို ပြုစုစောင့်ရှောက် ကုသပေးချင်ပါတယ်ရှင်"

အမေ့ကို တွေ့ဆုံဖို့အတွက် မဟူရာစံအိမ်ကြီးထဲမှာ ဘယ်နည်းနဲ့မဆို မဖြစ်မနေ ယောဝန်နေထိုင်ရတော့မှာပဲ မဟုတ်လား။

"ကောင်းပြီလေ၊ မင်း လက်ခံရင်တော့ ဝမ်းသာစရာပဲပေါ့၊ မေမေကြီးမြေးရဲ့စိတ်တွေ နူးညံ့လာပြီး ဒုက္ခိတဘဝကနေ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်မြောက်ဖို့ မင်း ကူညီပါ ပန်းဟောဝန်”

ဒေါက်တာပန်းဟောဝန်က မဆိုးပါဘူး မိမိထင်မိနေလေသည်။ တစ်ကောင်ကြွက်မလေးဖြစ်၍ မိမိတို့ ထားရာနေ စေရာသွားနိုင်လေ၏။ အရေးကြီးတာက နောက်ကြောင်းရှင်းဖို့ပဲ။ မနှင်းကြွေကတော့ ပန်းဟောဝန်အတွက် အကြီးအကျယ် ထောက်ခံနေလေသည်။ တာဝန်လည်း ယူ၏။

ဒေါ်မဟူရာ အကဲခတ်မိတော့လည်း ဒေါက်တာပန်းဟောဝန်က ရိုးသားဖြူစင်မှု အပြည့်အဝရှိနေသည်ဟု ထင်မိနေလေသည်။

“မမကြီးမှာ အချစ်ဆုံးမြေးနှစ်ယောက် ရှိတယ်လေ၊ အငကြီးနဲ့ အငလေးတဲ့ မိမဲ့ဖမဲ့လေးတွေပါ။ မမကြီးသားနဲ့ ချွေးမက မြေးတွေငယ်စဉ်လေးထဲကပဲ ကားအက်ဆီးဒင့်ဖြစ်ပြီး ကွယ်လွန်သွားခဲ့ကြတယ်လေ”

အတိတ်ကအကြောင်းအရာတွေကို ဒေါ်မဟူရာ မတွေးချင်ပေ။ သားသမီးကံမကောင်းဘူးလို့ပဲ ပြောရမလား၊ မိမိဖြစ်ချင်တာတွေ လုံးဝ ဖြစ်မလာခဲ့၊ ဒေါ်မဟူရာ အတိတ်မှာ နာကြည်းကြေကွဲ





မှုတွေက အပြည့်ပါပဲ။

မိမိ သေစေချင်တဲ့သူက မသေဘဲ မိမိချစ်မြတ်နိုးတဲ့သားနှင့် ချွေးမက မိမိကြောင့် အသေဆိုးနဲ့ သေဆုံးကြရလေတော့သည်။ ထို့ကြောင့်ပင် ကျန်ရစ်ခဲ့တဲ့ မြေးနှစ်ယောက်ကို အစွမ်းကုန်ပြုစုစောင့်ရှောက်ထားမိလေသည်။

“အတိတ်ကအကြောင်းတွေကိုတော့ ဖွင့်ဟပြန်မပြောချင်တော့ပါဘူးလေ၊ မေ့ထားလိုက်ပါပြီအေ၊ ညည်းလေးကိုတော့ ကျုပ်သဘောကျမိတယ်၊ ကျုပ်မြေးကို စောင့်ရှောက်ပေးပါ၊ ညည်းလေး မနစ်နာစေရပါဘူး။ လောကကြီးအပေါ် စိတ်နာကြည်းနေတာလေးပဲ လျော့ပါးသွားပြီး ဆေးကုသချင်လာအောင် စွမ်းဆောင်ပေးဖို့ပါပဲ”

“မမကြီးရဲ့မြေးကို ကျွမ်းကျင်တဲ့ သမားတော်ကြီးတွေနဲ့ မပြဘူးလားဟင်”

“မပြဘူး၊ မြေးကမှ လက်မခံတာ၊ မြန်မာဆရာကြီးတွေနဲ့ အတော်လေးကောင်းလာပါပြီ၊ အခုက လေ့ကျင့်ခန်းလုပ်ဖို့ပဲ၊ မြေးက ခေါင်းမာနေတယ်၊ စိတ်ဓာတ်ကျနေတယ်။ အခုက ညည်းလေးက



www.burmeseclassic.com

www.burmeseclassic.com



သည်းခံခွင့်လွှတ်ပြီး မြေးစိတ်တွေ ပြောင်းလာအောင် လုပ်ဆောင်ပေးဖို့ပါပဲလေ''

''ဟောဝန် အတတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ် မမေကြီး၊ တတ်နိုင်သလောက်ပေါ့နော်''

''ကောင်းပြီလေ၊ မင်းကို အလုပ်ခန့်လိုက်ပါပြီ၊ မင်းယူစရာရှိတာတွေကို ပြန်ယူပြီး မဟူရာစံအိမ်ကြီးထဲမှာ တာဝန်ထမ်းဆောင်လို့ ရပါပြီ''

''ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် မမေကြီး''

''ပန်းဟောဝန်''

''ရှင်''

''ညည်းလေးကို မမေကြီးတို့ မဟူရာစံအိမ်ကြီးက မိသားစုဝင်တွေနဲ့ မိတ်ဆက်ပေးမယ်လေ''

ပန်းဟောဝန့်အကြည့်တွေက ပတ်ဝန်းကျင်ဆီရောက်သွားတော့လေသည်။ မိသားစုဝင်တွေရဲ့ အကြည့်တွေက အေးစက်တင်းမာနေသလိုပင်။

''ဒါက ကျုပ်သားကြီး မောင်မောင်တင်ပဲ''





ပန်းဟောဝန်အကြည့်တွေက ဦးမောင်မောင်တင်ဆီရောက်သွားစဉ် နည်းနည်းတော့ ထိတ်လန့်တုန်လှုပ်သွားရလေတော့သည်။ အမေ့ယောကျ်ားပဲ၊ ဟောဝန့်ပထွေး။

''ညည်းပထွေးနာမည်က မောင်မောင်တင်တဲ့၊ ဒေါ်မဟူရာရဲ့သားကြီး''

ကြီးကြီးမပြောထားတဲ့စကားတွေကို ပြန်ကြားယောင်လာမိလေသည်။

ဦးမောင်မောင်တင်က ခန့်ညားတဲ့ လူတစ်ယောက်ဖြစ်ပြီး မျက်နှာထားက တင်းမာနေလေသည်။

ပန်းဟောဝန်ကို အသိအမှတ်ပြုသည့်အနေနှင့် ခေါင်းညိတ်ပြလေသည်။

''ဒါက ကျုပ်မြေးအငယ် အဂ္ဂလေး''

ဒေါ်မဟူရာရဲ့ အချစ်ဆုံးမြေးအငယ် အဂ္ဂလေးဆိုသူနှင့် အကြည့်ချင်း ဆုံမိလေသည်။

မျက်နှာထားတည်တည်နှင့် ပန်းဟောဝန်ကို ကြည့်လေ၏။ ဘယ်လိုလူတွေလည်း မသိပါဘူး၊ ပန်းဟောဝန်အား မလိုအား



www.burmeseclassic.com

www.burmeseclassic.com


သလို ဖြစ်နေလေသည်။

"သူကတော့ ကျုပ်သမီးအလတ် ဒေဝီပါ၊ ဒါက ဒေဝီ့ ခင်ပွန်း၊ ဒါက ဒေဝီသမီး နန္ဒာချိုတဲ့"

မဟူရာစံအိမ်ကြီးထဲမှာ ရှိကြတဲ့ မိသားစုဝင်တွေကတော့ ပန်းဟောဝန်အား မလိုလားပုံပင် အပြုံးအရယ်ကင်းမဲ့ပြီး အေးစက်နေကြလေသည်။

"ပန်းဟောဝန်အဓိကထမ်းဆောင်ရမှာက ကျုပ်မြေးကြီးရဲ့ ကျန်းမာရေးပဲ၊ မင်းဆီမှာ အပ်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်မအတတ်နိုင်ဆုံး ကူညီမှာပါ၊ တာဝန်ကိုလည်း ကျေပွန်အောင် အတတ်နိုင်ဆုံး ထမ်းဆောင်ပါ့မယ်"

ကြီးကြီးမြပြောသလိုပဲ အမေကတော့မိသားစုဝင်စာရင်းမှာ မပါပေ။ အမေ့အရိပ်အယောင်မျှပင် မတွေ့။

"ညည်းအမေက မဟူရာစံအိမ်ကြီးထဲမှာ အနှိမ်ခံဘဝ အနှိပ်စက်ခံနေရတယ်လို့ ကြီးကြီးမြ သတင်းကြားနေရတယ်"

အမေ ဘယ်လိုအခြေအနေမျိုးနဲ့ ရင်ဆိုင်နေရလဲ၊ အိမ်တော်စိုးကြီး ဒေါ်နှင်းကြွေကိုလည်း မမေးရဲ၊ စပ်စုသည်ဟု ထင်မှာစိုးမိ၍





ဖြစ်သည်။

ပန်းဟောဝန်အမေ့ကို တွေ့ချင်လို့ မဟူရာစံအိမ်ကြီးထဲ အရဲစွန့်လာခဲ့ရတာပါနော်၊ ရင်ထဲမှာ နာကျင်ကြေကွဲနေရလေသည်။

"ပန်းဟောဝန်"

"ရှင်"

"မင်းက အဆောင်မှာနေတယ်ဆိုတော့ ပစ္စည်းတွေ သိပ်များများစားစား မရှိနိုင်ပါဘူးလေ၊ အိမ်ကဒရိုင်ဘာဦးမိုးကားနဲ့ လိုက်သယ်ပေးလိမ့်မယ်၊ တိုက်ထဲရွှေ့လာခဲ့တော့နော်"

"ဟုတ်ကဲ့"

ပန်းဟောဝန် အမွေရထားတဲ့တိုက်ကို အငှားတင်ထားပြီး အဆောင်မှာ ငှားနေခဲ့လေသည်။

မဟူရာစံအိမ်ကြီးထဲ ဝင်ခွင့်ရဖို့ ကြိုးပမ်းခဲ့ခြင်း ဖြစ်လေသည်။ ဘာကြောင့် ဆရာဝန်မငယ်ငယ်ချောချောလေးတစ်ယောက် မဟူရာစံအိမ်ကြီးမှာ လိုအပ်လဲဆိုတာ ဟောဝန် သဘောပေါက်သွားရလေသည်။

"ညည်းလေးအကြောင်း ပြောပြတော့ မမကြီး မဟူရာ



www.burmeseclassic.com

www.burmeseclassic.com

အရမ်းတွေ့ချင်နေတာပဲ၊ ပန်းဟောဝန်''

အိမ်တော်စိုးကြီး ဒေါ်နှင်းကြွေကို အရင်ဆုံး ခင်မင်အောင် ပေါင်းခဲ့လေသည်။ မဟူရာစံအိမ်ကြီးအကြောင်း မစပ်စုဘဲ မဟူရာစံအိမ်ကြီးထဲ ဝင်ဖို့ပဲ ကြိုးစားခဲ့တာ အောင်မြင်လေသည်။

ပန်းဟောဝန်အား မဟူရာစံအိမ်ကြီးမှ ဒရိုင်ဘာ ဦးမိုးက အဆောင်အထိ လိုက်ပြီးပစ္စည်းတွေကို သယ်ဆောင်ပေးလေ၏။

ဒရိုင်ဘာ ဦးမိုးသည် စကားကို တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ ထမ်းဆောင်ရမည့် တာဝန်ကိုသာ ကျေပွန်စွာ ထမ်းဆောင်နေလေတော့သည်။



အခန်း (၃)

''ဒေါက်တာပန်းဟောဝန်ကို ဘွားဘွားက အရမ်းယုံကြည်လွန်းမနေဘူးလားဟင်''

သမီးကြီး ဒေဝီရဲ့လင်ပါသမီး နန္ဒာချိုက မကျေမနပ်လေး ပြောဆိုနေတာကို ဒေါ်မဟူရာ လုံးဝ ဂရုမစိုက်ပေ။ နန္ဒာဆို ဒေါ်မဟူရာ အမြင်အကတ်ဆုံးပဲ၊ သမီးကြီးဒေဝီကတော့ ကလေးတစ်ယောက်အဖေကိုပင် ကြောက်နေရလေသည်။

ဒေါ်မဟူရာ စိတ်တွေက အရင်ကလောက် မဆတ်တော့၍ သားသမီး မြေးတွေကို အလျှော့ပေးထားလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



မြေးကြီးအဂ္ဂကြီးအတွက်ပဲ ဒေါ်မဟူရာ စိတ်ပူမိလေသည်။ ချစ်သူနှင့်ကွဲပြီး ဒုက္ခိတဘဝရောက်နေတဲ့ မြေးကြီးအတွက်ပဲ စိတ်ပူနေမိလေ၏။

"ဒေါက်တာပန်းဟေဝန်က မေမေ့မြေးကြီးရဲ့ ရရှိမယ့် အမွေတွေကို မက်မောပြီး အပိုင်ချိုင်ဖို့ အကြံအစည်နဲ့လာတာ ဆိုရင်ရော"

သမီးကြီးက ဖိတ်ချင်းဖိတ် သူ့အိတ်ထဲ ဖိတ်ချင်နေလေသည်။ လင်ပါသမီးအား မြေးနှစ်ယောက်ထဲက တစ်ယောက်ယောက်ကို အပိုင်ချိုင်ချင်နေတာ ဒေါ်မဟူရာ သိလေသည်။ နန္ဒာချိုကို ဒေါ်မဟူရာ အမြင်အကတ်ဆုံးပဲ။ သမီးကြီးမျက်နှာကြောင့်သာ ကြည့်နေရတာပါ။

"မေမေ"

"ဟင်"

"ဒေါက်တာပန်းဟေဝန်အကြောင်း မေမေ ဘယ်လောက် သိလို့လဲဟင်"

"သိစရာမလိုပါဘူး ဒေဝီ၊ ဒေါ်တာပန်းဟေဝန်ကို မေမေ ယုံကြည်နေတယ်၊ မြေးလို ဒုက္ခိတတစ်ယောက်ကို စည်းရုံးသိမ်း





သွင်းနိုင်ရင် အမြတ်ပဲလေ"

"ဒေဝီရှိသားပဲ၊ ဒေဝီပြုစုပေးမှာပေါ့လို့"

"မြေးကြီးက မိန်းမတွေဆိုရင် အဝင်မှ မခံတာဘဲ။ ဒါတောင် ဆရာဝန်လေးဖြစ်နေလို့ ကျုပ်က လက်ခံတာလေ ကောင်မလေးကတော မဆိုးပါဘူး၊ ဆရာဝန်မလေးပဲ မနာပါဘူး၊ တစ်ကောင်ကြွက်မလေး"

ဒေဝီက သူ့လင်ပါသမီး နန္ဒာချိုနှင့်ပဲ နီးစပ်စေချင်နေလေသည်။ ဒေါ်မဟူရာကလည်း နန္ဒာချိုကို အတော်လေး အမြင်ကတ်နေလေသည်။ မြေးတွေနှင့် မနီးစပ်စေလိုပေ။ မြေးအဂ္ဂယ်ကတော့ အားလုံးနှင့် အရောမဝင်ဘဲ သီးသန့်နေလေ၏။ စိတ်မပူရ။ သမီးကြီး ဒေဝီ လင်ပါသမီးနဲ့တော့ မိမိသဘောမတူနိုင်။ နန္ဒာချိုက အမြင်ကတ်စရာကောင်းလောက်အောင် နံ့တန့်တန့် ပွဲတန်တန်။

"ပန်းဟေဝန်အကြောင်း မေမေ ဘယ်လောက်သိလို့လဲ"

"ဒေဝီ ညည်း ကျုပ်ကိစ္စတွေမှာ ဝင်မပါစမ်းပါနဲ့၊ ကျုပ် မြေးတွေကိစ္စ ကျုပ်ပဲ စီစဉ်မယ်"

သားကြီးမောင်မောင်တင်ကတော့ ဘာမှ ဝေဖန်ချက်



www.burmeseclassic.com

www.burmeseclassic.com



မပေးဘဲ ငြိမ်သက်နေလေသည်။ သင်းကိုလည်း ဒေါ်မဟူရာ နည်းနည်းမှ မကျေနပ်မိပေ။ ကလေးတစ်ယောက်အမေ အိမ်ထောင်သည်ကို ယူထားလို့လေ။

မိပန်းမြိုင်၊ ငွေမက်တဲ့မိန်းမ သင်းမြူဆွယ်လို့ ငါ့သားက သင်းကို ယူလိုက်ရတယ်၊ မိန်းမရှုပ်ပွေလွန်းတဲ့သားကြီး သင်းနဲ့တွေ့မှ မိန်းမတစ်ယောက်ကို အတည်ယူလိုက်ရတယ်။

ဒေါ်မဟူရာက အတင်းအကြပ်ခွဲခဲ့ပေမယ့် သားကြီးက မပြတ်နိုင်ဘဲ စွဲလမ်းနေ၍ ခက်နေသည်။

မိပန်းမြိုင်ကို မိမိအပြတ်ရှင်းသေးပေမယ့် တန်ဆာခံက သားငယ်တို့လင်မယား ဖြစ်သွားရလေ၏။

နာကြည်းစရာပဲ၊ မိပန်းမြိုင် ဂြိုဟ်ကောင်မ သင်းမသေနိုင်ဘူး။ အိမ်မှာ အိမ်ဖော်တစ်ယောက်အဆင့်နဲ့ပဲ ထားတာတောင် တွယ်ကတ်နေသေးတယ်၊ သမီးကြီးကလည်း အိမ်ထောင်တစ်ဆက်ပြိုကွဲပြီး မကြာခင်ကမှ နောက်အိမ်ထောင်ပြုထားတာ ကလေး တစ်ယောက်အမေ။

ဒေါ်မဟူရာကတော့ သားသမီးတွေ ဒုက္ခရောက်နေတာ





မကြည့်ရက်၍ အားလုံး မဟူရာစံအိမ်ကြီးထဲမှာပဲ နေစေခဲ့လေသည်။

စီးပွားရေးလုပ်ငန်းတွေလည်း ခွဲဝေလုပ်ကိုင်စေလေ၏။

မိမိစိတ်အပူဆုံးက မြေးကြီးပဲ၊ ဒုက္ခိတတစ်ယောက်ဖြစ်နေ၍ ရောဂါဝေဒနာကိုလည်း ဆေးကုချင်သည်။ မိန်းမတွေကို မုန်းတီးပြီး အမြဲတမ်း ဒေါသကြီးနေတတ်တဲ့ စိတ်တွေကိုလည်း ငြိမ်သက်အောင် ထိန်းချုပ်ပေးစေလိုသည်။

ဒေါက်တာပန်းဟေဝန်ကို မိမိသဘောကျနေလေသည်။ ချောမောလှပပြီး ပညာတတ်မိန်းကလေး ယဉ်ကျေးသိမ်မွေ့သူ မြေးအဂ္ဂကြီးနဲ့ နီးစပ်စေချင်မိလေ၏။

“ကျုပ်အရှင်းဆုံးပဲ ပြောမယ် ဒေါက်တာပန်းဟေဝန်ကို သဘောကျတယ်၊ မြေးကြီးနဲ့နီးစပ်ချင်လည်း စပ်ပါစေ၊ ဖူးစာပဲ အားလုံး မနှောင့်ယှက်ဖို့ ကျုပ် ပြောထားလိုက်မယ်နော်”

သမီးကြီးဒေဝီတို့ မိသားစုဝင်တွေကို မိမိအပြတ်သားဆုံး ပြောထားလိုက်လေသည်။ မြေးကြီး အနားမှာ နေဖို့ တမင်ပညာတတ်၊ ရုပ်ရည်ချောမောပြီး ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးမျိုး ကို ရှာထားရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မြေးကြီးကို ဒီလိုအဖြစ်မျိုးနဲ့ ကျုပ်မျက်ကွယ်မပြု ထားနိုင်ဘူး၊ ကျုပ်မရှိရင် ဒုက္ခတွေ ပိုရောက်လိမ့်မယ်။ ဒါကြောင့် ကျုပ်နည်းလမ်းရှာရတာပဲ"

"ဒေဝီတို့က သွေးသားအရင်းတွေပဲ မေမေ၊ ဟိုမှာ အရွယ်ကလည်း သူညီပဲ အစ်ကိုကြီးလည်း ရှိတယ်၊ ဘာပူစရာရှိလို့လဲ၊ ဘုမသိ ဘမသိ သူစိမ်းလက်ထဲကိုမှ မေမေက စိတ်ချရတယ်လို့"

ဒေဝီ အတော်လေး မကျေမနပ်ဖြစ်နေမိလေသည်။ မိမိက တူကြီးကို နန္ဒာချိုနဲ့ လက်ထပ်စေချင်မိသည်။ ယောကျ်ားဖြစ်သူက လည်း ဒီကိစ္စအမြန်ဆုံး စီစဉ်ဆောင်ရွက်ဖို့ ဖိအားပေးနေခဲ့၏။ မေမေကျန်ခဲ့တဲ့ အမွေတွေအားလုံး အပိုင်သိမ်းပိုက်ဖို့ အစီအစဉ်ပဲ ဖြစ်လေသည်။

"ဒေါက်တာပန်းဟေဝန်ရဲ့ အစွမ်းအစကို ကြည့်ရဦးမယ်လေ၊ မေမေအရမ်းမဆုံးဖြတ်ပါဘူး။ သင်းတို့နှစ်ယောက် ဖူးစာဖက်တွေဆိုရင်တော့ အကြောင်းဆက်ပေါင်းဖက်ကြရမှာပဲလေ"

ဒေါ်မဟူရာကတော့ မိမိသားသမီးတွေကို မယုံကြည်ပေ။





ဒေဝီက ပိုပြီး အတ္တကြီးမားသည်။ လင်မှလင်ဖြစ်နေသည်။ လင်ပါ သမီးကိုလည်း ဖူးဖူးမှုတ် ဦးစားပေးနေတာ ဒေါ်မဟူရာ အမြင်ကတ်မိနေသည်။

မိမိက အသက်ကြီးပါပြီ၊ အရင်ကလောက် မထက်မြက်တော့၊ ကျန်းမာရေးကလည်း ထိခိုက်လာသည်။

သားသမီးတွေ တစ်ယောက်မှ အသုံးမကျပေ။ မြေးငယ် အဂ္ဂငယ်ပဲ အားကိုးရသည်။ အဘွားဘက်မှ ရပ်တည်ပေးနေသည်။

"မြေးငယ်"

"ဗျာ အဘွား"

"မင်းရော ဘွားအစီအစဉ်ကို ကန့်ကွက်ချင်လား"

မြေးငယ်အဂ္ဂငယ်ကိုတော့ မိမိယုံကြည်အားကိုးမိလေသည်။

ပညာတတ် အင်ဂျင်နီယာတစ်ယောက်ဖြစ်သည့်အပြင် ခန့်ညားတည်ကြည်သော ယောကျ်ားတစ်ယောက်ဖြစ်၏။

"ကျွန်တော်က ဘာမှကန့်ကွက်စရာ မရှိပါဘူး အဘွား၊ ကိုကို့အတွက်တော့ အနားမှာ ဆရာဝန်တစ်ယောက်လောက်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိသင့်တယ်လို့ ထင်ပါတယ်''

အဂ္ဂငယ်လည်း ကိုကို့အနားမှာ ဆရာဝန်တစ်ယောက်လောက်တော့ ရှိသင့်သည်ဟု ထင်မိသည်။ ကိုကိုက ခေါင်းမာစွာဖြင့် ဆေးဝါးကုသမှု မခံယူခဲ့ပေ။ အခန်းထဲကိုလည်း သူ၊ အဘွားကလွဲပြီး တခြား ဘယ်သူမှ ဝင်ခွင့်မပေးခဲ့။ အမြဲတမ်း ဒေါသတွေ ပေါက်ကွဲပြီး စိတ်ကျရောဂါ ဝေဒနာတွေပင် ခံစားနေရလေသည်။

ဘွားအစီအစဉ်ကို သူထောက်ခံမိလေသည်။ ဒေါက်တာပန်းဟေဝန်က မဟူရာစံအိမ်ကြီးထဲသို့ ဘယ်လိုအကြံအစည်နှင့် ဝင်လာမှန်း မသိပေမယ့် ရိုးသားဖြူစင်မှုတော့ ရှိနေသည်ဟု ထင်မှတ်မိနေသည်။

''အမိက,ကတော့ ဘွားကို စိတ်ချမ်းသာစေချင်ပါတယ်၊ ဘွားဆန္ဒအတိုင်းပဲ၊ ဖြစ်စေချင်မိတယ်''

''လိမ္မာလိုက်တာ မြေးရယ်''

မြေးငယ်ရဲ့ လိမ္မာမှုတွေကိုတော့ ဒေါ်မဟူရာ ကျေနပ်မိလေသည်။ မိမိအချစ်ဆုံးသားငယ်က မွေးခဲ့တာပဲ။ လိမ္မာတဲ့ သား





ငယ်ကတော့ မိမိရဲ့မှားယွင်းတဲ့ လုပ်ရပ်တစ်ခုကြောင့် အသက်ကို စတေးလိုက်ရလေသည်။ နောင်တရလို့မဆုံးတော့ တွေးမိတိုင်း ဒေါသတွေနှင့် နာကြည်းကြေကွဲခဲ့ရလေသည်။

''မောင်မောင်တင်ကရော''

''မေမေသဘောပဲလေ၊ ကျွန်တော်က ဘာပြောရမှာလဲ၊ မေမေ ကျေနပ်ဖို့ပဲ အဓိကပါ''

ဦးမောင်မောင်တင်ကလည်း မိမိအမှားတွေ လုပ်မိနေ၍ မေမေ့ကို ဘာမှမပြောလိုပေ။ မပန်းမြိုင်အား အိမ်ထောင်ကြီး လက်ထဲကနေ မိမိတွက် အတင်းပင် လုယူခဲ့မိလေသည်။ မေမေ အတော် လေး မကျေမနပ်ဖြစ်ခဲ့၍ မိမိငြိမ်သက်နေရသည်။

''အေး···အားလုံးပဲ မေမေစီစဉ်တာကို မနှောင့်ယှက်ကြဘဲ ကူညီပါ၊ သားသမီးတွေ အားလုံး မင်းတို့လုပ်ချင်တာ လုပ်ခဲ့ကြတယ် မဟုတ်လား၊ မေမေ စိတ်လျှော့ထားတာပဲ။ ညည်းတို့တွေ ဘဝပျက်မှာစိုးလို့ မေမေ မရက်စက်ခဲ့ဘူး''

ဒေါ်မဟူရာရဲ့ လေသံတွေက တင်းမာခက်ထန်ပြီး ပြုံး သားနေသည်။ သားသမီးတွေအပေါ် စည်းကမ်းတင်းကျပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကိုင်ထားခဲ့ပေမယ့် သားသမီးတွေက ထင်ရာစိုင်းကြလေသည်။ အသက်ကြီးလာတော့လည်း စိတ်ကို နည်းနည်းတော့ လျှော့ထားမိလေသည်။

“ဒေဝီကတော့ ဒီမိန်းကလေးကို မယုံကြည်သလိုပဲ မေမေ၊ ပြီးတော့ မဟူရာစံအိမ်ကြီးက အဂ္ဂကြီးပဲ ပိုင်တာလေ၊ မေမေက မြေးကြီးကို လွှဲပေးထားတာမဟုတ်လား၊ ဒေဝီတို့က အိမ်ပေါ်က ဆင်းရမှာလေ”

“ညည်းတို့ကိုလည်း ပေးသင့်သလောက် ပေးထားပြီးပြီပဲ၊ ညည်းတို့ မဟူရာစံအိမ်ကြီးထဲမှာ ပေကပ်မနေကြနဲ့တော့၊ ကျုပ် မသေခင်ဘဲ နေခွင့်ရှိမှာနော်”

ပြောစရာရှိတဲ့စကားတွေကို ဒေါ်မဟူရာ ပြတ်သားစွာ ပြောလိုက်လေသည်။ မြေးကြီးနာမည်နှင့် လွှဲပြောင်းပေးအပ်ထားခဲ့၏။ လိမ္မာတဲ့ သားငယ်မှ မွေးထားတဲ့ မြေးနှစ်ယောက်ကိုတော့ မိမိအချစ်မြတ်နိုးဆုံးပင်။

“ညည်းတို့က ကျုပ်စိတ်ချမ်းသာအောင် ဘာတစ်ခုမှ မလုပ်ခဲ့ဘူး။ ကျုပ်ရဲ့ အရှက်သိက္ခာကိုလည်း မငဲ့ကွက်ခဲ့ဘူး၊





မောင်မောင်တင်ကြောင့် ကျုပ် ဘယ်လောက်အထိ အရှက်ရခဲ့လဲ၊ ပတ်ဝန်းကျင်မှာ မျက်နှာမပြရဲအောင် ဖြစ်ခဲ့ရတယ်။ မိန်းမတစ်ယောက်ရဲ့ မာယာညွှတ်ကွင်းထဲ တိုးဝင်တဲ့ နွားပဲ”

ပြောရင်းနှင့် ဒေါ်မဟူရာ ဒေါသတွေ ပေါက်ကွဲချင်လာရသည်။ သားကြီးက နွားပဲ၊ မိပန်းမြိုင်ရဲ့ မာယာနဲ့ ဖြားယောင်းမြူဆွယ်တဲ့ ထောင်ချောက်ထဲ တိုးဝင်တယ်။ အရှက်မရှိ ဒီမိန်းမကို ခိုးပြေးတယ်။ သင်း မယားခိုးမှုနဲ့ ထောင်မကျတာ ကံကောင်းပဲ၊ သင်းကို မိပန်းမြိုင်နဲ့ ကွာရှင်းပြတ်စဲဖို့ ကြိုးစားခဲ့တာ ဒီနေ့အထိ မအောင်မြင်ခဲ့ပေ။

“ဟိုကောင်က သူများမယားကို ယူတယ်။ သင်းလည်း ရှာဖွေမကျွေးနိုင်ဘူး၊ ကျုပ် မရက်စက်နိုင်လို့ လူတန်းစေ့နေနိုင်တာ ညည်းရော ဘာထူးလဲ ဒေဝီ၊ အမေကို ဆန့်ကျင်ပြီး ညည်း ထင်ရာစိုင်းတာပဲ မဟုတ်လား”

သမက်ရှေ့မှာပင် အမြင်ကတ်ကတ်နှင့် ပြောလိုက်လေသည်။ ဒေဝီ နောက်အိမ်ထောင်အဆက်ကလည်း မိဒေဝီကို အမိုက်ရဖမ်းတာပဲဟာ၊ သမီးတစ်ယောက်တောင် အဆစ်ပါလိုက်ခဲ့သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိမိအမွေတွေ ခွဲဝေပေးလိုက်ပေမဲ့ စီးပွားရေးလုပ်ငန်းတွေထဲမှာ ငွေတွေ ဝင်နေလို့တဲ့။ မေမေနဲ့ပဲ နေပါရစေဆိုပြီး တွယ်ကပ်နေကြလေသည်။ ဘယ်လိုပဲ မောင်းချမောင်းချ မဆင်းကြဘူး။ မိမိကလည်း သားသမီးတွေကို မရက်စက်နိုင်ဘဲ မဟူရာစံအိမ်ကြီးထဲမှာ နေစေခဲ့လေသည်။

"ညည်းတို့နဲ့ မဟူရာစံအိမ်ကြီးက မဆိုင်တော့ဘူး၊ ကျုပ်မြေးကြီးအတွက်ပဲဆိုတာ မှတ်ထား"

သားသမီးတွေ မကျေနပ်ကြတာ သိပေမယ့် ဒုက္ခိတမြေးကြီးအတွက် မိမိမကွယ်လွန်ခင် ရှေ့နေကြီးတွေနှင့် အခိုင်အမာစီစဉ်ရမှာပဲ။ အခုလည်း အိမ်တော်စိုးကြီး မနင်းကြွေနှင့် တိုင်ပင်ပြီး မြေးကြီးအတွက် အသင့်တော်ဆုံး အိမ်ထောင်ဖက်ကို ရွေးချယ်ခဲ့လေသည်။ အခြေအနေကတော့ စောင့်ကြည့်ရမှာ ဖြစ်သည်။

"အားလုံး သွားနိုင်ပြီ၊ ဒီမဟူရာစံအိမ်ကြီးထဲမှာ အေးအေးနေကြပါ။ ကျုပ်ပြောချင်တာ ဒါပဲ"

သားသမီးတွေရှေ့မှာ ဒေါ်မဟူရာ ထွက်လာခဲ့လေသည်။



## အခန်း (၄)

ပန်းဟေဝန်အတွက် ပေးထားသည့်အခန်းမှာ သန့်သန့်ပြန့်ပြန့်နှင့် တခမ်းတနား ပြင်ဆင်ထားလေသည်။

ကြီးကြီးမြကို ပြောတော့ ဒေါ်မဟူရာက အတ္တကြီးပြီး မာန်မာနကြီးလွန်းတယ်တဲ့။ သားသမီးတွေကို စည်းကမ်းတင်းတင်း ကျပ်ကျပ်ထားလို့လည်း သားသမီးတွေက ဆိုးပေချင်ကြတယ်တဲ့။ ပန်းဟေဝန်ကို ဆက်ဆံတာကျတော့လည်း ပြေပြစ်နေတာပါပဲလား။

အမေရော ဘယ်မှာလဲ၊ ဦးမောင်မောင်တင်ရဲ့ တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်တဲ့ အမေက မိသားစုစာရင်းမှာ မပါတာတော့ အမှန်ပင် ပန်းဟောဝန်နှင့် မိသားစုတွေ့ဆုံပွဲမှာ အမေမပါခဲ့။

"ညည်းအမေက အနိမ်ခံဘဝပဲ၊ ကျွန်မလေ၊ ဒီလောက် အနှိပ်စက်ခံနေရတာတောင် ဒီလင်ကိုမက်ပြီး ထွက်မလာဘူး"

ကြီးကြီးမြကလည်း အမေ့အပေါ် အတော်လေး မုန်းတီးနေလေသည်။ ပန်းဟောဝန် ငယ်ငယ်လေးထဲက အမေစွန့်ပစ်သွားခဲ့တာပဲ ဖြစ်၏။ အမေရှိသည်ဟုပင် မပြောခဲ့။

"ညည်းအမေကြောင့် အရက်သမားကြီးလုံးလုံးဖြစ်သွားရတဲ့ ကျုပ်မောင် သေရတယ်။ တစ်သက်လုံး ညည်းကို မပြောဘဲထားမလို့ပဲ၊ ဒါပေမဲ့ ကျုပ်စိတ်ပြောင်းသွားလို့ ပြောပြတာပဲ"

ကြီးကြီးမြမသေခင် စိတ်ပြောင်းပြီး အမေ့အကြောင်းတွေ ပြောပြသွားခဲ့လေသည်။ တူမကို ချစ်ပေမယ့်လည်း အမေ့ကိုတော့ ကြီးကြီးမြ စိတ်နာလေသည်။

"ဘာပဲဖြစ်ဖြစ် ကြီးကြီးမြ မရှိရင်တော့ ညည်းအမေကို ညည်း ကယ်တင်စောင့်ရှောက်ချင်တယ်ဆိုရင်လည်း ကယ်တင်စောင့်ရှောက်ပေါ့လေ"





ကြီးကြီးက စိတ်ပြောင်းသွား၍ ပန်းဟောဝန် ကျေးဇူးတင်မိသည်။ ဘာပဲဖြစ်ဖြစ် အမေက အမေပါပဲ။ လူ့လောကကြီးထဲမှာ ပန်းဟောဝန်ရဲ့ သွေးသားရင်းဆို၍ အမေပဲ ရှိတော့တာ မဟုတ်လား၊ အမေ့ကို တွေ့ချင်မိနေလေသည်။

လောလောဆယ်တော့ မဟူရာစံအိမ်ကြီးထဲမှာ အမေ့ကို မတွေ့သေးပေ။ ပန်းဟောဝန် မစပ်စုချင်သေးဘဲ အသာလေးပဲ အခြေအနေကို ကြည့်နေခဲ့ရ၏။

"ပန်းဟောဝန်"

"ရှင် ဒေါ်နှင်းကြွေ"

အိမ်တော်စိုးကြီး ဒေါ်နှင်းကြွေအခန်းထဲသို့ ဝင်လာလေသည်။

"ဘယ်လိုလဲ၊ ဒီမှာ အလုပ်ဝင်ရတာ ညည်းလေး စိတ်ချမ်းသာရဲ့လား"

"ဟုတ်ကဲ့၊ ဟောဝန်မှာ ငွေကြေး အကျပ်အတည်းဖြစ်နေလို့ ဆမလက်မှတ်တောင် မယူဘဲ မလုပ်ဝင်ခဲ့ရတာပါ။ ဒီက လက်ခံပေးတာ ကျေးဇူးတင်လှပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းဟောဝန်"

"ရှင်"

"မြေးကြီးကို ဒေါ်မဟူရာက အရမ်းချစ်တယ်လေ၊ ဒီမဟူရာစံအိမ်ကြီးက မြေးကြီးနာမည်နဲ့ ဒေါ်မဟူရာမရှိတော့ရင် မြေးကြီးပဲ ပိုင်ဆိုင်ရမှာ၊ ညည်းလေးကို ကျုပ် အတွင်းစကား ပြောလိုက်မယ်၊ မမကြီးမဟူရာက မြေးအတွက် ကြင်ဖက်ရှာနေတာလေ"

"ရှင်"

"အဂ္ဂကြီးက ဒုက္ခိတဆိုပေမဲ့ ရမယ့်အမွေတွေက အများကြီးပဲ။ တစ်သက်စားမကုန်ဘူးလေ၊ မမကြီးမဟူရာက ပုံအောပေးထားခဲ့တာပဲ"

ဒေါ်နှင်းကြွေ ဘာသဘောနဲ့ ပန်းဟောဝန်ကို ဒီစကားတွေလာပြောနေရတာလဲ၊ ဟောဝန် မဟူရာစံအိမ်ကြီးကို လာခဲ့တာ အမေ့အတွက်ပါပဲ၊ ဒေါ်မဟူရာကလွဲပြီး ကျန်တဲ့မိသားစုတွေက သိပ်ပြီးလိုလားဟန် မပြကြပေ၊ မနန္ဒာချိုက ပို၍ မျက်နှာထား တင်းမာနေလေသည်။

"မြေးကြီးရဲ့ဘဝကို ပြန်လည်ရှင်သန်အောင် ညည်းလေး





လုပ်ဆောင်ပေးစမ်းပါ ပန်းဟောဝန်"

ဟောဝန်တွေ့ချင်တာက အမေပဲ၊ ဒေါ်နှင်းကြွေကို မေးချင်ပေမယ့် မမေးရဲပေ၊ အခြေအနေစောင့်ကြည့်နေမိသည်။

"ညည်း ဘာမှကြောက်စရာမရှိဘူး၊ ကိုယ်လုပ်စရာရှိတာကိုပဲ လုပ်ပါကွယ်၊ ဒီစံအိမ်ကြီးထဲမှာ မမကြီး မဟူရာက အဓိကပဲ၊ ဩဇာအာဏာရှိတယ်"

ကြီးကြီးမြပြောတာကတော့ ဒေါ်မဟူရာက မာန်မာနကြီးမားပြီး အဆင့်အတန်းခွဲခြားတတ်တဲ့ သူဌေးမကြီးတစ်ယောက်တဲ့။

အမေ ဘယ်မှာလဲ၊ ဟောဝန် အရမ်းပဲ တွေ့ချင်နေပြီ။ မဟူရာစံအိမ်ကြီးထဲမှာ အမေ့ကို အရိပ်အယောင်တောင် မတွေ့ရသေးပါလား။

"ဟောဝန့်ကို ဒေါ်နှင်းကြွေ အလုပ်သမားတွေနဲ့ မိတ်ဆက်ပေးမယ်၊ ခိုင်းစရာရှိရင်လည်း ခိုင်းလို့ရတယ်နော်"

"ဒေါ်နှင်းကြွေ"

"ပြော"

"ကိုအဂ္ဂကြီးက ဟောဝန့်ကို လက်ခံပါ့မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ယောဝန် ကြိုးစားရမယ်လေ ဇညည်းလေးက ချောမော လှပလွန်းပြီး ချစ်စရာကောင်းပါတယ်၊ အောင်မြင်မှာပါလေ အားမငယ်ပါနဲ့"

ဒေါ်နှင်းကြွေ မိတ်ဆက်ပေးတဲ့ အလုပ်သမားတွေထဲတွင် အမေ မပါပေ။ အားလုံး သုံးယောက်။ ဒါက ဒီကအလုပ်သမားတွေပဲ။ ယောဝန်၊ မငွေ၊ မသော်နဲ့ မနက်။

ယောဝန့်ကိုတော့ လှိုက်လှိုက်လှဲလှဲနှင့် ကြိုဆိုကြလေသည်။ အမေရော မဟူရာစံအိမ်ကြီးထဲမှာ အမေရှိသည်ဟု ကြီးကြီးမြက ပြောလေသည်။

အမေ့ အရိပ်အယောင်မျှပင် မတွေ့၊ အမေနောက်ယောက်ျား ဦးမောင်မောင်တင်ကတော့ နည်းနည်းရှုပ်ထွေပုံရလေသည်။

"ဒေါက်တာ ဘာမှအား[illegible]ယ်ပါနဲ့နော်၊ နိုင်းစရာရှိတာ နိုင်းပါ၊ အစ်ကိုကြီးအဂ္ဂတာဝန်တွေ ယူမယ့်သူဆိုတော့ မနက်တို့ ကူညီရမှာပဲလေ"

"ဟုတ်တယ် ဒေါက်တာ၊ အစ်ကိုကြီးအဂ္ဂကြီးက အမြဲ





တမ်း ဒေါသတွေနဲ့ ပေါက်ကွဲနေတာပဲ"

ပန်းယောဝန့်ရင်ထဲမှာ လေးလေးလံလံကြီးတော့ ဖြစ်သွားရလေသည်။ ကိုအဂ္ဂကြီးနှင့် အဆင်ပြေပါ့မလား၊ ပန်းယောဝန် ဘဝကိုရင်းပြီး အမေနှင့် တွေ့ချင်လို့ မဟူရာစံအိမ်ကြီးထဲ ဝင်လာခဲ့ရတာပဲ ဖြစ်၏။

"အစ်ကိုကြီး အခန်းထဲဝင်ရမှာ မသော်တို့ သေမလောက် ကြောက်ကြတာပါ၊ မိန်းမတွေဆိုရင် အစ်ကိုကြီးက ပိုပြီးမုန်းတီးတယ်လေ"

ပန်းယောဝန်ကတော့ သူမတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ ဆုံးဖြတ်ထားမိသည်။ ဒေါ်နှင်းကြွေရဲ့စကားအရ ဒုက္ခိတမြေးကို ဘွားမဟူရာက ဧနီးကောင်းတစ်ယောက် ရှာဖွေနေခြင်းပင်။ ပညာတတ်ဆရာဝန်တစ်ယောက် ဆိုတော့လည်း နီးစပ်ရင်လည်း နီးစပ်ပါစေဟု သဘောထားပုံရလေသည်။

"မမကြီးမဟူရာက စိတ်ကျနေပြီလေ ယောဝန်၊ သားသမီးတွေကလည်း မကောင်းဘူး မဟုတ်လား၊ အိမ်ထောင်ရေးတွေက အားလုံး ကမောက်ကမတွေနဲ့လေ၊ သားကြီးရဲ့ မိန်းမကိုတော့ မမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမဟူရာက အရမ်းမုန်းနေတယ်၊ လင်ကြီးငတ်တုတ်နဲ့ သူ့သား နောက် လိုက်လာလို့တဲ့”

“ဟင်”

မထင်မှတ်ဘဲ အမေ့အကြောင်းပါလာ၍ ဟောဝန် စိတ်ဝင်တစားရှိသွားရလေသည်။

“သားကြီးရဲ့မိန်းမ ဟုတ်လား ဒေါ်နှင်းကြွေ ဟောဝန်လည်း မတွေ့ပါလား”

“ရှိပါတယ်၊ အနှိမ်ခံဘဝနဲ့လေ၊ မနက်တို့နဲ့ တန်းတူပဲ နေရတယ်၊ မပန်းမြိုင်တဲ့၊ ဒေါ်နှင်းကြွေလည်း မုန်းတယ်၊ ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိန်းမတစ်ယောက်ပဲ”

အမေ့ကို ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိန်းမတစ်ယောက်အဖြစ် အားလုံးက မုန်းတီးနေတာပါပဲလား။

“မောင်မောင်တင်ကို သူဌေးသားဆိုပြီး ချိုင်တာလေ၊ မမကြီး မဟူရာက အမွေတွေကို မြေးနှစ်ယောက်ပဲ ပုံအောပေး လိုက်တာပဲ၊ သားနဲ့သမီးကို သိပ်မပေးဘူး။ မကျေနပ်ကြပေမယ့် အပြစ်တွေကိုယ်စီနဲ့ဆိုတော့ ဘာမှမပြောရဲကြဘူး ပန်းဟောဝန်”





၊

အမေရယ် ဟောဝန် စိတ်မကောင်းစွာဖြင့် ရင်ထဲမှာ နာကျင်နေလေသည်။ အဖေနဲ့ ဟောဝန့်ကို ပစ်ထားခဲ့ပေမယ့် အမေ့အပေါ် ဟောဝန်ကတော့ မနာကြည်းနိုင်ပေ။ အမေဟာ ကိုယ်ကျင့်တရားပျက်ပြားတာတော့ မဖြစ်နိုင်ပါဘူးလေ၊ အကြောင်းအရာတစ်ခုခုကြောင့် အမေ ဦးမောင်မောင်တင်နောက် လိုက်သွားတာပဲဖြစ်မယ်။ ဟောဝန်ကတော့ အမေ့ဘက်ကနေ သာသာထိုးထိုး စဉ်းစားပေးနေမိသည်။

“မပန်းမြိုင်က အပေါ်ထပ်က မိသားစုတစ်တွေရဲ့ အခန်းသန့်ရှင်းရေးနဲ့ မြေးအဘွားကြီးရဲ့အခန်းကို အထူးသန့်ရှင်းရေး လုပ်ပေးရတယ်လေ”

“ဦးမောင်မောင်တင်ကရော ဒေါ်ပန်းမြိုင်ကို မချစ်ဘူးလားဟင်”

“မသိပါဘူးကွယ်၊ မပန်းမြိုင်ကို အားလုံးက မုန်းနေကြတာပဲ။ ဒေဝီကဆို ခိုင်းဖတ်ပဲ၊ မောင်မောင်တင်က ဘာမှမပြောဘူး၊ လင်ကြီးငတ်တုတ်နဲ့ လင်ငယ်နောက်လိုက်လာတော့လည်း အားလုံးက ရွံနေကြတာလေ”



www.burmeseclassic.com

www.burmeseclassic.com



အမေ့အကြောင်းကြားရတာ ဟောဝန့်နှလုံးသားတွေ နာကျင်ကြေကွဲနေရလေသည်။

လူ့လောကကြီးထဲမှာ သံယောဇဉ်တွယ်စရာ အမေပဲရှိတော့တာပါ။ ဟောဝန် အမေ့ကိုခေါ်ပြီး မဟူရာစံအိမ်ကြီးထဲကနေ ထွက်သွားရမယ်၊ အမေ့ကို ကယ်တင်ရမယ်၊ အနှိမ်ခံဘဝမှာ အမေ မနေပါနဲ့တော့၊ ဟောဝန်ကတော့ အမေ့ကို စိတ်မနာတဲ့အပြင် သနားကြင်နာနေပါလေသည်။

"ပန်းဟောဝန်"

"ရှင်"

"မင်းကတော့ မမကြီးမဟူရာရဲ့ စိတ်ဆန္ဒတွေကို ဖြည့်စွမ်းပေးနိုင်လိမ့်မယ်လို့ ထင်တယ်ကွယ်"

ဒေါ်နှင်းကြွေကလည်း အိမ်တော်စိုးကြီး ပီသစွာဖြင့် ဘွားမဟူရာဘက်မှ အကာအကွယ်ပေးပြီး ပြောနေခဲ့သည်။

"မမကြီးမဟူရာဘဝမှာ အမြဲတမ်း စိတ်သောကတွေ၊ အလိုမကျမှုတွေနဲ့ အမြဲတမ်း ဒေါသတွေ ပေါက်ကွဲနေတာပဲ"

ပန်းဟောဝန်ကတော့ အမေ့ကိုပဲ တွေ့ချင်နေမိသည်။ အမေ





ရှိနေတယ်ဆို၍ စိတ်တော့ အေးသွားရသည်။

"မင်းကြိုးစားပါ ပန်းဟောဝန်၊ ဘယ်လိုအနှောင့်အယှက်တွေပဲတွေ့တွေ့ မင်း စိတ်မပျက်ပါနဲ့ကွယ်၊ မြေးကြီးရဲ့ဘဝကို ပြန်လည်ထူထောင်ပေးစေလိုတယ်ကွယ်"

တစ်လောကလုံးကို ဒေါသတွေ ပေါက်ကွဲနေတဲ့ ကိုအဂ္ဂကြီးလို လူတစ်ယောက်ကို ဟောဝန် ဘယ်လိုထိန်းရမလဲ။

အမေ့အတွက် ဟောဝန် ဘာမဆို လုပ်ချင်ပါတယ်၊ နာမည်ဆိုးတွေနဲ့ အမေ့ဘဝရဲ့ သိမ်ငယ်နေမှုတွေကို ဟောဝန် ကယ်တင်စောင့်ရှောက်ရမှာပဲလေ။ အမေဟာ အမေပါပဲ။ ဟောဝန်ကို မွေးခဲ့တာပါပဲ။ အမေ့ကို ဟောဝန် ယုံကြည်နေမိလေသည်။

"ပန်းဟောဝန် အနားယူပါတော့၊ မနက်ဖြန်မှ အလုပ်စတင်ပါတဲ့၊ အရိုးအကြောအထူးကုဆရာဝန်ကြီး လာကြည့်တဲ့အခါ ဟောဝန် အနားမှာ ရှိဖို့လိုအပ်တယ်၊ မမကြီးမဟူရာ အားကိုးလောက်အောင် ကြိုးစားပြပါနော်"

ဒေါ်နှင်းကြွေက တကယ့်ကို ဒေါ်မဟူရာရဲ့ သစ္စာရှိလှ[illegible] တော်ကြီးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်နှင်းကြွေကတော့ ယောဝန့်ကို ယုံကြည်နေတယ်လေ၊ တကယ်ပဲ မြေးကြီးကို ထိန်းချုပ်နိုင်မယ့် မိန်းကလေးတစ်ယောက် ပါပဲကွယ်"

အားလုံးကတော့ ယောဝန်အား အထင်တကြီးနှင့် ချစ်ခင်ကြလေသည်။ ယောဝန်ဟာ အမေ့သမီးဆိုရင် ဒေါ်မဟူရာ ဘယ်လိုနေမလဲ၊ ယောဝန် အမေ့ကိုပဲ တွေ့ချင်နေပါတယ်လေ။

"လာကြဟော့ မနောင့်ယှက်ကြနဲ့တော့၊ ဒီမဟူရာစံအိမ်ကြီးထဲမှာ ယောဝန့်ကို လုံးဝမနှောင့်ယှက်ရဘူးလို့ ပြောထားတယ်၊ ဒေါက်တာပန်းယောဝန် လိုအပ်တာသာ ကူညီကြပါ"

ယောဝန်တစ်ယောက်တည်း အခန်းထဲမှာ ကျန်ခဲ့လေသည်။ မဟူရာစံအိမ်ကြီးထဲမှာ အနှိမ်ခံဘဝနဲ့ နေနေရတဲ့ အမေ့ကိုပဲ ပြန်ပြီး ခေါ်ဆောင်သွားချင်ပါတယ်။

ရင်ထဲမှာ နာကျင်ကြေကွဲနေသည်။ အမေ့ကို တွေ့မြင်ချင်သည့်ဆန္ဒတွေ ပြင်းပြနေလေသည်။



## အခန်း (၅)

ယောဝန် စိတ်တွေကို ထိန်းချုပ်နေရလေသည်။ ကိုအဂ္ဂကြီးကို တွေ့ဆုံဖို့အတွက် ဘွားမဟူရာနှင့်အတူ အပေါ်ထပ်မှာရှိနေတဲ့ အခန်းတစ်ခုဆီ သွားနေလေသည်။

"ဒီအပေါ်ထပ်မှာက ဘွားမဟူရာရယ်၊ မြေးငယ်အဂ္ဂငယ်ရယ်၊ သားကြီးမောင်မောင်တင်ရယ် နေတယ်၊ သမီးကြီးတို့ကတော့ အောက်ထပ်မှာပဲ နေကြတယ်၊ ပန်းယောဝန်အခန်းနဲ့ ကပ်လျက်လေ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေဝီတို့မိသားစုက ဟောဝန်နှင့်အတူတူ အောက်ထပ်မှာပဲ နေကြတာပါလား။ ဟောဝန့်အား ဒေါ်ဒေဝီတို့မိသားစုဝင်တွေ မလိုလားပေ။ မနန္ဒာချိုရဲ့ မျက်ဝန်းအကြည့်တွေက အတင်းမာဆုံးပါပဲ။ ဟောဝန် ဘာကိုမှ ဂရုမစိုက်ဘူး၊ အမေ့ကို ခေါ်ထုတ်သွားဖို့ပဲ။

"ဟောဝန်"

"ရှင်"

"ဘာမှအားမငယ်နဲ့နော်၊ မောင်အဂ္ဂကြီးအပေါ် သည်းခံပြီး စည်းရုံးသိမ်းသွင်းပေးပါ"

အဘွားမဟူရာကတော့ ဟောဝန်အား အရေးတယူနှင့် အားကိုးတကြီး ရှိနေလေသည်။ မြေးဒုက္ခိတကို တခြားသူတွေနဲ့ ဖြစ်မှာစိုး၍ ဟောဝန့်လို ပညာတတ်ဆရာဝန်မလေးတစ်ယောက်နဲ့ နီးစပ်စေရန် ဖန်တီးခြင်းပင်။ ဟောဝန်က ဒေါ်ပန်းမြိုင်ရဲ့ သမီးပါ။ မဟူရာစံအိမ်ကြီးထဲက လူတွေ အမုန်းကြီးမုန်းနေတဲ့ ဒေါ်ပန်းမြိုင်ရဲ့ သမီးပါ။ အမေ့ကို ကယ်ထုတ်ရမယ်။

ဟောဝန့်ခြေလှမ်းတွေက နေးကွေးလေးလံနေရသည်။





ကိုအဂ္ဂကြီးအား ဟောဝန် ရင်ဆိုင်နိုင်ပါ့မလား။ ဒီအခန်းထဲမှာ အမေရော ရှိနိုင်ပါ့မလား။

"ပန်းဟောဝန်"

"ရှင်"

"ဝင်လေ"

"ဘွားရော"

"မဝင်တော့ပါဘူး၊ အခုချိန် မြေးအနားမှာ ဟိုဟာမ ရှိနေလိမ့်မယ်၊ သနပ်ရှင်းရေးလုပ်နေမယ် ထင်တယ်၊ မိပန်းမြိုင်နဲ့ မျက်နှာချင်းမဆိုင်ချင်ပါဘူး"

ဘွားမဟူရာ ထွက်သွားလေသည်။ ပန်းဟောဝန် ရပ်နေမိ၏။ ကိုအဂ္ဂကြီးအား တွေ့မြင်ရမှာထက် အမေနဲ့ ရင်ဆိုင်ရမှာ ပန်းဟောဝန် ထိတ်လန့်တုန်လှုပ်နေမိလေသည်။

ဘာမှစိုးရိမ်ထိတ်လန့်နေစရာ မလိုပါဘူး ပန်းဟောဝန်ရယ်၊ ညည်း ဒီကိုရောက်လာတာက ယုတ်မာကောက်ကျစ်တဲ့ အကြံတွေနဲ့မှ မဟုတ်တာပဲ၊ ဒေါ်မဟူရာရဲ့ မြေးကြီးကိုလည်း အရှုံးပေးဖို့ ဘယ်တော့မှ စိတ်မကူးပါဘူး။ မဟူရာစံအိမ်မိသားစုဝင်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အကောင်းရှင်းဆုံး နေပြရမယ်။ ဟောဝန်မှာလည်း အမွေရထားတဲ့ စည်းစိမ်ဉစ္စာတွေ အသင့်အတင့်တော့ ရှိပါတယ်လေ။

အခန်းဝမှာရပ်ပြီး စိတ်တွေကိုတင်းကာ တံခါးကို တွန်းကြည့်မိသည်။

"ကျွိ"

"ဟင်"

အခန်းတံခါးက ပွင့်သွားပြီး မိန်းမကြီးတစ်ယောက်နှင့် ရင်ဆိုင်တိုးလေသည်။

အမေလား။ မိန်းမကြီးရဲ့အသွင်က ညှိုးနွမ်းပိန်ချိနေပေမယ့် တစ်ချိန်ကတော့ ချောမောလှပသူဟု ဆိုနိုင်လေသည်။

"ဒေါက်တာလား ဝင်ပါ"

အသစ်ခန့်လိုက်တဲ့ ဆရာဝန်မလေးကို ဒေါ်ပန်းမြိုင် ကြည့်ပြီးရင်ထဲမှာ အထိတ်တလန့် ဖြစ်သွားရလေသည်။

ဒေါက်တာပန်းဟောဝန်ဟာ မိမိသမီးလေးများလား။ ပန်းဟောဝန် မိမိသမီးလေးနာမည်ပဲ။ မျက်နှာလေးကလည်း မိမိ ခင်ပွန်းဟောင်း ကိုသက်နောင်နှင့် ဆင်တူနေလေသည်။ ဘုရားရေ..





သမီးလေးပဲ၊ အမေရှိနေတယ်လို့ တစ်ယောက်ယောက်က ပြောလိုက်လို့ မဟုတ်ရာစံအိမ်ကြီးထဲ ရောက်လာတာလား။ တစ်ယောက်ကိုတစ်ယောက် မှင်သက်မိစွာ ကြည့်နေမိလေသည်။

"အန့်တီမြိုင် သူဘယ်သူလဲ၊ ဘာကိစ္စ ကျွန်တော့်အခန်းထဲ လာရတာလဲ"

အဂ္ဂကြီးကတော့ မိန်းမချောလေးတစ်ယောက် သူ့အနား လာမှာကို စိတ်ရှုပ်ထွေးစွာဖြင့် လေသံမာမာမေးလိုက်သည်။

"ဟောဝန်က ရှင့်ကို ပြုစုစောင့်ရှောက်ဖို့ ဘွားမဟူရာ အလုပ်ခန့်လိုက်တဲ့ ဆရာဝန်ပါ၊ ကျွန်မနာမည် ဒေါက်တာပန်းဟောဝန် ပါ"

"ဘာ"

ကိုအဂ္ဂကြီးရဲ့ အော်သံက ကျယ်လောင်သွားသဖြင့် ပန်းဟောဝန်ပင် အထိတ်တလန့် ဖြစ်သွားရလေသည်။

ဘယ်လိုလူလဲ၊ ကိုယ့်ကို ဆေးကုပေးမယ့် ဆရာဝန်ကိုပင် ဒေါသတကြီး တုံ့ပြန်နေ၏။

"မလိုဘူး၊ ငါ့ဆီမှာ အန့်တီမြိုင်ရှိရင် ရပြီ၊ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ အလုပ်ခန့်ရတာလဲ၊ ဘာဖြစ်လို့ ငါ့ရဲ့သဘောတူညီမှုကို မယူရတာလဲ''

မိန်းကလေးတစ်ယောက် သူ့အနားရောက်လာတာကို မလိုလားပေ။ မိန်းမတွေ သစ္စာမရှိတဲ့ မိန်းမတွေကို သူ မုန်းတီးနေမိသည်။

''မင်းပြန်ထွက်သွား၊ ငါ့အတွက် ဘာဆရာဝန်မှ မလိုဘူး၊ ငါ့ကို ကုပေးနေတဲ့ အထူးကုသမားတော်ကြီး ရှိတယ်၊ မင်း မလိုပါဘူး''

''ကျွန်မ ဒီမှာအလုပ်လုပ်ဖို့ တစ်နှစ်စာချုပ် ချုပ်ထားပါတယ်၊ ဘာပဲဖြစ်ဖြစ် ရှင့်လိုအပ်ချက်တွေကို ဆရာဝန်ကြီးမှာတဲ့အတိုင်း လုပ်ဆောင်ပေးရမှာပဲ ကိုအဂ္ဂကြီး''

''မလိုဘူး၊ ငါ့အတွက် ဘာမှမလိုဘူး၊ အန်တီမြိုင်ရှိတာပဲ၊ ငါ့အနားမှာ အန်တီမြိုင်ရှိနေရင် ပြီးတာပဲ''

''ကျွန်မကတော့ ကိုယ့်အလုပ်တာဝန်ကို ကိုယ်ကျေပွန်အောင် လုပ်ရမှာပဲ ကိုအဂ္ဂကြီး၊ ရှင့်အဘွားရဲ့ဆန္ဒပဲ၊ အသက်အရွယ်ကြီးရင့်နေတဲ့ ရှင့်အဘွားကို စိတ်ဒုက္ခရောက်အောင် မလုပ်ပါနဲ့နော်''





ပန်းဟောဝန်ကတော့ အမေ့ကို တွေ့နေရပြီဖြစ်၍ ရည်မှန်းချက် ပြည့်ဝသွားပြီ ဖြစ်လေသည်။ ကိုအဂ္ဂကြီးကိုလည်း ဟောဝန်သည်းခံဖို့ ဆုံးဖြတ်ထားသည်။

''ကျွန်မ ရှင့်အဘွားဆီကနေ ပိုက်ဆံယူထားပြီးပြီလေ၊ ကျွန်မတာဝန်ကို ကျွန်မ ယူရမှာပဲ၊ ဒီကအခေါ်လည်း ကျွန်မကို ကူညီပါနော်''

အမေ့မျက်ဝန်းတွေက သူမကို မှတ်မိနေသလိုပင် ထိတ်လန့်တုန်လှုပ်တဲ့ မျက်ဝန်းတွေနှင့် ကြည့်နေသည်။ ဟောဝန့်စိတ်ထဲ ကြေကွဲဝမ်းနည်းပြီး အမေ့ကို ဖက်တွယ်ငိုကြွေးပစ်လိုက်ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာရလေသည်။

''ဟုတ်ပါတယ် သားကြီးရယ်၊ မင်းအတွက် ဆရာဝန်တော့ လိုအပ်ပါတယ်ကွယ်၊ မင်းလက်ခံလိုက်ပါ၊ ဘွား အသက်ကြီးပါပြီ၊ ဘွား စီစဉ်ပေးတာကို မင်းလက်ခံပါကွယ်နော်''

ဒေါ်ပန်းမြိုင် ဖျောင်းဖျပြောဆိုလိုက်လေသည်။ သမီးမင်းဟာ အမေ့ရဲ့သမီး ပန်းဟောဝန်ပဲ၊ အမေသိတာပေါ့။ သမီးလေးဆေးတက္ကသိုလ်တက်နေတာလည်း မိမိသတင်းကြားထားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မမမြက ထိန်းသိမ်းစောင့်ရှောက်ထား၏။ ကောင်းကောင်း မွန်မွန် ချမ်းချမ်းသာသာနေရ၍ ဒေါ်ပန်းမြိုင် စိတ်အေးနေခဲ့ရ၏။ အခု သမီး ဘာလာလုပ်တာလဲ၊ မမမြ သေပြီလား။ အမေ့ကို တွေ့ချင်၍ သမီးလာတာပဲဖြစ်မယ်။

"ဒေါက်တာ ကျွန်မကို လိုအပ်တာရှိရင် ပြောပါနော်၊ အားမနာပါနဲ့၊ မကြာခင် ဆရာဝန်ကြီး ရောက်လာပါလိမ့်မယ်၊ အန်တီ့ကို သွားခွင့်ပြုပါဦး"

"အန်တီမြိုင် မသွားပါနဲ့၊ ကျွန်တော့်အနားမှာ နေစမ်းပါ၊ အန်တီမြိုင်ကလွဲပြီး ဘယ်သူမှ ကျွန်တော် စိတ်တိုင်းကျမှာ မဟုတ်ပါဘူး"

"သားကြီးရယ်...အန်တီမြိုင့်စကားကို နားထောင်ပါနော်၊ ဒီဆရာမလေးက ဘွားရွေးချယ်ထားတာပဲ၊ လက်ခံလိုက်ပါကွယ် နော်"

ကိုအဂ္ဂကြီးက အမေ့ကိုတော့ ချစ်ခင်လေးစားသားပဲ။ အမေ့စကားတွေကို နာခံနေသည်။

"ဒေါက်တာ လိုအပ်တာလုပ်ပေးပါနော်၊ သားကြီးက





နည်းနည်းတော့ ဒေါသကြီးတတ်ပါတယ်၊ ကျန်းမာရေးကြောင့်ပါ"

"ရပါတယ် အန်တီမြိုင်၊ ကိစ္စမရှိပါဘူး၊ ကျွန်မတာဝန်ကို ကျွန်မ ကျေပွန်အောင် ထမ်းဆောင်မှာပါ"

"ကောင်းပါပြီကွယ်၊ အန်တီ့ကို ခွင့်ပြုပါဦး"

"အန်တီမြိုင်"

"ဘာများလဲ သားကြီးရယ်"

"ကျွန်တော့်ကို ပြစ်မထားပါနဲ့၊ ဘွားစီစဉ်တာ ဖြစ်နေလို့ ကျွန်တော် ဒီဆရာဝန်မကို လက်ခံရတာပါ၊ ကျွန်တော့်အနား အန်တီမြိုင် မကြာခဏ လာပါနော်"

"အေးပါကွယ်...အန်တီမြိုင်က သားဆီကို အမြဲတမ်း လာမှာပါ"

အမေ ထွက်သွားလေသည်။

ကိုအဂ္ဂကြီးရဲ့အခန်းသည် နေချင့်စဖွယ် ပြောင်လက်နေ၏။ အမေ့ကို ဒေါ်မဟူရာက နည်းနည်းမှ အမြင်မကြည်လင်ပေ။ မဟူရာ့စံအိမ်ကြီးမှာ ရှိနေကြတဲ့ လူတွေအားလုံး မုန်းတီးကြသည်။ အမေ့မှာ အားကိုးရာမရှိလို့ နေထိုင်ရတာပဲ။ အခုတော့ ပျော့



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါပြီ။ အမေ့သမီး ဟောဝန်လေ၊ အမေ့မျက်ဝန်းတွေက ဟောဝန့်ကို သိနေသလိုပင်။

ဟောဝန် ရောက်လာပြီဆိုတော့ အမေ ဘာမှုအားငယ်နေစရာမလိုတော့ပါဘူးလေ။ လောလောဆယ်တော့ ဟောဝန် အလုပ်တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည်။

"ကိုအဂ္ဂကြီး"

သူက ငြိမ်သက်နေလေသည်။ သူ့ပုံစံက ရုပ်ရည်ခန့်ညား ချောမောနေပေမယ့် စိတ်ဓာတ်တွေ အကြီးအကျယ်ကျနေပုံပင်။ မျက်နှာပေါ်မှာလည်း မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေနှင့် ဖြူနုချောမောတဲ့ မျက်နှာအား ဖျက်ဆီးနေလေသည်။

သူ ငြိမ်သက်နေသည်။

ဟောဝန့်ပင်မကြည့်။ မျက်ဝန်းတွေက တင်းမာခက်ထန်နေ၏။ မိန်းမချောလေးတစ်ယောက်ကြောင့် ကိုအဂ္ဂကြီး ဒုက္ခိတဘဝရောက်ခဲ့ရတာတဲ့။ သူဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ဟောဝန့်နဲ့ မဆိုင်ပါဘူး။ စိတ်လည်း မဝင်စားပေ။ ဟောဝန်က အမေနဲ့ နီးကပ်စွာနေဖို့ အမေ့ကို မဟူရာစံအိမ်ကြီးထဲကနေ ခေါ်ထုတ်သွားဖို့ပါပဲ။





"ဆရာဝန်ကြီးလာတော့မယ် ထင်တယ်၊ ရှင့်ကို သန့်ရှင်းရေး လုပ်ပေးရမယ်နော်"

"ငါ့ကို အန်တီမြိုင်က အားလုံးလုပ်ပေးနေပြီ၊ မင်းလုပ်ပေးစရာမလိုဘူး၊ နောက်လည်း ငါ့ဝေယျာဝစ္စတွေ အန်တီမြိုင်ပဲ လုပ်ပေးလိမ့်မယ်"

ရှင်က ကျွန်မအမေကို ကျွန်လိုသဘောထားပြီး ခိုင်းစေနေတာ မဟုတ်လား။ အမေ ဘယ်လောက်အောက်ကျနေရလဲ၊ ရှင်တို့ သိပ်ရက်စက်တဲ့လူတွေပဲ။ အမေသက်သာအောင် အမေ့ ဝေယျာဝစ္စတွေ ဟောဝန် လုပ်ပေးဖို့ပဲ ဆုံးဖြတ်ထားမိသည်။

"ဒီနေ့ကစပြီး ရှင့်အခန်းသန့်ရှင်းရေးနဲ့ ရှင့်ဝေယျာဝစ္စတွေကို ကျွန်မပဲ လုပ်ပေးတော့မယ်"

"မင်း ဘယ်လိုမိန်းကလေးလဲ၊ ငါ ကြီးကြီးဒေဝီက ပြောတာတော့ မင်းဟာ ဆေးကုသခွင့်လက်မှတ်တောင် မရှိသေးဘူးဆို"

ကိုအဂ္ဂကြီးအသံတွေက တင်းမာခက်ထန်နေသည်။ ဒေါ်ဒေဝီက သူမအား မလိုလားကြောင်း ထင်ရှားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်မ ငွေလိုနေလို့ပဲ၊ ကျွန်မ ငွေအရမ်းခက်ခဲနေလို့ပါ၊ ကျွန်မအနေနဲ့ ရှင့်ကို ဆေးဝါးကုသမှု မပြုလုပ်နိုင်ပေမယ့် သူနာပြုတစ်ယောက်လိုတော့ ပြုစုစောင့်ရှောက်ပေးနိုင်ပါတယ်လေ"

"မင်းက ငါ့ကြီးကြီးဒေဝီပြောသလိုပဲ ငါ့ကို အပိုင်ချိုင်ဖို့"

"ဘာရှင့်"

"ဟွန်း...အဟွန်း...ဟွန်း...ဟွန်း"

ကိုအဂ္ဂကြီးသည် သူ့စကားတွေကို သဘောကျစွာ လှောင်ပြောင်ရယ်မောနေလေသည်။

ဒေါသတွေနှင့် ပေါက်ကွဲတော့မယ့် ဟောဝန့်စိတ်တွေကို ထိန်းချုပ်လိုက်ရလေသည်။ ကျွန်မအမေကြောင့် လာတာ၊ ကောက်ကျစ်ယုတ်မာမှုတွေနဲ့ ရှုပ်ထွေးနေတဲ့ ရှင်တို့ မဟာရာစ်အိမ်ကြီးထဲကနေ ကျွန်မအမေကို ခေါ်ထုတ်သွားဖို့ပဲ၊ ဝေးသေးတယ် ရှင့်လိုဒုက္ခိတတစ်ယောက်ကို ကျွန်မ ဘယ်တော့မှ လက်မထပ်ဘူး။





"ကျွန်မကို အထင်မသေးပါနဲ့၊ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားတွေက အချိန်ယူ စောင့်ကြည့်ပြီးမှ ပြောပါ၊ ရှင်ထင်ချင်သလို ထင်နိုင်တယ်၊ ကျွန်မကတော့ ကျွန်မအလုပ်တာဝန်တွေ ဆက်လုပ်ရမှာပဲလေ"

လေသံခပ်မာမာနှင့် ပြောပြီး ဟောဝန် လုပ်စရာရှိတာတွေ လုပ်နေမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

"မာမီ"

"ဟင်…နန္ဒာ"

"ဘွားမဟူရာက ဒီဒေါက်တာမကို အလုပ်ခန့်လိုက်တာ နန္ဒာ့အပေါ် အထင်သေးပြီး သူ့မြေးကြီးနဲ့ နီးစပ်သွားမှာစိုးလို့ပဲလေ၊ နန္ဒာ အရမ်းခံစားရတယ်၊ သူ့မြေးကို ဟိုဆရာဝန်နဲ့ နီးစပ်သွားစေချင်တဲ့ ဆန္ဒနဲ့ပဲဖြစ်မယ်"

နန္ဒာချို့စိတ်ထဲမှာ ဘွားမဟူရာအား နည်းနည်းမှ မကျေနပ်ပေ။ ဒီအဘွားကြီးက နန္ဒာချိုတို့သားအဖကို လက်မခံချင်ပေ။





"ဟုတ်တယ် ဒေဝီ၊ မင်းအမေက ကိုယ်တို့သားအဖကို လက်မခံချင်ဘူး၊ ကိုယ့်ကို သမက်အဖြစ် အသိအမှတ်မပြုတာပဲ၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ပေါ့၊ ဘာမဟုတ်တဲ့ သူစိမ်းတရံ ဆာကျတော့ ယုံကြည်တယ်၊ ဘုမသိဘမသိ ဆရာဝန်မဖြစ်တာနဲ့ မြေးအနား ခေါ်ထားတာပဲ၊ ငါတို့သားအဖကျတော့ မတူသလို မတန်သလို"

ဦးဘခက်ကလည်း ယောက္ခမဖြစ်သူကို နည်းနည်းမှ မကျေနပ်။ မိမိတို့သားအဖကို လက်မခံ၊ အသိအမှတ်လည်းမပြု၊ သမီးကြီးဒေဝီက အတင်းတွယ်ကပ်နေ၍သာ မဟူရာစံအိမ်ကြီးမှာ နေရပြီး အမြဲတမ်း ဒေါ်မဟူရာက မောင်းထုတ်နှင်ချနေလေသည်။

"မြေးတွေကိုပဲ အမွေတွေပေးနေတာ မတရားဘူးကွာ၊ ဒေဝီ မင်းက သမီးကြီးပဲ အခွင့်အရေး ဒီလောက်အထိနည်းရလား"

ဒေါ်ဒေဝီက ယောကျ်ားကို ငြိမ်ဝပ်ပိပြားနေအောင် ကြောက်ရသည်။ မေမေ မတရားဘူးဟုပဲ ထင်မိ၏။

"မင်းအမေ သေသွားရင် မင်းတူတွေဆီမှာ ကပ်နေလို့ ရမယ်ထင်လား ဒေဝီ၊ သူစိမ်းတွေဖက်လာရင် မလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါကြောင့် ဒေဝီက တူနှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ နန္ဒာကို နီးစပ်စေချင်တာ”

“အဲဒီကိစ္စလည်း မင်းအဘွားက ဟိုဆရာဝန်ကို တမင်ရွေးခေါ်လိုက်တာပဲ၊ ကိုယ့်သမီးနန္ဒာနဲ့ နီးစပ်မှာစိုးလို့ပဲမဟုတ်လား”

ဘာပဲဖြစ်ဖြစ် နန္ဒာက အင်္ဂကြီးအခန်းထဲဝင်ပြီး ပြုစုတာဖြစ်လဲ နန္ဒာလည်း ရောက်လာတာ မကြာသေးဘူးဆိုတော့ ခပ်ကုတ်ကုတ်နေရလေသည်။ မိထွေးကို ပိုင်ပေမဲ့ ဒေါ်မဟူရာဆိုတဲ့ အဘွားကြီးက တကယ့်ကို မလွယ်တာပဲ။ မျက်နှာထားကြီးကတင်းလို့၊ နန္ဒာတို့သားအဖအပေါ် အမြင်မကြည်လင်။

“ဒုက္ခိတအနား ကပ်နိုင်မှ အမွေတွေက ရမှာကွ၊ အငယ်ကောင် အင်္ဂငယ်ကလည်း သူရသင့်တဲ့အမွေတွေ အစ်ကိုကိုပဲ ပေးထားတယ်၊ ဒုက္ခိတကို အပိုင်ကိုင်နိုင်မှ တို့တွေ အဆင်ပြေမယ် ဒေဝီ”

“ဟုတ်ကဲ့ပါ၊ ဒေဝီ ကြိုးစားပါ့မယ်၊ လောလောဆယ် မေမေ့အကြိုက်တော့ နည်းနည်းလိုက်မှ ဖြစ်မယ်ထင်တယ် ကိုဘခက်၊ ထိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ်တယ်ဆိုတာ ရှင်ကြားဖူး





တယ် မဟုတ်လားလို့”

ဒေါ်ဒေဝီကလည်း မေမေ သဘောမကျတဲ့အလုပ်တွေကိုမှ လုပ်တတ်သည်။ အိမ်ထောင်တစ်ဆက်ကျတော့လည်း အရက်သမား၊ ဖဲသမား၊ လောင်းကစားသမား။ ယခု အိမ်ထောင်က အပျော်အပါးမက်သူ၊ ကလေးတစ်ယောက်အဖေ မေမေက မနှစ်သက်။ ဒေါ်ဒေဝီကလည်း ကိုဘခက်အား မလွန်ဆန်နိုင်ပေ။ ကွဲကွာသွားမှာစိုးရိမ်ပြီး ယောကျ်ားသဘောပဲ ဖြစ်နေရလေသည်။

“နန္ဒာ”

“ရှင် မာမီ”

“သမီး မအေ့နဲ့နော်၊ အင်္ဂကြီးနဲ့ အဆင်မပြေရင်တောင် အင်္ဂငယ်နဲ့ အဆင်ပြေအောင် နေထိုင်ရမယ်၊ အင်္ဂငယ်က စီးပွားရေးမှာတော့ အရမ်းအောင်မြင်နေတာကွဲ့”

“ဟွန်း…မာမီ့တူတွေက မျက်နှာကျောက အရမ်းတင်းနေကြတာပဲ၊ နန္ဒာ့ကိုတောင် အဖက်မတန်သလိုနဲ့”

“မာမီရှိပါတယ်၊ ဒီကောင်တွေကို မာမီပြောရမှာပဲ၊ နန္ဒာ ဘာမှ ဂရုစိုက်စရာမလိုပါဘူး၊ နန္ဒာလည်း မိန်းမချောလေးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေက ဟိုဆရာဝန်မလေးလို နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့မှ နှစ်သက်မယ်ထင်တယ်ကွယ်''

နန္ဒာကတော့ နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကပ်ထားမိလေသည်။ ဒုက္ခိတက သူ့ဒွေး၊ နန္ဒာတောင် မတွေ့သေးပေ။ ကိုအဂ္ဂငယ်ကိုတော့ နန္ဒာ စိတ်ဝင်စားမိလေသည်။ လူချော တစ်ယောက်ပဲ မဟုတ်လား။

မဟူရာစံအိမ်ကြီးကတော့ အဂ္ဂကြီးပိုင်တာတဲ့။ ဒုက္ခိတလည်း ဘာဖြစ်လဲ၊ ဒေါ်မဟူရာက ဆရာဝန်မကို တမင် သူ့မြေးကြီးနဲ့ နီးစပ်မှုရအောင် ရှာထားတာပဲ ဖြစ်မှာပါ။

''အရေးကြီးတာက မေမေပေးထားတဲ့ စီးပွားရေးလုပ်ငန်းမှာ ကိုဘခက် လွှမ်းမိုးထားနိုင်အောင် ကြိုးစားပါ''

''မင်းတူ အဂ္ဂငယ်က ကြီးကြပ်နေတော့ ကိုယ် ဘယ်လောက် အောက်ကျလဲ ဒေဝီ၊ မင်းအမေက စီးပွားရေးသာ လုပ်ခွင့်ပေးတာပဲ၊ ကြီးကြပ်တာက သူ့မြေးပဲ''

ယောက္ခမကြီး ဒေါ်မဟူရာအား ကိုဘခက် နည်းနည်းမှ မကျေနပ်ပေ။ မိမိတို့အပေါ် အမြဲတမ်း အထင်သေး၊ အမြင်သေး





နှင့် မျက်နှာထားက တင်းမာခက်ထန်နေလေသည်။

''ဒေဝီ''

''ရှင်''

''မင်းတူတစ်ယောက်နဲ့ နန္ဒာ နီးစပ်ဖို့တော့လိုမယ် ထင်တယ်နော်၊ ဒီမဟူရာစံအိမ်ကြီးကိုတော့ ဘယ်နည်းနဲ့မှ လက်လွှတ်ခံလို့မဖြစ်ဘူး''

''ဒေဝီ နားလည်ပါတယ်၊ နန္ဒာ အရေးကြီးတယ်၊ အဓိက အဂ္ဂကြီးပဲလေ၊ နန္ဒာ မအနေနော်၊ အခန်းထဲဝင်ပြီး ပြုစု၊ ဟိုဆရာဝန်မကို နေရာမပေးနဲ့ သိလား''

''ကိုအဂ္ဂကြီးက နန္ဒာ့ကို လက်ခံမလား''

နန္ဒာကတော့ အဂ္ဂကြီးထက် အဂ္ဂငယ်ကို ပို၍စိတ်ဝင်စားနေမိလေသည်။ လူချောလူခန့်တစ်ယောက်ပဲ မဟုတ်လား။ ဒုက္ခိတကြီးအား...

''ကိုယ့်သမီး မျက်နှာမငယ်ရအောင် မင်း လက်ဝတ်လက်စားတချို့တစ်ဝက် ထုတ်ပေးလိုက်လေ''

''ဟုတ်ကဲ့''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေဝီ မပေးချင်ပေမယ့် ယောက်ျားကို မလွန်ဆန်နိုင်၍ မိမိလက်ဝတ်လက်စားတွေ ထုတ်ပေးရလေသည်။

မေမေသိရင် ဘာပြောမလဲ၊ ယောက်ျားအလိုကို လိုက်လွှန်း၍လည်း မေမေက သဘောမကျပေ။ ကိုဘခက်က ဖြန်းသုံးလွှန်းလေသည်။

ကိုဘခက်သမီး လာနေတော့လည်း ဒေါ်ဒေဝီ မတားဆီးနိုင်ပေ။ ယောက်ျားအလိုကျပဲ လုပ်ဆောင်ပေးနေ၏။ လင်ပါသမီးကိုလည်း မိမိသမီးအရင်းကဲ့သို့ ချစ်ခင်ပြနေရသည်။ ကိုဘခက် စွန့်ပစ်သွားမှာကို အကြောက်ဆုံးပင် ဖြစ်နေ၏။

"ကိုယ့်သမီးလေးက မင်းသမီးပဲ ဒေဝီ၊ သမီးနဲ့မှာ ချမ်းသာမှ တို့မှီခိုအားထားရမှာကွ"

"ဟုတ်ကဲ့ပါ၊ ကျွန်မသိပါတယ်၊ ကျွန်မလည်း သမီးဒေဝီ ကောင်းစားရေးအတွက် ကြံစည်နေတာပဲ ကိုဘခက်ရယ်"

"အေးပါကွာ၊ သမီးနဲ့မှာ ကောင်းစားမှ တို့မှီခိုရမှာကွ၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်လေ၊ မင်းအမေက အလကားပဲ၊ သူ့မြေးတွေမှ သူ့မြေးတွေ၊ ချွေးမတို့ သမက်တို့ကျတော့ အရမ်းနှိမ်





ချင်တဲ့ အဘွားကြီး"

"မပန်းမြိုင်ကို နှိမ်ထားတာတော့ မေမေ မမှားပါဘူး၊ အစ်ကိုကို အမိဖမ်းလိုက်တာပဲ၊ လူပျိုကို ကလေးအမေက လင်ကြီးငုတ်တုတ်နဲ့"

ဒေါ်ဒေဝီလည်း အစ်ကို့မိန်းမကို နည်းနည်းမှ မကျေနပ်။ သဘောမတူပါဘူး။

"မင်းအစ်ကိုကလည်း လူရုပ်လူပွေဆို အခု မပန်းမြိုင်နဲ့ ရမှ ခြေငြိမ်သွားတာတဲ့"

"ဒီမိန်းမက အမိဖမ်းတာပါ"

အစ်ကိုကတော့ မပန်းမြိုင်နဲ့ ညားမှတော့ မရှုပ်မပွေတာ အမှန်ပါပဲ။ မေမေက သဘောမတူတော့ ဘာအမွေမှ မပေးဘူး။ အစ်ကိုကလည်း အမေ့ကို လုံးဝမဆန့်ကျင်ဘဲ နေရင်း ဘာမှမပြောဘူး။

မပန်းမြိုင်ကိုလည်း မေမေ့သဘောအတိုင်း ထားရာမှာနေစေရာကိုသွားစေတယ်လေ။

"မပန်းမြိုင်က မိန်းမချောပဲ၊ မင်းအစ်ကိုအပြစ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောဦး၊ မိန်းမချင်းတော့ ကိုယ်ချင်းစာသင့်တယ်''

ကိုဘခက်နဲ့ ဘာဆိုင်လို့လဲလို့ ပြောချင်ပေမယ့် မပြောရဲပေ။ ဒေါသတကြီး ပြဿနာရှာမှာ အကြောက်ဆုံးပင်။ မေမေ့အရိပ်မှာ မှီခိုနေရတာ မဟုတ်လား။ အစ်ကို့မိန်းမ မပန်းမြိုင်ကို ဒေဝီ့ယောကျ်ား ကိုဘခက်လည်း စိတ်ဝင်စားနေသည်။

ဒေဝီ မကျေနပ်ဆုံးပဲ။ သနားကမား ရုပ်ရည်နဲ့ တစ်အိမ်လုံး အလုပ်တွေ လုပ်နေတာရယ်၊ ဒုက္ခိတအနား ကပ်နေတာရယ်က အမြင်ကတ်စရာပင်။ အဂ္ဂကြီးက မပန်းမြိုင်မှ မပန်းမြိုင်ပဲ။ သင်းက အမေနေရာဝင်ယူနေတာကိုး။ အဒေါ်ကိုပင် အမြင်မကြည်လင်ပေ။

''ကိုယ်အလုပ်သွားတော့မယ် ဒေဝီ၊ သမီးလည်း ဒီမှာဘာမှ အားနာစရာမလိုဘူးနော်၊ ဒေဝီက သမီးအမေပဲ''

''ဟုတ်ကဲ့ပါ ဒက်ဒီ၊ မာမီက သမီးကို အရမ်းဂရုစိုက်ပါတယ်၊ မာမီက သမီးအမေပါပဲနော်''

နန္ဒာကလည်း မိထွေးဖြစ်သူကို အပိုင်ကပ်ထားလေသည်။ မိထွေးက ဒက်ဒီသြဇာ မလွန်ဆန်နိုင်မှန်း သိနေ၏။ ရသလောက်





ယူထားရမှာပဲ။

ဒက်ဒီ ထွက်သွားလေသည်။

''နန္ဒာ''

''ရှင်''

''ပျော်သလိုနေနော်၊ ဘာမှအားမနာနဲ့၊ အဂ္ဂကြီးအခန်းကိုသွားနော်''

''ဟုတ်ကဲ့ပါ''

''အဂ္ဂကြီးက အဓိကပဲလေ၊ အမွေတွေ အတော်များများကို အရယူထားတာပဲ''

''ဟုတ်ကဲ့ မာမီ၊ နန္ဒာ သဘောပေါက်ပါတယ်နော်၊ ဒီမဟူရာစံအိမ်ကြီးထဲကနေ မာမီတို့ ထွက်ခွာမသွားရေးကို နန္ဒာတာဝန်ထားပါ''

ဒေါ်မဟူရာက ဟိုဆရာဝန်မကို သူ့မြေးအတွက် ရွေးချယ်ထားတာတော့ မကျေနပ်မိပေ။ နန္ဒာ့အကြောင်း စောင့်ကြည့်လိုက်ဦးပေါ့ ဒေါ်မဟူရာရယ်။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ စေ့ကပ်ထား...



www.burmeseclassic.com

www.burmeseclassic.com



သည်။ မဟူရာစံအိမ်ကြီးထဲ နန္ဒာရောက်လာတာ တစ်လခန့်လောက်ပဲ ရှိသေး၏။ နန္ဒာသိရသလောက် ဒေါ်မဟူရာက မြေးတွေကိုပဲ အရေးတယူ ရှိနေသည်။

ကိုအဂ္ဂငယ် နန္ဒာ စိတ်ဝင်စားရဆုံးက ကိုအဂ္ဂငယ်ပဲ။

လူချောလူခန့်တစ်ယောက်ပဲ၊ နန္ဒာ စိတ်ဝင်စားနေမိလေသည်။ ဟိုဆရာဝန်မကိုတော့ အမြင်ကတ်မိသည်။ နန္ဒာလျှောက်မယ့်လမ်းမှာ ခလုတ်ကန်သင်းတစ်ခုပဲ။

နန္ဒာ အခန်းကို ပြန်လာတော့ လမ်းမှာ အိမ်တော်စိုးကြီးနှင့် တွေ့သည်။ ဒေါ်မဟူရာလိုပဲ မျက်နှာထားက တင်းမာနေလိုက်တာ၊ သိမယ် နန္ဒာ့အကြောင်း ကောင်းကောင်းကြီး သိစေရမယ်။

"နန္ဒာချို့ ဒေဝီရှိလား"

"ဟုတ်ကဲ့"

ရှင်ကြီးဘာသာ သွားကြည့်ပါလားဟု ပြောလိုက်ချင်ပေမယ့် နန္ဒာက ရောက်ကာစဆိုတော့ အသာငြိမ်ကုတ်နေရလေသည်။

"အိမ်တော်စိုးကြီး မနှင်းကြွေက မေမေ့လူယုံပဲနော် နန္ဒာ၊ မာမီတို့တောင် မလေးမစားမလုပ်ရဲဘူး"





မာမီက ပြောထား၍ နန္ဒာ ငြိမ်ကုတ်ပြီး အလိုက်သင့် ဖြေလိုက်မိသည်။

"မနက်စာကို လာမပို့နိုင်တော့ဘူး၊ ညည်းတို့အားလုံး စားသောက်ခန်းမှာပဲ လာစားကြပါ"

အိမ်မှာ အလုပ်သမားတွေ ရှိနေတာပဲဟာ၊ မာမီက မဟူရာစံအိမ်ကြီးမှာ သမီးကြီးဖြစ်ပြီး ဘာသြဇာအာဏာမှ မရှိဘူး။

နေရာတကာ အလုပ်သမားခေါင်းတစ်ယောက်ရဲ့ အမိန့်ကို နာခံနေရသည်။ အမြင်ကတ်လိုက်တာ။

"နန္ဒာချို့"

"ရှင်"

"ညည်းလေးလည်း မနက်စာ လာစားနော်၊ မသော် နေမကောင်းဘူး၊ လုပ်အားနည်းနေတယ်"

နန္ဒာ ဟုတ်ကဲ့ဟုပြောပြီး အခန်းထဲဝင်လာခဲ့မိသည်။

အိမ်တော်စိုးကြီး ဒေါ်နှင်းကြွေကို နည်းနည်းမှ မကျေနပ်ပေ။ ဆရာဝန်မကိုလည်း သင်းကြီးပဲ ခေါ်လာတာ မဟုတ်လား။

မဟူရာစံအိမ်ကြီးမှာ စိုးမိုးနေတဲ့ ဒီမိန်းမကြီးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ဒီကနေ မောင်းထုတ်ပစ်ရမှာပဲ။

နန္ဒာတစ်ယောက်တည်း တစ်လောကလုံးကို မကျေမနပ် ဖြစ်နေမိလေသည်။



## အခန်း (၇)

သမီးပန်းဟောဝန် ဒီကို ဘာလာလုပ်တာလဲ။ ဒေါက်တာပန်းဟောဝန်က မိမိရဲ့သမီးလေးပါ။ သူမဖခင် မိမိခင်ပွန်းဟောင်းကိုသက်ဝန်နဲ့ အရမ်းတူလွန်းနေလေသည်။

အမေ့ကို တွေ့ချင်လို့ သမီးလေးရောက်လာတာ မဟုတ်လား။ မမမြက ပြောလိုက်တာပဲ ဖြစ်မှာပါလေ။

မဖြစ်ပါဘူး၊ သမီးလေးကို ဒေါ်ပန်းမြိုင် မျက်နှာချင်း မဆိုင်ချင်ဘူး။ အမေအဖြစ်လည်း ဝန်မခံချင်ဘူး။ အမေ့မိုက်ပြစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အမေပါ ယောဝန်ရယ်။

သမီးလို မိန်းကလေးတစ်ယောက်ရဲ့ အမေလို့ အမေ ဘယ်တော့မှ ဝန်မခံဘူး။ ဂုဏ်သိက္ခာမဲ့ရလိမ့်မယ်။ မေမေ ဒေါ်မဟူရာက သူ့မြေးကြီးအဂ္ဂကြီးနဲ့ နီးစပ်စေချင်လို့ ပန်းယောဝန်ကို ရွေးချယ်ခေါ်ခဲ့တာပဲ။

ဒေါ်မဟူရာက အမေ့ကို အရမ်းအထင်သေး မုန်းတီးနေတာပဲ သမီးရယ်။ အမေ့ဘဝနဲ့ အမေပဲ ရှိပါစေတော့။

"မင်း ကိုယ့်ကိုပြစ်ပြီး ဒီကနေ ထွက်မသွားပါနဲ့၊ မေမေ အသက်ကြီးပါပြီ၊ သည်းခံလိုက်ပါ မြိုင်ရယ်နော်"

မြိုင်လည်း ယောကျ်ားကို တစ်ယောက်ပြီးတစ်ယောက် မပြောင်းလိုတော့ပေ။ ကံကြမ္မာပဲလား၊ ဒေါ်မဟူရာနှင့် မိသားစုဝင်တွေ နှိပ်စက်ညှင်းပန်းပါစေ ဒေါ်ပန်းမြိုင် နေခဲ့လေသည်။ ကိုမောင်မောင်တင်က မိမိကို ဖွတ်အတင်းပင် လက်ထပ်ခဲ့သည်။

"ကျွန်မဘဝကို မဖျက်ဆီးပါနဲ့၊ ရှင့်နောက်ကို မလိုက်ပါရစေနဲ့၊ ကျွန်မမိသားစုကို မခွဲနိုင်ဘူး"

ကိုမောင်မောင်တင်က ဖွတ်အတင်းပင် မိမိအား လက်ထပ်





ယူသည်။

"မင်းကို ငါဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး"

ကိုမောင်မောင်တင်နဲ့ မပန်းမြိုင်ကလည်း နီးစပ်မှုရှိသွားရသည်။ မိမိမှားတာပဲ၊ စိတ်မနိုင်တာပဲ။ ခင်ပွန်းနှင့်သမီးအပေါ် သစ္စာမဲ့မိလေသည်။ သမီးရောက်လာတာက မိမိကိုတွေ့ချင်လို့ပဲနေမှာပါ။ မဖြစ်ဘူး သမီးကို ပြန်နိုင်းမှပဲ၊ မဟူရာစံအိမ်ကြီးက ရှုပ်ထွေးပါတယ်၊ ဒေါ်မဟူရာက မိမိကို အရမ်းမုန်းနေသည်။

"အမေဟာ သမီးအမေအဖြစ် မခံယူထိုက်ပါဘူးကွယ်၊ အမေ့သမီးလို့ မပြောနိုင်ဘူး၊ အမေ ဝန်မခံပါရစေနဲ့ကွယ်"

ဒေါ်ပန်းမြိုင် ဆုံးဖြတ်ချက်ချထားပြီးသား ဖြစ်လေသည်။

ပန်းယောဝန်ကို မိမိသမီးဟု ဘယ်တော့မှ ဝန်မခံနိုင်ပါဘူး။

"အမေက နာမည်ဆိုးတွေနဲ့ မဟူရာစံအိမ်ကြီးထဲမှာ ရပ်တည်နေရတာပါကွယ်၊ အစေအပါးသာသာပါ၊ အနှိမ်ခံဘဝပါ နော်"

ဒေါ်ပန်းမြိုင်ရဲ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး ပန်းပေါဝန်အား ငယ်ရွယ်စဉ်မှာပင် ဖခင်နှင့် စွန့်ပစ်ထားခဲ့ပြီး နောက်ယောက်ျားနောက် ကောက်ကောက်ပါအောင် လိုက်ခဲ့တဲ့ အမေပါ။

"အမေလည်း မှားခဲ့တာပါပဲ သမီးရယ်၊ ရိုးအချွန်းကဲ့ သမီးအဖေအပေါ် အနိုင်ယူရင်း အခေထင်ရာစိုင်းခဲ့မိတာပဲ။ အမေ သစ္စာမဲ့ခဲ့တာပါ၊ ရက်စက်ခဲ့တာပါ၊ သမီးလေးဟာ အမေ့သမီး မဖြစ်ထိုက်ပါဘူး"

နာမည်ပျက်နှင့် လူ့ဘဝမှာ ရပ်တည်နေခဲ့သည်။

"မပန်းမြိုင်"

"ဟင်"

"မင်း ဘာဖြစ်လို့ မျက်ရည်ကျနေရတာလဲ၊ ငါ့အမေ စိတ်ချမ်းသာအောင် သည်းခံပြီး နေပါလို့ ငါပြောထားတယ်မဟုတ်လား"

ဦးမောင်မောင်တင်ကလည်း မပန်းမြိုင်ကို အရှုံးအမူးစွဲ လမ်းပြီး လက်ထပ်ယူခဲ့ပေမယ့် ကြာတော့လည်း ငြီးငွေ့လာရပြီး အပျော်ရှာချင်ပေမယ့် ဒီမိန်းမက ပေကပ်ကပ်၊ ဦးမောင်မောင်တင်





ခက်နေ၏။

"မပန်းမြိုင်"

"ရှင်"

"မင်း စိတ်သောကတွေ ရောက်ရရင်လည်း ဒီကနေ ထွက်သွားပါတော့လား မပန်းမြိုင်၊ မင်း ပေကပ်ပြီး မနေသင့်တော့ပါဘူး"

ဒေါ်ပန်းမြိုင် ပေကပ်နေတာက သားအဂ္ဂကြီးကြောင့်ပါ။ ယောက်ျားဖြစ်သူက ရက်စက်ပေမယ့် အဂ္ဂကြီးအား ဒေါ်ပန်းမြိုင် မစွန့်လွှတ်နိုင်ပေ။ သားအရင်းကဲ့သို့ သံယောဇဉ်တွယ်မိနေသည်။

"မင်း ဒီမှာနေချင်တယ်ဆိုရင် ငါ့အမေစိတ်ချမ်းသာမှုကို တော့ ပေးစွမ်းရမှာပဲ မပန်းမြိုင်"

ရှင်ဟာ တော်တော်လေးရက်စက်တဲ့ ယောက်ျား တစ်ယောက်ပဲ၊ ကျွန်မအမှားနဲ့ ကျွန်မဖြစ်နေလို့ ကျွန်မပေးဆပ်တော့ မယ်။

မိမိ မဟူရာစံအိမ်ကြီးထဲရောက်စမှာပင် ဒေါ်မဟူရာက နာကြည်းမုန်းတီးစွာဖြင့် နှိပ်စက်ညှင်းပန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းက ကျုပ်သားကို မြူဆွယ်ဖြားယောင်းပြီး လက်ထပ်ယူလိုက်တာပဲ၊ အကျင့်ပျက်တဲ့ မိန်းမ၊ ကိုယ်ကျင့်တရားမကောင်းတဲ့မိန်းမ၊ ငါ့သားဘဝတစ်ခုလုံးကို ညည်းရိုက်ချိုးဖျက်ဆီးပစ်လိုက်တာပဲ"

ဒေါ်မဟူရာက မိမိအား အမြဲတမ်း ညှင်းပန်းနှိပ်စက်ဖို့ပဲ ကြံစည်နေလေသည်။

"ငါ့အမေက မိဘဆိုတော့ မင်းလိုမိန်းမတစ်ယောက်နဲ့ ဘယ်လက်ထပ်စေချင်ပါ့မလဲ၊ အမေစိတ်ကျေနပ်တဲ့အထိ မင်းနေထိုင်ပြုမူပါ"

ကိုမောင်မောင်တင်သည် မိမိအပေါ် တဖြည်းဖြည်းရက်စက်လာလေသည်။ အကြင်နာမဲ့လာရ၏။ မိမိအပေါ် ဖေးမကူညီတာက ဒေါ်မဟူရာရဲ့ မြေးအကြီး အဂ္ဂကြီးနှင့် အဂ္ဂငယ်ပါပဲ။ ဒီကလေးနှစ်ယောက်ကိုတော့ ဒေါ်ပန်းမြိုင် သံယောဇဉ် တွယ်မိသည်။

ပထမတော့ မဟူရာစံအိမ်ကြီးထဲကနေ မိမိထွက်သွားဖို့ ကြံစည်မိသေးသည်။ မိမိမှာ ပြေးစရာမြေမရှိတဲ့အပြင် အဂ္ဂကြီးက





လည်း ဒုက္ခိတဖြစ်သွားရ၏။ မိမိဘယ်လိုမှ မရက်စက်နိုင်တော့ပေ။

"ဒေါ်လေးမြိုင် ကျွန်တော့်အနားမှာနေပါ၊ ဘယ်မှမသွားပါနဲ့၊ ဒေါ်လေးမြိုင်လို ကြင်နာသနားတတ်တဲ့ မိခင်တစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ နေပါရစေ"

အဂ္ဂကြီးအတွက် ဒေါ်ပန်းမြိုင် မဟူရာစံအိမ်ကြီးထဲမှာ ဆက်ပြီး နေခဲ့ရသည်။ ကိုမောင်မောင်တင်က ဆက်ပြီး ရှုပ်ပွေနေဆဲပင်။ မတတ်နိုင်ဘူးလေ၊ မပန်းမြိုင်ရဲ့ ဘဝပါပဲ။ မိမိမိုက်မဲမှုတွေအတွက် မိမိပေးဆပ်ဖို့ပဲ ရှိလေသည်။

သမီးလေး အမေ့ကိုလာပြီး ရှာတာပဲ မဟုတ်လား၊ မမပြောပြလိုက်တာပဲ ဖြစ်မှာပါလေ။

"မြိုင်"

"ရှင်"

"အဂ္ဂကြီးကို ပြုစုစောင့်ရှောက်မယ့် ဆရာဝန်မလေးက မဆိုးဘူးနော်"

ကိုမောင်မောင်တင်ကတော့ ဆက်ပြီး ရှုပ်ပွေနေဆဲပင်။ မတတ်နိုင်ဘူးလေ၊ မိမိမိုက်မဲမှုပဲ၊ သစ္စာရှိပြီး ရိုးသားတဲ့ ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



အပေါ် မိမိသစ္စာဖောက်ခဲ့မိသည်။

"အမေကတော့ သူ့မြေးအဂ္ဂကြီးအတွက် ရည်မှန်းထားတာပဲ"

ပန်းဟောဝန်က ကျွန်မသမီးလေးပါ၊ ရှင့်အမေသာ သိသွားရင် လက်ခံနိုင်မှာ မဟုတ်ပါဘူး၊ သမီးကို အဂ္ဂကြီးနဲ့ မဟူရာစံအိမ်ကြီးထဲက ထွက်ခွာသွားအောင် ဘယ်လိုလုပ်ရမလဲ။

မဟူရာစံအိမ်ကြီးမှာ နေကြတဲ့ ကိုဘခက်နဲ့ ကိုမောင်မောင်တင်တို့ နှစ်ယောက်လုံးက အကျင့်မကောင်းကြဘူး။

"ဒေါက်ဘာပန်းဟောဝန်က မင်းငယ်ငယ်ကနဲ့ တူသလိုပဲ မြိုင်၊ မင်းသမီးလေးသာ သေမသွားရင် ပန်းဟောဝန်ကို မင်းသမီးလို့ ထင်ရမယ်"

ကိုမောင်မောင်တင်အား မိမိသမီးလေး သေဆုံးသွားပြီဟု ပြောထားခဲ့မိသည်။ ဇာတ်လမ်းကို အစဖျောက်လိုက်ခြင်းပင် ဖြစ်လေသည်။

"ပန်းဟောဝန်က အဂ္ဂကြီးအတွက်ပဲဆိုတော့ ငါချမ်းသာပေးလိုက်ပါ့မယ်လေ"





ကိုမောင်မောင်တင်ဟာ မပန်းမြိုင်အတွက်ကတော့ နာကြည်းစရာအကောင်းဆုံး ယောကျာ်းတစ်ယောက်ပါပဲ၊ မိမိကို အတင်းအကြပ် လက်ထပ်ယူခဲ့ပြီး အချိန်ကြာလာတာနှင့်အမျှ အကြင်နာတရားကင်းမဲ့စွာ ညှဉ်းပန်းနှိပ်စက်နေလေသည်။

"ကျွန်မသမီးကို စော်ကားရင်တော့ ရှင့်ကို အရှင်မထားတော့ဘူး၊ ကျွန်မကိုယ်တိုင် သတ်ပစ်မယ်"

ဒေါ်ပန်းမြိုင်စိတ်ထဲကနေ ကြိမ်းဝါးနေမိလေသည်။ ရင်ထဲမှာ နာကျင်တဲ့ ဝေဒနာတွေ ပြင်းပြစွာ ခံစားနေရ၏။

"မပန်းမြိုင် မင်းလည်း ဒီကနေ ထွက်သွားချင်ရင် ထွက်သွားနိုင်တယ်နော်၊ ငါကတော့ မင်းကို မောင်းမထုတ်ပါဘူး၊ ဒါပေမဲ့ ငါ နေတတ်သလို နေချင်တယ်၊ မင်းလည်း နစ်နာပါတယ်ဆိုရင် ထွက်သွားနိုင့်တယ်"

ကိုမောင်မောင်တင်နှင့်မိမိ အတူမနေကြတာ ကြာပြီပဲ၊ မိန်းမဆိုတဲ့အမည်ပဲ ခံယူထားပြီး အပစ်ပယ်ခံဘဝနှင့် နေခဲ့ရလေသည်။

အဂ္ဂကြီးက မိမိအား ချစ်ခင်လွန်း၍ ဒေါ်မဟူရာက



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့ ပျော့ပျောင်းသွားလေသည်။

သမီးရယ် အမေ့ကို သမီးအမေဆိုတာ သိသွားရင် သမီးလေး ဂုဏ်သိက္ခာတွေ ကျဆင်းရမှာပါ၊ အမေဟာ သမီးလေးရဲ့ အမေအဖြစ် မခံယူထိုက်လို့ပါနော်။

ဒေါ်ပန်းမြိုင် နာကျင်ကြေကွဲစွာဖြင့် မျက်ရည်တွေ တပေါက်ပေါက်လိမ့်ဆင်းလာကြလေသည်။



# အခန်း (၈)

အဂ္ဂကြီးကတော့ ဒေါက်တာပန်းဟေဝန်အား ဘွားဆန္ဒကြောင့်သာ လက်ခံလိုက်ရခြင်း ဖြစ်လေသည်။ မိန်းမချောလေးတွေကို အဂ္ဂကြီးမုန်းတီးနာကျင်နေမိလေသည်။

အိသည် သူ့အပေါ် သစ္စာမဲ့သွားတဲ့ မိန်းမချောလေး ဖြစ်သည်။ သူ့ကို ထားခဲ့ပြီး နောက်တစ်ယောက်နှင့် ပေါ်ပေါ်တင်တင်ပဲ တွဲသွားခဲ့သည်။

အဂ္ဂကြီး အရက်တွေ သောက်ပြီး စိတ်သောကတွေရှော



www.burmeseclassic.com

www.burmeseclassic.com



အရှက်သိက္ခာမဲ့ခဲ့ရမှုတွေရော အားလုံး စုပြုံခံစားရကာ နောက်ဆုံး ဒုက္ခိတဘဝရောက်ရလေသည်။

ဒေါ်လေးမြိုင်က အဂ္ဂကြီး အနှစ်သက်ဆုံး မိန်းမ တစ်ယောက်ပဲ။

"ဒေါ်လေးမြိုင်ကမှ ပိုပြီး အကျင့်သိက္ခာမဲ့တဲ့ မိန်းမတစ်ယောက်ပါ အဂ္ဂကြီးရယ်၊ ဒီလိုပါပဲ ဘဝဆိုတာ ကိုယ်ဖြစ်ချင်တိုင်း မဖြစ်ပါဘူး"

ဒေါ်လေးမြိုင်ကတော့ သူတို့ငယ်စဉ်လေးထဲက မဟူရာစံအိမ်ကြီးထဲ ရောက်လာပြီး ပြုစုယုယပေး၍ အထင်မသေးတဲ့အပြင် မိခင်တစ်ယောက်ကဲ့သို့ပင် သံယောဇဉ်တွယ်နေမိလေသည်။

"သားဒေါသတွေ ပေါက်ကွဲနေရင် သားဘဝပဲ ဒုက္ခပင်လယ်ဝေရမှာလေ၊ ဘွား အသက်ကြီးပါပြီကွယ်၊ ဘွားစိတ်ချမ်းသာပါစေ"

ဒေါ်လေးမြိုင်ကတော့ စိတ်သဘောထားဖြူစင်ပြီး အနှစ်နာခံတတ်တဲ့ မိန်းမတစ်ယောက်ဖြစ်လေသည်။ မိန်းမတွေနှင့် ပတ်သက်လာလျှင် ဒေါ်လေးမြိုင်တစ်ယောက်ပဲ လေးစားနှစ်သက်





မိပြီး တခြားမိန်းမတွေကိုတော့ ရွံရှာမုန်းတီးမိလေသည်။

ဒေါက်တာယန်းယောဝန် မင်း ဘာကြောင့် မင်းအခွင့်အရေးတွေကို စွန့်လွှတ်ပြီး လာရတာလဲ၊ ငွေကြောင့်လား၊ မင်းမရိုးသားနိုင်ဘူး၊ မဟူရာစံအိမ်ကြီးကို လာတာ အကြံအစည်တစ်ခုခုတော့ ရှိမှာပဲ။

"ကိုအဂ္ဂကြီး"

ယန်းယောဝန်ကတော့ သူမလုပ်စရာရှိတာတွေကို ဘာမှ ဂရုမစိုက်ဘဲ လုပ်ဆောင်နေလေသည်။

"ရှင့်ကို ကျွန်မ သန့်ရှင်းရေးလုပ်ပေးမယ်"

"မင်းလုပ်ပေးစရာမလိုပါဘူး၊ ငါ့ကို ဒေါ်လေးမြိုင်လုပ်ပေးလိမ့်မယ်"

"ကျွန်မတာဝန်ပဲလေ၊ ရှင့်အဘွားက ဒီတာဝန်တွေအားလုံးကို လုပ်ပေးရမယ်တဲ့၊ ကျွန်မ ရှင့်အဘွားဆီက ပိုက်ဆံယူထားတာပဲ"

"မင်းထွက်သွားစမ်း၊ မင်း ဒီကို ဘာအကြံအစည်တွေနဲ့ ရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုပြုစုဖို့လေ၊ ကျွန်မ ငွေလိုနေလို့ပေါ့၊ အကြွေးတွေ ရှိနေတော့ ပုဂ္ဂလိကအလုပ်ပဲ ကျွန်မရွေးချယ်လိုက်တာပေါ့"

"မင်း တော်တော်ငွေမက်တဲ့ မိန်းမပဲ"

"ငွေမက်တာမဟုတ်ပါဘူး၊ ငွေလိုလို့ပါ၊ ဘယ်သူက ရှင့်အနားမှာ လာပြီး အလုပ်လုပ်ချင်မှာလဲ၊ ကျွန်မငွေလိုနေလို့ပါ မဖြစ်မနေ ဒီအလုပ်ကို လုပ်ရတာပါ"

ကျွန်မအမေကြောင့် ကျွန်မ ဒီအလုပ်လက်ခံတာပါ။ အမေသည် သူမအား ခပ်ရှောင်ရှောင်နေလေသည်။ ကိုအဂ္ဂကြီး အခန်းပင် မလာတော့၊ ညှိုးနွမ်းနေချာနေတဲ့ အမေ့ပုံကိုကြည့်ပြီး ဟေဝန်စိတ်မကောင်း ဖြစ်ရသည်။

မဟူရာစံအိမ်ကြီးထဲကနေ အမေ့ကို ခေါ်ပြီး ထွက်သွားချင်မိ၏။ အမေက ရှောင်နေသည်။ ဟေဝန့်ကို အမေ့သမီးဆိုတာ မသိလို့လားဟင်။

"ကျွန်မအလုပ်တာဝန်တွေကို ကျွန်မလုပ်ပါရစေနော်၊ ရှင့်ကို တောင်းပန်ပါတယ်၊ ကျွန်မရဲ့ အလုပ်တာဝန် ဖြစ်နေလို့ပါ"

ဟေဝန် ကိုအဂ္ဂကြီးအား အနူးအညွတ်တောင်းပန်နေမိလေ





သည်။ မဟူရာစံအိမ်ကြီးထဲမှာ ဟေဝန်နေခွင့်ရဖို့ လိုအပ်နေတာပဲ မဟုတ်လား။

"မင်းကို ငါမယုံဘူး ပန်းဟေဝန်"

"ဘွားမဟူရာကတော့ ကျွန်မကို ယုံကြည်သေးတာပဲ၊ ရှင်က ဘာဖြစ်လို့ မယုံကြည်ရတာလဲဟင်"

ဟေဝန့်မျက်ဝန်းတွေက ကိုအဂ္ဂကြီးအား တောင်းပန်တိုးလျှိုးနေလေသည်။ အဂ္ဂကြီးလည်း မိန်းကလေးတွေနှင့် ကင်းရှင်းအောင်နေချင်သည်။ ဘွားက အတင်းအကျပ်စီစဉ်တာမျိုးဆိုတော့ သူ စိတ်ညစ်မိနေ၏။

"ငါ့အနားမှာ မင်းရှိနေတာ ငါအရမ်းစိတ်ညစ်ရတယ်၊ စိတ်တွေလည်း မွန်းကြပ်တယ်၊ မင်းထွက်သွားပါ၊ အခုချက်ချင်း ထွက်သွားစမ်းပါ ပန်းဟေဝန်"

"မသွားနိုင်ဘူး"

ပန်းဟေဝန်ရှိနေသည့်အတွက် အိဆိုတဲ့ ချစ်သူဟောင်းကို သတိရပြီး ဒေါသတွေ ပေါက်ကွဲရသည်။ ရင်ထဲမှာ မွန်းကြပ်နာကျင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့အနားမှာ မနေပါနဲ့၊ ငါ ဒေါ်လေးမြိုင်နဲ့ပဲ နေချင်တယ်၊ မင်းရှိနေလို့ ငါ့စိတ်တွေ အရမ်းမွန်းကြပ်နေလို့ပါ"

အဋ္ဌကြီးဘဝမှာ မိန်းမချောလေးတွေနှင့် မပတ်သက်ချင်တော့ပေ။

သစ္စာမဲ့တဲ့ မိန်းမတွေ၊ သူ့ဘဝကြီးတစ်ခုလုံးကို ဖျက်ဆီးခဲ့တာပဲ၊ ဘုရားက ဘာဖြစ်လို့များ ဒီလိုမိန်းလေးတစ်ယောက်ကို သူ့အနားမှာ လာထားရတာလဲ။

"ကျွန်မသန့်ရှင်းရေးလုပ်ပေးမယ်၊ ကျွန်မတာဝန်အရပါ၊ ရှင့်အဘွားစကားကိုပဲ ကျွန်မ နာခံရမှာပဲ"

ဟောဝန်ကတော့ ဖွတ်အတင်းပင် သူမလုပ်စရာရှိတာကို လုပ်ပေးနေမိလေသည်။

"ဟယ် ...တူကြီးကို သန့်ရှင်းရေးလုပ်ပေးဖို့ မပန်းမြိုင် ဘယ်ရောက်သွားလဲ၊ ဒေါက်တာလုပ်ပေးတာ မသင့်တော်ပါဘူး၊ ဖယ်ပါ အန်တီဒေဝီလုပ်ပေးမယ်"

ဒေါ်ဒေဝီနှင့်အတူ နန္ဒာချိုလည်း ရောက်လာသည်။ ဒီသားအမိနှစ်ယောက်က ပန်းဟောဝန်အား မလိုလားကြောင်း သိနေလေသည်။





"နန္ဒာ သမီးအစ်ကိုကြီး အိပ်ရာကို ရှင်းစမ်း၊ အန်တီဒေဝီလည်း ကိုယ့်တူကြီးကို ပစ်ထားသလို ဖြစ်နေတာပဲ၊ ဒေါက်တာအနားယူပါ၊ အခန်းသန့်ရှင်းရေးနဲ့ တူကြီးသန့်ရှင်းရေးကတော့ အန်တီဒေဝီလုပ်လိုက်ပါ့မယ်၊ ဒေါက်တာအခန်းပြန်ပြီး နားပါ"

ဒေါ်ဒေဝီက မိမိအား ပ,ထုတ်နေတာ ဖြစ်ကြောင်း သိလေသည်။ ပေကပ်နေရင်လည်း မကောင်းသဖြင့် ဟောဝန်ပြန်ထွက်လာခဲ့ရ၏။

အောက်ထပ်ကို အလောတကြီးနှင့် ပြန်ဆင်းလာတဲ့ အချိန်အတွင်း ကိုအဠ္ဌယ်ဆိုတဲ့ လူနှင့် ဝင်တိုက်မိလေတော့သည်။

"အင့်"

"အို"

"ဟာ"

"ဟင်"

ဒေါက်တာပန်းဟောဝန်ရဲ့ ကိုယ်လေးက သူ့ရင်ခွင်ထဲသို့ ရှတ်တရက် ပြိုလဲကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်မထိန်းနိုင်တော့သဖြင့် ဖက်မိဖက်ရာကို ဖက်တွယ်ထားလိုက်ရတော့၏။

"အမလေး"

"ဟာ"

အဂ္ဂငယ်လည်း သူ့ရင်ခွင်ထဲသို့ ပြိုလဲကျလာတဲ့ ကိုယ်လုံးလေးကို ရမ်းပြီး သိမ်းထားလိုက်ရတော့သည်။

ကိုယ်လုံးအိအိလေးအား သူ့လက်သန်သန်ကြီးတွေက တင်းကျပ်စွာ ပွေ့ဖက်ထားမိလျက်သား ဖြစ်နေလေတော့၏။

ချိုအီသနပ်ခါးရနံ့လေးက သူ့အသိအာရုံထဲသို့ တိုးဝင်လာ၏။ တစ်ဒင်္ဂအသိမဲ့သွားသလို ကိုယ်လုံးလေးအား သိမ်းကြုံးပွေ့ဖက်ထားမိလိုက်သည်။

"အို"

"ဟင်"

သူမက အတင်းရုန်းဖယ်လိုက်မှုကြောင့် အသိတွေ ဝင်လာလေသည်။

"အို လွှတ်ပါ၊ ရှင်က ဘာဖြစ်လို့ ဒီလောက်တောင်





ဖက်ထားရတာလဲ"

အဂ္ဂငယ် အသိဝင်လာပြီး ကယောင်ကတမ်းနှင့် လွှတ်ပေးလိုက်ရလေသည်။

"ဟင်...ဒေါက်တာ"

"ရှင်...ရှင်"

"တောင်းပန်ပါတယ်ဗျာ၊ ဒေါက်တာဘာဖြစ်လို့ ကိုကို့အခန်းထဲကနေ အလောတကြီး ဆင်းလာခဲ့ရတာလဲ"

"အို...ဘာမှမဟုတ်ပါဘူး၊ အန်တီဒေဝီတို့ ရောက်လာလို့ ကျွန်မအနှောင့်အယှက်မဖြစ်ချင်လို့ပါ ကျွန်မ သွားတော့မယ်"

ပန်းဟောဝန်တစ်ကိုယ်လုံး ပူထူပြီး ရှက်ရှက်နှင့် သူ့အနားကနေ အမြန်ဆုံး လှည့်ထွက်လာခဲ့ရလေသည်။

အဂ္ဂငယ်လည်း ကသောကမျော ထွက်ပြေးသွားတဲ့ ဒေါက်တာပန်းဟောဝန်ရဲ့ နောက်ကျောပြင်လေးကို ကြည့်ပြီး အသက်ရှူကြပ်သွားရသလိုပင်။

ကိုယ်လုံးအိအိလေးကို ပွေ့ဖက်လိုက်ရတဲ့ အထိအတွေ့က ရင်ခုန်လှိုက်ခါနေဆဲ ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချိုအီအီကိုယ်သင်းရနံ့လေးရယ်၊ လုပချော့မွတ်နေတဲ့ မျက်နှာလှလှလေးရယ်ကိုတော့ မေ့ပျောက်ပစ်လို့ မရဘဲ၊ စွဲလမ်းနှစ်သက်သွားရလေတော့သည်။

ဒေါက်တာပန်းဟောဝန် မင်းအရမ်းချစ်စရာကောင်းပြီး ချောမောလှပလွန်းတဲ့ မိန်းကလေးတစ်ယောက်ပါပဲလား။

"ဘွားကတော့ အမှန်အတိုင်း ဝန်ခံရရင် ဒေါက်တာပန်းဟောဝန်ကို မြေးကြီးအတွက်ပဲ ရည်မှန်းထားတယ်လေ၊ မြေးကြီးအပေါ် အကြင်နာတွေနဲ့ ပြုစုယုယပေးနိုင်မယ့် ဇနီးမယားတစ်ယောက်တော့ လိုအပ်တယ် မြေးငယ်ရဲ့"

ဘွားက ဒေါက်တာပန်းဟောဝန်ကို ယုံကြည်အားကိုးနေသည်။ မြေးကြီးအတွက် ဘွားအိမ်ထောင်ဖက် ရှာနေတာကြာပြီဖြစ်လေသည်။

"ဘွားက ဒေါက်တာပန်းဟောဝန်ကို ယုံကြည်အားကိုးနေတာလား၊ ကိုကို ဒီအတိုင်းနေတာကောင်းပါတယ်ဗျာ"

"မဖြစ်ဘူး၊ ဘွားသိနေတယ်၊ လုံးဝမဖြစ်လို့ပဲ မြေးငယ်၊ မြေးကြီးရဲ့ အိမ်ထောင်ဖက်ကိုတော့ ဘွားရှာမှ ဖြစ်မယ်၊ ဒေါက်တာ





ပန်းဟောဝန်ကိုတော့ ဘွားရဲ့ လူယုံတော်ကြီး ဒေါ်နှင်းကြွေက စောင့်ကြည့်ပြီး အပြည့်အဝထောက်ခံထားတယ်လေ"

ကိုကို့အတွက် ရည်မှန်းထားတဲ့ မိန်းကလေးဖြစ်နေလေသည်။ အဂ္ဂငယ်စိတ်ကူးနဲ့တောင် မပြစ်မှားသင့်ပါဘူး။

လွှတ်ထွက်နေတဲ့ စိတ်တွေကို ထိန်းချုပ်လိုက်ပြီး ကိုကိုအခန်းထဲ ဝင်လာခဲ့လေသည်။

ကိုကို့အခန်းထဲမှာ အန်တီဒေဝီနှင့် နန္ဒာချိုတို့ ရောက်နေကြသည်။ ဒေါက်တာပန်းဟောဝန်အား ပထုတ်လိုက်ပြီးဖြစ်ကြောင်း အဂ္ဂငယ်သိလိုက်လေသည်။

ဘွားကလည်း အန်တီဒေဝီ နောက်အိမ်ထောင်ကပါတဲ့ သမီးနန္ဒာချိုရောက်ကတည်းက ကိုကို့အတွက် အိမ်ထောင်ဖက်အား အသည်းအသန်ရှာနေတော့၏။

"ကိုအဂ္ဂငယ်ပါလား၊ ဒီမှာ အခန်းသန့်ရှင်းရေးကို နန္ဒာတာဝန်ယူနေတာလေ"

နန္ဒာချိုလည်း ချောမောလှပတဲ့ မိန်းကလေးဖြစ်ပေမယ့် သူမမျက်ဝန်းအကြည့်တွေကို အဂ္ဂငယ် သဘောမကျသလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မိလေသည်။

အန်တီဒေဝီသဘောထားကိုလည်း အဂ္ဂငယ်သိနေ၏။ ကိုကိုကြီးအဂ္ဂကြီးကတော့ စိတ်ရှုပ်ထွေးနေပုံပင်။ အခေါ်ဆိုတော့လည်း မပြောသာဘဲ ဖြစ်နေရ၏။

"မေမေကလည်းကွယ်၊ တူလေးရဲ့ သန့်ရှင်းရေးကအစ ဟိုဒေါက်တာမကို တာဝန်ပေးထားတာ မသင့်တော်ပါဘူး"

"တူကြီးစိတ်ကျဉ်းကြပ်နေမှာဆိုလို့ အန်တီဒေဝီဝင်ကူနေတာပဲ၊ ဟိုကိုကို့မိန်းမ ပန်းမြိုင်က ဘာလို့ မလာတာလဲ၊ ဒေါက်တာမနဲ့ ထားတာတော့ မကောင်းပါဘူးကွယ်"

အန်တီဒေဝီက ယောက်ျားကို ကြောက်နေသူဟု အဂ္ဂငယ် ရိပ်မိနေလေသည်။ နန္ဒာချိုကလည်း လိုအပ်တာထက် ပိုလွန်းသည်ဟု ထင်နေမိ၏။

"အန်တီဒေဝီ"

"ဘာလဲတူကြီးရယ်"

"ကျွန်တော် ညီနဲ့ နှစ်ယောက်ချင်း စကားပြောချင်တယ်"





"အေးပါကွယ်၊ အန်တီဒေဝီ ပြန်ပါ့မယ်၊ အဓိကတော့ တူကြီးစိတ်ချမ်းသာဖို့ပဲလေ၊ လာ သမီးသွားကြစို့"

အန်တီဒေဝီထွက်သွားတော့မှ အဂ္ဂကြီးရော အဂ္ဂငယ်ပါ စိတ်သက်သာသွားသလို မျက်နှာတွေ ကြည်လင်ဝင်းပသွားရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ကိုကို"

"ဟင်"

"နေကောင်းရဲ့လား၊ ကိုကို့စိတ်တွေ အရမ်းနောက်ကျိနေလားဟင်"

ကိုကို့ကို ကြည့်ပြီး အဂ္ဂငယ် စိတ်မကောင်းဖြစ်ရသည်။ မျက်နှာက ညှိုးမှိုင်းနေပြီး မသာမယာဖြစ်နေလေသည်။

"ညီ"





"ကိုကို"

"ကိုကို့အနားကို မိန်းကလေးတွေ လာတာ ကိုကိုမကြိုက်ဘူး၊ ကိုကို ဘယ်လိုတားဆီးရမလဲကွာ"

နန္ဒာချိုကိုရော ပန်းဟောဝန်ကိုပါ သူ့အနားလာနေတာ အဂ္ဂကြီး မနှစ်သက်မိပေ၊ ဘယ်လိုလုပ်မလဲ၊ ဒေါက်တာပန်းဟောဝန်က ဘွားကသဘောကျသူ၊ နန္ဒာချိုက အန်တီဒေဝီယောကျ်ားပါသမီး။

"ဘွားကို ဘယ်လိုပြောရပါ့မလဲ၊ အန်တီဒေဝီကိုရော ကိုကို ဘယ်လိုပြောရမလဲ"

"ဒေါက်တာပန်းဟောဝန်ကိုတော့ ကိုကို လက်ခံသင့်ပါတယ်"

"ကိုကို့အတွက် ဘာမှမလိုပါဘူး၊ ဒေါ်လေးမြိုင်ရှိရင် ပြီးတာပဲ၊ ဒီမိန်းမတွေ ကိုကို့အနားမှာ ရှိနေရင် ကိုကို့စိတ်တွေ အရမ်းအိုက်တယ်ကွာ"

"ကိုကို"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ကျန်းမာရေးအတွက် ဒေါက်တာပန်းယောဝန်တော့ လိုအပ်ပါတယ်"

"မလိုဘူးကွာ၊ ကိုကို့ကျန်းမာရေးလည်း ဘယ်သူမှ စောင့်ရှောက်ပေးစရာ မလိုပါဘူး"

ဒေါက်တာပန်းယောဝန်နှင့် ဆုံတွေ့ခဲ့တာကို အဂ္ဂငယ်မပြော လိုပေ။ ကိုကိုက မိန်းမချောလေးတွေကို မုန်းတီးနေတဲ့ စိတ်အခံ ရှိနေလေသည်။

"ညီရယ် အန်တီဒေဝီကလည်း နန္ဒာချို့ကို ခေါ်ခေါ်လာ တာလည်း ကိုကိုအရမ်းစိတ်ညစ်တယ်၊ ကိုကို့အနားမှာ ဒေါ်လေး ပန်းမြိုင်ရှိနေတာပဲ စိတ်ချမ်းသာတယ်၊ ဒေါ်လေးမြိုင်ရော ကိုကို့ ဆီ မလာတော့ဘူး၊ ဒေါ်လေးမြိုင်ကို ခေါ်ပေးပါ ညီရာ"

ဒေါ်လေးမြိုင်ရဲ့ ပြုစုအယုယတွေကို အဂ္ဂကြီးအနှစ်သက် ဆုံးပင်။ မိခင်ရင်ငွေ့ကင်းမဲ့ခဲ့တဲ့ အဂ္ဂကြီးအတွက် ဒေါ်လေးမြိုင် ရင်ခွင်က အနွေးထွေးဆုံးဟု ထင်ခဲ့မိလေသည်။

"ဒေါ်လေးမြိုင်က အသက်ကြီးပါပြီ ကိုကို၊ အလုပ်တွေ မခိုင်းသင့်တော့ဘူး၊ အနားယူပါစေတော့"





အဂ္ဂကြီးရော အဂ္ဂငယ်ရော ဒေါ်လေးမြိုင်ရင်ခွင်က အနွေးထွေးဆုံးဟု ထင်မှတ်ထားကြလေသည်။

"ဒေါ်လေးမြိုင်ကို တွေ့ချင်တယ်၊ ကိုကို့အနားမှာ နေစေ ချင်တယ် ဒေါ်လေးမြိုင်ရဲ့ အပြုစုအယုယတွေကို ခံယူချင် တယ်ကွာ"

"ကိုကို"

"ဟင်"

"ဒေါက်တာပန်းယောဝန်က ကိုကို့အတွက် လိုအပ်ပါတယ် နော်"

"မလိုဘူးကွာ ဘယ်သူမှ မလိုဘူး၊ ဒေါက်တာပန်းယောဝန် ကရော ဘာသဘောနဲ့ ဒီကိုရောက်နေရတာလဲ၊ ဒီမိန်းမမှာ အကြံ အစည်တစ်ခုခုတော့ ရှိမယ်ထင်တယ်၊ ကိုကို မိန်းမတွေကို သိပ်ပြီး မယုံချင်ဘူးကွာ"

"ကိုကို"

"ဒေါ်လေးမြိုင်ကိုပဲ ခေါ်ပေးစမ်းပါ၊ ဒေါ်လေးမြိုင်ရင်ခွင် ကပဲ ကိုကို့အတွက် အနွေးထွေးဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘွားက အမိန့်ပေးထားတယ် ကိုကို၊ ဒေါ်လေးမြိုင်မလာရတော့ဘူးတဲ့"

"ဟင်"

အဂ္ဂကြီး လုံးဝလက်မခံနိုင်သော အခြေအနေတစ်ခု ဖြစ်လေသည်။

ဒေါ်လေးမြိုင်ကို ဘွားက ဘာဖြစ်လို့ လက်မခံနိုင်ရတာလဲ၊ သစ္စာမဲ့တဲ့ မိန်းမဖြစ်နေတာတောင် ဒေါ်လေးမြိုင်က စိတ်သဘောထားပြည့်ဝသူပါ။

"ဒေါ်လေးမြိုင်ကို ဘွား နှိပ်စက်နေတာ ကိုကို လုံးဝလက်မခံနိုင်ဘူး"

"ဘွားစိတ်တိုင်းကျပဲ စီမံပါစေ၊ ကိုကို့စိတ်တွေကို လျှော့စေချင်ပါတယ်"

အဂ္ဂယ်ကတော့ ကိုကို့ကို ဖျောင်းဖျနေရသည်။

"ဘွားက အသက်ကြီးပြီပဲ ကိုကို၊ စိတ်ချမ်းသာပါစေ၊ ဒေါက်တာပန်းဟော်ဝန်ကို လက်ခံလိုက်ပါ ကိုကိုရယ်"

အဂ္ဂကြီးကတော့ လုံးဝလက်မခံနိုင်ဘဲ ဖြစ်နေသည်။





မိန်းမချောလေးတွေနှင့် ပတ်သက်ရမှာ စိတ်အနှောင့်အယှက် ဖြစ်နေရ၏။

"ဘွားက ကိုကို့ဝေယျာဝစ္စတွေအားလုံး ဒေါက်တာပန်းဟော်ဝန်ပဲ လုပ်ပါစေတဲ့"

"ဒုက္ခပါပဲကွာ"

ဘွားက ဘာသဘောနှင့် လုပ်နေမှန်း အဂ္ဂကြီးသိသည်။ သူ့ကို မိန်းကလေးတစ်ယောက်နှင့် လက်ထပ်စေချင်ပါလေသည်။

"ဘွားဆန္ဒတွေကို လက်မခံနိုင်ဘူး၊ ကိုကို ဘယ်လိုပဲဖြစ်ဖြစ် နေလို့ရပါတယ်ကွာ"

အဂ္ဂကြီး ဒုက္ခိတဖြစ်ပြီးထဲက စိတ်ဓာတ်တွေ အကြီးအကျယ်ကျနေရသည်။

"ကိုကို့အနားမှာ ဒေါ်လေးပန်းမြိုင် ရှိနေတာပဲကွာ၊ အန်တီဒေဝီကလည်းတစ်မျိုး၊ ကိုကို့အခန်းထဲ ဘယ်မိန်းကလေးမှ လာတာမကြိုက်ဘူးကွာ"

"ဒေါက်တာပန်းဟော်ဝန်ကိုတော့ ကိုကို လက်ခံရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းဟောဝန်ရဲ့ မျက်နှာလေးကို ကြည့်ပြီး အဂ္ဂငယ် သနား ကြင်နာမိသွားရသည်။ ပန်းဟောဝန်ဟာ ကောက်ကျစ်ယုတ်မာမယ့် မိန်းကလေးတစ်ယောက်တော့ လုံးဝမဖြစ်နိုင်ပါဘူး။

"ဒေါက်တာပန်းဟောဝန်ဟာ ငွေကြေးအခက်အခဲနဲ့ ဒီအလုပ်ကို လက်ခံလိုက်တာလည်း ဖြစ်နိုင်ပါတယ် ကိုကို"

"စိတ်ရှုပ်တယ်ကွာ၊ ကိုကို အေးအေးဆေးဆေးပဲ နေချင်တာ"

အဂ္ဂကြီး စိတ်အနှောင့်အယှက်တွေ ဖြစ်နေရလေသည်။ ဒေါက်တာပန်းဟောဝန်အား အနားမှာ ရှိမနေချင်ပေ။

"ကိုကို အနားယူလိုက်တော့နော်"

"ညီ"

"ဗျာ"

"ကိုကို့အနားကို မကြာခဏ လာပါကွာ၊ ကစ်ခါတလေ ကိုကို့စိတ်တွေ အရမ်းရှုပ်ထွေးနေတာပဲ ညီလာပါ"

"ဟုတ်ကဲ့ပါကိုကို၊ ညီလာပါ့မယ် ဒေါသတွေ လျှော့ပါ ကိုကိုရာ"





ကိုကို့အနားကနေ အဂ္ဂငယ် ထွက်လာလေသည်။ သူ့ အခန်းဆီရောက်တော့ ဒေါက်တာပန်းဟောဝန်အား သတိရမိနေ၏။

ကိုယ်လုံးအိအိလေး ချောမောလှပလွန်းတဲ့ မျက်နှာလေး ဒေါက်တာပန်းဟောဝန်ရဲ့ မျက်လုံးတောက်တောက်လေးတွေ။

မေ့ပစ်လို့မရ ရင်ထဲမှာ စွဲလမ်းနှစ်သက်နေပြီး တမ်းတမ်း တတဖြစ်နေလေသည်။

"ဒေါက်"

"ဒေါက်"

အပြင်မှ တံခါးခေါက်သံကြောင့် အဂ္ဂငယ် အတွေးပြတ် သွားပြီး တံခါးဖွင့်ပေးလိုက်သည်။

"ဟင်"

"ကိုအဂ္ဂငယ်"

"နန္ဒာပါလား၊ ကိစ္စရှိလို့လားဟင်"

နန္ဒာချို့ကို တွေ့လိုက်ရတော့ အဂ္ဂငယ် အံ့ဩသွားရသည်။ စားစရာတွေကို ကိုင်ပြီး ရပ်နေလေသည်။

"မာမီက အခန်းနဲ့ခေါက်ဆွဲလာပို့ခိုင်းလို့ပါနော်၊ ကိုအဂ္ဂငယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တယ်လို့ ပြောလို့ပါ''

''ကြိုက်ပါတယ်၊ အန်တီဒေဝီက ကိုယ့်အကြိုက် သိသားပဲ''

အန်တီဒေဝီနှင့် ပတ်သက်တဲ့ မိန်းကလေးဖြစ်၍ ပစ်ပစ်ခါခါ မဆက်ဆံလိုက်ပေ။

နန္ဒာချိုက သူ့အခန်းထဲ ဝင်လာသည်။

''နန္ဒာကိုယ်တိုင် ပြင်ပေးမယ်နော်''

''အားနာပါတယ် နန္ဒာချို၊ ကိုယ်ပဲ ပြင်ပြီးစားပါ့မယ်၊ ထားခဲ့ပါ''

ကိုကိုမိန်းကလေးတစ်ယောက်နဲ့ ပြဿနာဖြစ်ပြီးထဲက မိန်းကလေးတွေနှင့် ကင်းအောင်နေခဲ့သည်။

''ဘွား သဘောကျတဲ့ မိန်းကလေးတွေနဲ့ပဲ မြေးတွေ လက်ထပ်ရမယ်၊ မြေးတို့ အိမ်ထောင်ဖက်ကို ဘွားပဲ ရွေးချယ်မယ်''

ဘွားကလည်း နန္ဒာချိုကို သိပ်သဘောမကျပေ၊ နန္ဒာချိုနှင့် ကင်းအောင်နေဖို့ မှာထားသည်။





''နန္ဒာချိုကို အားအနာပါနဲ့ ကိုအဂ္ဂယော်ရယ်၊ တစ်အိမ်တည်းမှာ နေကြတာပဲဟာ၊ နန္ဒာချိုကိုယ်တိုင် ပြင်ကျွေးမယ်နော်''

အဂ္ဂယော် မငြင်းချင်ပေ၊ အန်တီဒေဝီနှင့်ပတ်သက်နေ၍လည်း အောင့်အီးသည်းခံနေရလေသည်။

''နန္ဒာချိုကလေ ဒီအိမ်မှာ ကိုအဂ္ဂယော်ကိုပဲ အခင်မင်ဆုံး ဖြစ်နေတယ်''

နန္ဒာချို့ဆီမှာ ချိုအီတဲ့ ရေမွှေးနံ့ကို အဂ္ဂယော် မနှစ်သက်ပေ၊ ဒေါက်တာပန်းဟောဝန်ရဲ့ သနပ်ခါးနံ့လေးအား တမ်းတမိလာရသည်။

မင်းရဲ့ မြူဆွယ်ဖြားယောင်းမှုတွေကို ငါ မနှစ်သက်ဘူး၊ မင်း မျက်ဝန်းတွေက အလိုရမ္မက်တွေနဲ့ တောက်တောက်ကြီး ဖြစ်နေသလိုပဲ။

ပန်းဟောဝန်ရဲ့ မျက်ဝန်းလေးတွေလို ရှုန်းလဲ့မနေဘူး။

နန္ဒာချိုရှိနေတာ ကိုကိုမပြောနှင့် သူပင် စိတ်အိုက်လာရလေတော့သည်။

''ကိုအဂ္ဂယော် နန္ဒာကိုယ်တိုင် ချက်ထားတာပါ၊ စားကြည့်နော်''



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာချိုကိုယ်တိုင် စားသောက်ဖွယ်ရာတွေကို ပြင်ဆင်ပေး နေလေသည်။

အဂ္ဂယ် စိတ်ညစ်မိသည်။ မိန်းကလေးတစ်ယောက် သူ့အခန်းထဲ ရောက်နေတာ စိတ်မသက်မသာကြီး ဖြစ်နေလေ၏။

"စားကြည့်ပါဦးနော်၊ နန္ဒာချို့လက်ရာကို မကောင်းရင်လည်း မကောင်းဘူးလို့ ပြောပါနော်"

နန္ဒာချိုကတော့ ကိုအဂ္ဂကြီးလို ဒုက္ခိတတစ်ယောက်ထက် ကိုအဂ္ဂယ်ကိုအား ပို၍ စွဲလမ်းနှစ်သက်နေမိသည်။

"ဒီအိမ်ကြီးကိုပိုင်ဆိုင်တာက အဂ္ဂကြီးပဲ နန္ဒာ၊ တခြားအမွေပစ္စည်းတွေလည်း ရှိသေးတယ်၊ နန္ဒာအမိအရဖမ်းဖို့ ကြိုးစားပါနော်"

မာမီက ပြောထားပေမယ့် နန္ဒာနှစ်သက် မြတ်နိုးနေမိတာက အဂ္ဂယ် ဖြစ်နေသည်။

ကိုအဂ္ဂယ်အား နန္ဒာချို့ ပြုစုယုယမှုတွေ ပေးနေမိ၏။

"ဘယ်လိုလဲ ကိုအဂ္ဂယ် နန္ဒာ့လက်ရာစားလို့ ကောင်းရဲ့လားဟင်"





"ကောင်းပါတယ် နန္ဒာ၊ ကိုယ်က အုန်းနို့ခေါက်ဆွဲကြိုက်တယ်လေ"

"မာမီပြောလို့ နန္ဒာသိတာလေ၊ နန္ဒာ အချက်အပြုတ်တွေ အရမ်းဝါသနာပါတာလေ၊ ကိုအဂ္ဂယ်ကို ချက်ကျွေးဦးမယ်"

အဂ္ဂယ်ကတော့ နန္ဒာချို အမြန်ထွက်သွားစေရန် အုန်းနို့ခေါက်ဆွဲကို အမြန်စားနေမိလေသည်။

စိတ်တွေ ရှုပ်ထွေးနေမိ၏။

နန္ဒချိုနှင့် ပတ်သက်ဆက်ဆံလိုခြင်းမရှိခဲ့၊ အန်တီဒေဝီနှင့် ပတ်သက်နေ၍သာ အောင့်အီးသည်းခံနေရခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကိုအင်္ဂယ်နှင့် ဝင်တိုက်မိသည့်အတွက် ပန်းဟောဝန် ရှက်နေမိလေသည်။

သေချင်တာပဲ၊ ရှက်လိုက်တာနော်၊ ကိုအင်္ဂယ်ရဲ့ ရင်ခွင်ထဲမှာ သူမကိုယ်လုံးလေး လဲပြိုကျသွားလေသည်။

သူမကိုယ်လုံးလေးကို တင်းကျပ်စွာ ရစ်ပတ်ထားတဲ့ အတွေ့အထိတွေကို မေ့ပျောက်မစ်၍ မရပေ။

ရှက်လိုက်တာ ဘယ်လိုလုပ်ရမလဲ၊ တွေးမိတိုင်း သူမရင်





ထဲမှာ နွေးထွေးလှိုက်ခါနေလေသည်။ ကိုအင်္ဂယ်ဟာ ဘယ်လိုလူစားမျိုးလဲ။ ချောမောခန့်ညားသူပင်။

မဖြစ်သေးပါဘူး၊ ဟောဝန် ဒီလူ့အကြောင်းတွေပဲ တွေးနေလို့ မဖြစ်သေးပါဘူး။

ကိုအင်္ဂကြီးရဲ့ ဝေယျာဝစ္စတွေ လုပ်ပေးရဦးမယ်၊ ဒီလူက ဟောဝန့်ကို အထင်သေးပြီး လက်မခံချင်ပေ။

ဟွန်း…အမေ့ကြောင့်ပါ၊ အမေနှင့် မျက်နှာချင်းဆိုင်ဖို့ အတွက် ဟောဝန် ကြိုးစားနေမိလေသည်။

"အမေရယ်…သမီးကို အမေသိပါတယ်၊ ဟောဝန်နဲ့ ရင်ဆိုင်မိတော့ အမေ့မျက်ဝန်းတွေ လှုပ်ရှားပြောင်းလဲသွားတာ ဟောဝန် ရိပ်မိလိုက်ပါတယ်"

အမေ့အကြောင်းတွေ တွေးပြီး ဟောဝန် မျက်ရည်တွေ ကျလာမိသည်။

"အမေ"

အော်ဟစ်ပြစ်ချင်တဲ့ဆန္ဒတွေ ဖြစ်ပေါ်လာရလေသည်။ ရင်ထဲမှာ နာကျင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မဟူရာက ကိုအဂ္ဂကြီးအတွက် ဟောဝန့်ကို အသုံးချတာ လား။

မဖြစ်သေးပါဘူး၊ ဟောဝန် အလုပ်တာဝန်ကို လုပ်ရဦးမယ်။ သူမအား ကိုအဂ္ဂကြီးအနားမှာ ဝေယျာဝစ္စတွေ မလုပ်ပေးစေရန် ဒေါ်ဒေဝီတို့သားအမိက တားဆီးနေလေသည်။

"ပန်းဟောဝန် ဒေါက်တာ"

"ရှင်…ဒေါ်နှင်းကြွေ"

ဒေါ်နှင်းကြွေ ရောက်လာသည်။

"သားကြီးအတွက် စားသောက်စရာတွေ လာယူတော့လေ၊ မငွေကို ပို့ခိုင်းလိုက်မယ်၊ ဒေါက်တာ ဘာဖြစ်လို့ အနားမှာ မနေတာလဲ"

"ဟို…ကျွန်မ…ကျွန်မ"

"ဘာလဲ…မဒေဝီတို့သားအမိ လာနှောင့်ယှက်နေတာ ထင်တယ်"

"ကိုအဂ္ဂကြီးရဲ့ သန့်ရှင်းရေးကိုတော့ ဒေါ်ဒေဝီလုပ်တာ ကောင်းပါတယ်လေ"





"အဲဒီကိစ္စ မမကြီးမဟူရာက လက်ခံမှာမဟုတ်ဘူး"

"ရှင်"

"ဒေါက်တာပဲ အားလုံးလုပ်ပေးရမယ်လို့ ပြောထားတာလေ"

"ကျွန်မလုပ်ပေးတာကို ဒေါ်ဒေဝီက မသင့်တော်ဘူးထင်သလို ကိုအဂ္ဂကြီးကလည်း လက်မခံချင်ပါဘူး ဒေါ်နှင်းကြွေ"

ကိုအဂ္ဂကြီးနှင့် ဆက်ဆံရတာ ပန်းဟောဝန် စိတ်အညစ်ကြီး ညစ်နေမိလေသည်။

ဒေါ်ဒေဝီတို့သားအမိက တစ်မျိုး။

"သားကြီးက မပန်းမြိုင်ကိုလည်း သဘောကျတာ၊ သင်းက ဘယ်လိုမြူဆွယ်ဖြားယောင်းထားမှန်းမသိပါဘူး၊ မောင်မောင်တင်ကတော့ အရင်အတိုင်းပဲ ခပ်ရှုပ်ရှုပ်လေ"

"ရှင်"

"မမကြီးမဟူရာက သားသမီးကံမကောင်းဘူးလေ၊ သားကလည်း သူများမိန်းမကို ယူတယ်၊ သမီးကလည်း ကလေးတစ်ယောက်အဖေနဲ့ ယူတယ်၊ အားလုံးကလည်း ရလိုမှုချည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



လေ”

အမေရယ် ဘာမဟုတ်တဲ့ အလုပ်သမားတစ်ယောက်က တောင် အမေ့ကို မလေးမစားနဲ့ပါလား။ အမေ့ဘဝက အရမ်းကို နုံချာနေလိုက်တာ။

ဟောဝန် စိတ်မကောင်းဖြစ်ရသည်။

“ဒေါက်တာ”

“ရှင်”

“သားကြီး မနက်စာအတွက် စီစဉ်ပါ”

“ဟုတ်ကဲ့”

“ဘယ်သူပဲ တားဆီးပါစေ ဒေါက်တာ သားကြီးအနား မှာပဲ နေပါ၊ သားကြီးနဲ့ ခင်မင်ရင်းနှီးမှုကို ရယူပါ”

“ဟုတ်ကဲ့”

ဟောဝန်တာဝန်ပဲလေ။ အမေနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံ နိုင်ဖို့ပဲ ဟောဝန့်စိတ်ထဲမှာ အမေက ရှောင်နေသည်ဟု ထင်မိလေ သည်။

အမေ ဘာဖြစ်လို့ ဟောဝန်နဲ့ မတွေ့ချင်ရတာလဲ။ မဟူရာ





ဂုံအိမ်ကြီးထဲကနေ လွတ်မြောက်ဖို့ အမေ ဘာဖြစ်လို့ မကြိုးစားရ တာလဲပာင်။

“ဒေါက်တာ သွားပါ၊ စိတ်အားမလျှော့လိုက်ပါနဲ့ ဒေါက်တာ၊ လုပ်ရမယ့် ဝတ္တရားတွေအတိုင်းပဲ လုပ်ပါ”

ဒေါ်နှင်းကြွေ ပြန်လည်ထွက်သွားလေသည်။ ဘာပဲဖြစ် ဖြစ် ဟောဝန့်စာချုပ်မှာ လက်မှတ်ထိုးထားပြီး ဖြစ်၏။

အပြင်ထွက်လာခဲ့သည်။ အမေ့ကို ရှာနေမိ၏။

မဟူရာစံအိမ်ကြီးထဲမှာ အစေအပါးသဖွယ် အမေနေရ သည်။ မငွေတို့နဲ့များ အတူတူနေရလား။

“ဒေါက်တာ”

“ဟင်…မငွေ”

“စားစရာတွေ ကျွန်မ ယူလာပေးမယ်နော်”

“အင်း”

ဒေါက်တာပန်းဟောဝန် ဘာမှမပြောတော့ဘဲ ကိုအဂ္ဂကြီး အခန်းထဲ ဝင်လာခဲ့လေသည်။

“မင်း ဘာလာလုပ်တာလဲ ဒေါက်တာပန်းဟောဝန်ဆိုတဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လေးမြိုင်ပဲ ခေါ်ပေးပါ၊ မင်း ဘာသဘောနဲ့ ငါ့အနား ပေကပ်နေရတာလဲ"

"ကျွန်မ ပြောပြီးပြီပဲ ကိုအဂ္ဂကြီး၊ ငွေကြောင့်လေ ကျွန်မမှာ အကြွေးတွေ တင်နေလို့ပဲ"

ကိုအဂ္ဂကြီးရဲ့ အထင်သေး မုန်းတီးနေတဲ့ မျက်ဝန်းတွေနှင့် ရင်ဆိုင်လိုက်ရလေသည်။

ဟောဝန် ဘာမှ ဂရုမစိုက်ဘူး။ အမေ့ကို ကယ်တင်ရမယ့် ဆရာဝန်တစ်ယောက်ဘဝကိုလည်း ဟောဝန် မမက်မောတော့ပါဘူး။ ဆေးကုသခွင့် မရလည်း ကိစ္စမရှိပါဘူး။ အမေ့ကို စောင့်ရှောက်ရမယ့် အနှိမ်ခံဘဝကနေ ကယ်တင်ရမယ်။ ဟောဝန့် ဆုံးဖြတ်ချက်ပဲ။

"ဘွားမဟူရာက ကျွန်မကို တာဝန်ပေးထားတယ်လေ၊ ကျွန်မ လုပ်မှာပဲ"

"ခေါ်လေးမြိုင်ကို ခေါ်ပေးပါ၊ ကျုပ်အနားမှာ ခေါ်လေးမြိုင် ရှိနေစေချင်တယ်"

အဂ္ဂကြီးကလည်း ခေါ်လေးမြိုင်အနားမှာ ရှိနေဖို့ပဲ တောင်းဆိုနေမိလေသည်။





"ကိုအဂ္ဂကြီး ရှင် ထမင်းစားဖို့ ကျွန်မ ပြင်ဆင်ပေးမယ်၊ ကျွန်မတာဝန်ကို ကျွန်မ ထမ်းဆောင်ပါရစေ၊ ရှင် ကျေနပ်သည်ဖြစ်စေ မကျေနပ်သည်ဖြစ်စေ ကျွန်မ လုပ်ရမှာပဲ"

"မင်း...မင်း ဘာသဘောနဲ့ ကျုပ်အနားကပ်နေရတာလဲ၊ ကျုပ်ကို ပြောစမ်းပါ၊ ကျုပ်ဆီမှာ မင်းအတွက် ဘာမျှော်လင့်ချက်တွေ ရှိနေလဲ"

ကျွန်မ အမေကြောင့်ပါလို့ ပြောချင်ပေမဲ့ စိတ်တွေကို ထိန်းချုပ်လိုက်ရသည်။

ကိုအဂ္ဂကြီးနှင့် တုပြိုင်ပြီး ပြောမနေတော့။

မငွေက စားစရာတွေ လာပို့သည်။

"ကျွန်မ သွားတော့မယ်"

"အင်း"

ကိုအဂ္ဂကြီးနှင့် ဟောဝန့်အား အမြဲတမ်း နှစ်ယောက်တည်း အတူနေရမည်ဟု အားလုံးကို မှာထားလေသည်။

"ရှင့်ကို ကျွန်မ တွဲထူပေးမယ်"

"မင်း...မင်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အမြဲတမ်း သူများကို အားကိုးနေလို့ မဖြစ်ဘူး ရှင့်ကိုယ်ရှင် အားကိုးပါ"

"ကျုပ်က ဒုက္ခိတလေ၊ မင်း ဘာဖြစ်လို့ ကျုပ်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေရတာလဲ၊ ကျုပ်ကို မင်း လုံးဝ မထိန်းနဲ့"

"ရှင့်အဘွားရဲ့ အမိန့်ပဲ၊ ကျွန်မက ငွေယူထားတယ်လေ၊ ရှင့်ကို ပြုစုစောင့်ရှောက်ပေးဖို့ပဲဟာ"

"ဒေါ်လေးမြိုင်ကို ခေါ်ပေးစမ်းပါ၊ ဒေါ်လေးမြိုင် ဘယ်မှာလဲ၊ ဒေါ်လေးမြိုင်"

သူက အမေ့ကို ခေါ်နေ၍ ပေဝန်လည်း အလိုက်သင့် အမေနဲ့ ရင်ဆိုင်တွေ့ဆုံဖို့ ကြိုးပမ်းရမည် ဖြစ်လေသည်။

"ကျွန်မ ဒေါ်လေးမြိုင်ကို ရှင့်အနားမှာထားဖို့ သွားပြောပေးပါ့မယ်၊ ရှင့်အနားမှာလည်း ကျွန်မနေဖြစ်ဖို့ ကြိုးစားရမှာပဲ"

"ဒေါ်လေးမြိုင်ကိုပဲ ခေါ်ပေးပါ၊ ကျုပ်အနားမှာ တခြား ဘယ်သူမှ မရှိစေချင်ဘူး"

"ကောင်းပြီလေ၊ အဲဒီကိစ္စ ကျွန်မ ရှင့်ကို တောင်းဆိုပါ့





မယ်"

အမေ့ကို တွေ့ဆုံဖို့အတွက် နည်းလမ်းတစ်ခုပဲ မဟုတ်လား။

ဒေါ်ပန်းမြိုင်ကို လောလောဆယ်တော့ ကိုအဂ္ဂကြီးအနားမှာထားဖို့ တောင်းဆိုမိလေသည်။

"ကိုအဂ္ဂကြီးရဲ့ ကျန်းမာရေးအခြေအနေအရ ဒေါ်ပန်းမြိုင်နဲ့ အတူနေပေးမှ ဖြစ်မယ်ထင်ပါတယ်"

"မဖြစ်ဘူး ဒေါက်တာ၊ မပန်းမြိုင်ကို မြေးအနားမှာ မထားနိုင်ဘူး၊ ဒေါက်တာ့တာဝန်ကို ဒေါက်တာပဲ ထမ်းဆောင်ပါ"

ဒေါ်မဟူရာကလည်း မပန်းမြိုင်ကို နေရာမပေးလိုပေ။ ဒေါက်တာနဲ့ နီးစပ်စေချင်မိသည်။

"ဒေါက်တာပဲ ပြုစုပေးပါ၊ မပန်းမြိုင်အပေါ် ကျုပ်မြေးစွဲလမ်းနေတာ ကျုပ်မလိုလားဘူး"

အမေ့ကို ဒေါ်မဟူရာက အလွန်အမင်း မုန်းတီးနေလေသည်။

"ကျုပ်မြေးကြောင့် ဒီမိန်းမကို မဟူရာစံအိမ်ကြီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထားရတာပဲ။ ကျုပ်သားကလည်း ဒီမိန်းမကို မနစ်သက်တော့ဘူး။ ကျုပ် မောင်းထုတ်ပစ်ချင်နေပြီ''

အမေရယ် ဖြစ်မှဖြစ်ရလေ။ ဒီလောက်အထိ အနှိမ်ခံဘဝ ရောက်နေတာပါလား။

ဒေါက်တာပန်းယောဝန် စိတ်မကောင်း ဖြစ်သွားရလေသည်။

''လောလောဆယ်တော့ ကိုအဂ္ဂကြီးကျေနပ်အောင် ဒေါ်ပန်းမြိုင်နဲ့ တွေ့ဆုံခွင့်ပေးလိုက်ပါ ဘွားမဟူရာ''

ပန်းယောဝန် အတင်းအကျပ် တောင်းဆို၍ ဒေါ်မဟူရာ ခွင့်ပြုလိုက်လေသည်။

''ဒေါ်နှင်းကြွေ ဒေါ်ပန်းမြိုင်ကို ခေါ်ပေးပါ''

အိမ်တော်စိုးကြီး ဒေါ်နှင်းကြွေကို ပြောလိုက်ပါသည်။

''ဒေါ်နှင်းကြွေ''

''ဟင်''

''ဘွားမဟူရာရဲ့ အမိန့်ပါ''

''ဒေါက်တာ''





''ရှင်''

''ဒေါက်တာနဲ့ပဲ နီးစပ်စေချင်တာပါ၊ ဒီမပန်းမြိုင်ဆိုတဲ့ မိန်းမအပေါ် အဂ္ဂကြီးက သံယောဇဉ်တွယ်တာမနေစေချင်တော့ပါဘူး''

ဒေါ်နှင်းကြွေလို မိန်းမတစ်ယောက်ကပင် အမေ့ကို အထင်သေးနေသည်။

အမေ့အတွက် ပန်းယောဝန် စိတ်မကောင်းဖြစ်မိလေ၏။

''ဒီတစ်ကြိမ်ပဲ ကိုအဂ္ဂကြီးဆန္ဒကို ဖြည့်စွမ်းပေးလိုက်ပါ ဒေါ်နှင်းကြွေ''

ယောဝန် အမေ့ကို အရမ်းတွေ့ချင်တာပဲ။ မဟူရာစံအိမ်ကြီးထဲကနေ အမေ့ကို ကယ်ထုတ်သွားချင်တယ်။

သမီး ဒီကိုလိုက်လာတာ အမေသိပါတယ်နော်။ ဘာဖြစ်လို့ ရှောင်နေရတာလဲ၊ အမေ့ကို တွေ့ဖို့အတွက် ရင်ခုန်စွာ စောင့်မျှော်နေမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဒေါ်လေးမြိုင် ကျွန်တော့်ဆီ ဘာဖြစ်လို့ မလာတာလဲ၊ ကျွန်တော့်ကို ဘာဖြစ်လို့ ပစ်ထားရတာလဲ"

ကိုအဂ္ဂကြီးက ဝမ်းပန်းတနည်းနှင့် ပြောနေလေသည်။

အမေက ယောဝန်ကို မကြည့်ပေ။ ညှိုးနွမ်းအားငယ်နေတဲ့ အမေ့ရုပ်သွင်ကို ယောဝန် မကြည့်ရက်တော့။

"သားကြီး ဒေါ်လေးမြိုင် တောင်းပန်ပါတယ်ကွယ်၊ ဒေါက်တာရှိတာပဲ၊ ဘွားစိတ်ညစ်အောင် မလုပ်ပါနဲ့"





"ကျွန်တော့်အနားမှာ ဒေါ်လေးမြိုင် နေပေးပါ၊ ဘယ်မိန်းကလေးမှ ကျွန်တော့်အနားမှာ မနေပါစေနဲ့"

"ဘွားမဟူရာရဲ့ ဆန္ဒအတိုင်းပဲ ဖြစ်ပါစေ"

"နားမလည်ဘူးဗျာ၊ ကျွန်တော့်ကို ဒေါ်လေးမြိုင် ပြုစုတာပဲ ကျေနပ်တယ်၊ ကျွန်တော့်ကို ထမင်းပွဲပြင်ပေးပါ"

ဒေါက်တာပန်းယောဝန်ရဲ့ အကြည့်တွေကို ဒေါ်ပန်းမြိုင် သိနေသည်။ အမေ့ကို တွေ့ဆုံဖို့ သမီး ကြိုးစားနေတာ မဟုတ်လား၊ အမေ ဘယ်တော့မှ ဝန်မခံဘူး။

အမေ့လို မိန်းမတစ်ယောက်ကို သမီး အမေမတော်ချင်ပါနဲ့ကွယ်။

ဒေါ်ပန်းမြိုင်ကတော့ အဂ္ဂကြီးအနား မလာလိုတော့ပေ။

သမီး ပန်းယောဝန်ရှိနေ၍ ဖြစ်သည်။ အမေ့ကို အမေအဖြစ် မသတ်မှတ်ချင်ပါနဲ့တော့။

အမေက နာမည်ပျက်တွေနဲ့ပါ။ သမီးဘဝရဲ့ တိုးတက်မှုတွေကို ဟန့်တားပစ်မယ့်အမေလေ။

သမီးပန်းယောဝန်ရဲ့ အကြည့်တွေက ဒေါ်လေးမြိုင်ဆီ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေမိသည်။ အမေက သူမကို ရှောင်ရှားချင်နေပုံပင်။

မရဘူး၊ အမေ ဟောဝန့်ကို အသိအမှတ်ပြုရမယ်။ အမေ့ကို မဟူရာစံအိမ်ကြီးထဲမှာ မထားနိုင်တော့ဘူး။

"ဒေါ်လေးမြိုင် ကျွန်တော့်အနားမှာ နေပါနော်၊ ကျွန်တော့်ကို ပစ်မထားပါနဲ့"

ကိုအဌကြီးကတော့ အမေ့အား လေးစားကြည်ညိုအားကိုးနေသည်။

"သားကြီး ဒေါ်လေးမြိုင်ကို တွယ်တာမနေပါနဲ့ကွယ်၊ ဒေါက်တာပန်းဟောဝန် တာဝန်ယူနေတာပဲ၊ ဒီလိုမြူစင်ရိုးသားတဲ့ မိန်းကလေးမျိုးကို ကြိုဆိုသင့်ပါတယ်ဟဲ့"

သမီးရှေ့မှ ဒေါ်ပန်းမြိုင် ထွက်သွားချင်နေမိသည်။ ရင်မဆိုင်ချင်ပေ။ သမီးလေး ချစ်စရာကောင်းတဲ့ သမီးလေး။

အမေမှားပါတယ်၊ အားလုံး အမေ့ရဲ့ မိုက်ပြစ်တွေပါပဲ။

အဌကြီးအား ကျေးမွေးပြီး အပြင်ထွက်လာခဲ့သည်။

"အမေ"

"ဟင်"





နောက်မှ ဒေါက်တာ ပန်းဟောဝန် လိုက်လာသည်။

"အမေ့ကို ဟောဝန် လာရှာတာပါ၊ အမေရှိတယ်လို့ ကြီးကြီးမြကပြောလို့ ဟောဝန် ရောက်လာတာပါ အမေ၊ ဟောဝန်နောက် လိုက်ခဲ့ပါနော်"

"မင်း ဘာတွေလာပြောနေတာလဲ၊ ဒေါက်တာ ကျုပ်မှာ သမီးမရှိပါဘူး၊ ကျုပ် ဘယ်တုန်းကမှ ကလေးမရဖူးပါဘူး"

ဒေါ်ပန်းမြိုင် ဖွတ်မိုတ်ပြီး ငြင်းပစ်လိုက်လေသည်။

လက်မခံနိုင်ပါဘူး။ အမေ့လို အမေမျိုးကို အမေမတော်ချင်ပါနဲ့။

သမီးလေး ဘဝတစ်လျှောက်လုံး နာမည်ပျက်တွေနဲ့ ဖြစ်သွားရမှာပါ။

"အမေ"

"မင်းမှားနေပြီ၊ ငါ့မှာ သမီးမှမရှိတာပဲ"

"ညည်း ဘာတွေလာပြောနေတာလဲ၊ ညည်းဟာ ညည်းငွေလိုနေလို့ အလုပ်လက်ခံတာ မဟုတ်လား"

"အမေ...သမီးကို မငြင်းပါနဲ့၊ အမေ့သမီးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိတယ်မဟုတ်လားဟင်၊ အမေ ဟောဝန်နဲ့ လိုက်ခဲ့ပါ၊ ဒီကနေ ထွက်သွားကြရအောင်၊ ဟောဝန့်မှာ အမွေတွေရှိနေပါတယ်''

''မင်း ဘာတွေလာပြောနေတာလဲ၊ ကျုပ်မှာ သမီးမရှိဘူး၊ ညည်းက ဒီကိစ္စနဲ့လာတာဆိုရင်တော့ ညည်း ထွက်သွားတော့''

''အမေ''

''ခက်ပါလား၊ ညည်းကိစ္စ ညည်းလုပ်၊ ကျုပ် ညည်းအမေ မဟုတ်ဘူး၊ ကျုပ်မှာ ဆွေမျိုးသားချင်းလည်း မရှိဘူး။ ကျုပ် ဒီကနေ ဘယ်တော့မှလည်း ထွက်မသွားဘူး၊ ညည်းနဲ့လည်း ဘာမှမပတ်သက်ပါဘူးအေ''

''အမေ...ဟောဝန်ကို အသိအမှတ်ပြုပါ၊ ဟောဝန်နောက်ကို လိုက်ခဲ့ပါနော်''

''မင်းမှားနေပြီပဲ ပန်းဟောဝန်၊ ငါက မင်းအမေ မဟုတ်ဘူး''

အမေ ဘယ်တော့မှ ညည်းအမေအဖြစ် ဝန်မခံဘူး။ အမေ့ဘဝနဲ့ အမေပဲ ထားလိုက်ပါတော့။

''အမေပါ၊ ဒေါ်ပန်းမြိုင်ဟာ ကျွန်မအမေပါ၊ ကြီးကြီးမြ





ကိုယ်တိုင်က ကျွန်မကို ပြောပြခဲ့တာပဲ''

''မဟုတ်ပါဘူးဆိုအေ၊ ခက်တာပဲ''

ဒေါ်ပန်းမြိုင် လက်မခံနိုင်အောင် ဖြစ်နေသည်။

တင့်တယ်နေတဲ့ သမီးဘဝလေးကို အမေ မဖျက်ဆီးရက်ပါဘူးအေ။

''ကျုပ်သွားတော့မယ်၊ ကျုပ်ကို မနှောင့်ယှက်ပါနဲ့၊ ကျုပ်သမီးဆိုရင် ညည်း ဘာဖြစ်သွားမလဲသိလား''

''ကျွန်မ ဘာပဲဖြစ်ဖြစ် အမေ့ကိုပဲတွေ့ချင်တယ်၊ အမေ အသိအမှတ်ပြုပါနော်၊ အမေဟာ အမေပါပဲ၊ အမေနဲ့နေရရင် ကျွန်မ ဘယ်ဘဝပဲဖြစ်ဖြစ်နေမယ်''

''မဟုတ်ပါဘူး၊ မင်း ယုံပါ၊ ငါဟာ မင်းအမေ မဟုတ်ပါဘူး။ နာမည်ချင်းတူနေတာပဲ ဖြစ်မယ်၊ မင်းအမေ မဟုတ်ပါဘူး ဒေါက်တာ''

ဒေါ်ပန်းမြိုင် ထွက်လာခဲ့လေသည်။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လုဖြစ်နေ၏။

ဟောဝန်ရယ် အမေ ဝန်မခံချင်ဘူး။ သမီးအမေအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အမေ ဘယ်လိုရပ်တည်နိုင်မှာလဲ။

ဒေါက်တာပန်းဟေဝန်ကို ထားခဲ့ပြီး ဒေါ်ပန်းမြိုင် ထွက်လာခဲ့လေသည်။

အခန်းထဲရောက်လာသည်။ ရင်ထဲမှာ ကြေကွဲနာကျင်မှုတွေ ခံစားနေရ၏။

"မပန်းမြိုင်"

"ဟင်"

"မင်းဘာဖြစ်လာတာလဲ၊ မင်းကိုကြည့်ရတာ ကျက်သရေမရှိဘူး"

"ဟုတ်တယ်၊ ကျွန်မက ကျက်သရေမရှိတဲ့ မိန်းမပါ၊ ရှင်တို့တစ်မိသားစုလုံးအတွက် ကျက်သရေတုံးစေတဲ့ မိန်းမပဲ၊ ကျွန်မ ဒီကနေ ထွက်သွားတော့မယ်"

"ဘာ"

"ကျွန်မ ဒီအိမ်မှာ အနှိမ်ခံဘဝနဲ့ မနေနိုင်တော့ဘူး ကိုမောင်မောင်တင်"

ဒေါ်ပန်းမြိုင် ထွက်သွားတာ အကောင်းဆုံးပဲ။ အဝေး





တစ်နေရာမှာ ဇာတ်မြှုပ်ပြီး နေတော့မယ်။

သမီးက မိမိကို သမီးအဖြစ် အသိအမှတ်ပြုဖို့ တောင်းဆိုနေမှာပဲ။

မဟူရာစံအိမ်ကြီးရဲ့ အရှင်သခင် ဒေါ်မဟူရာက ဒေါက်တာပန်းဟေဝန်အဖြစ် သမီးကို အထင်ကြီးနေပြီပဲဟာ။

အမေ ဝန်မခံနိုင်ဘူး၊ အမေလို မိန်းမမျိုးကိုလည်း အမေ တော်ချင်ပါနဲ့ သမီးလေးရယ်။

"အရင်က ကျွန်မသားကြီး သံယောဇဉ်နဲ့ နေတာပါ၊ အခု သားကြီးကိုလည်း ကျွန်မ ပြုစုစရာမှ မလိုတော့တာပဲ၊ ရှင်တို့ တစ်မိသားစုလုံးကလည်း ကျွန်မကို အထင်သေးနေတာပဲလေ"

"မင်း တကယ်ပဲ ထွက်သွားတော့မလား မပန်းမြိုင်၊ ဒါဆိုလည်း ငါ့ကို ကွာရှင်းပေးသွားပါ"

"ဘာမှ တရားဝင်ကွာရှင်းနေစရာမလိုပါဘူး ကိုမောင်မောင်တင်ရယ်၊ ကျွန်မ ရှင့်ဆီက ဘာရပိုင်ခွင့်မှ မတောင်းပါဘူး၊ ပူပါနဲ့၊ ကျွန်မ ဒီကနေ ထွက်သွားပြီး သီလရှင်ဝတ်တော့မှာပါ"

"ကောင်းတယ်၊ မင်းလုပ်သင့်တာ အဲဒါပဲ၊ မင်းနဲ့ကိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖက်တယ်''

ရှင် တော်တော်ရက်စက်တဲ့ ယောကျ်ားတစ်ယောက်ပါပဲလား ကိုမောင်မောင်တင်ရယ်။

ကျွန်မအပေါ် အမြဲတမ်း မကောင်းကြံစည်ပြီး ရက်စက်တယ်။ တကယ်ဆို ကိုမောင်မောင်တင်က ကျွန်မဘဝကို ဖျက်ဆီးခဲ့တာပါ။

ဒေါ်ပန်းမြိုင်အား အတင်းအကျပ် လက်ထပ်စေလေသည်။

ကိုမောင်မောင်တင့်အကြောင်း စဉ်းစားမိတိုင်း ရင်ထဲမှာ နာကျင်လာရ၏။ တော်တော်ရက်စက်တဲ့ ယောကျ်ား။

''မင်းအတွက် ငါ ငွေအနည်းအကျဉ်းတော့ ပေးလိုက်ပါ့မယ်၊ မင်းဘဝမင်း ရပ်တည်နိုင်အောင် ကြိုးစားတော့''

ဦးမောင်မောင်တင်ကလည်း မပန်းမြိုင်ကို ကွာပစ်ချင်နေပါပြီ။ နောက်မိန်းမတစ်ယောက်ကို ထပ်ယူဖို့အတွက် အစီအစဉ်တွေ လုပ်နေသည်။

ကောင်းတယ်၊ မင်းထွက်သွားတာ အကောင်းဆုံးပဲ မပန်းမြိုင်။ ငါ နောက်မိန်းမတစ်ယောက်နဲ့ လက်ထပ်တော့မယ်။





''ငါ့တူအတွက် မင်း မလိုအပ်တော့ဘူး၊ ဒေါက်တာပန်းပေပန် ရှိနေပြီပဲ၊ ငါ့အမေက ဒေါက်တာပန်းယောဝန်ကို သိပ်ပြီး သဘောကျတာပဲ''

ဒီခွေမျိုးတွေကြားထဲမှာတော့ သမီးကို မရှင်သန်ချင်ပေ။ ဒါပေမဲ့ မောင်အဂ္ဂကြီးနဲ့ အဂ္ဂငယ်က စိတ်သဘောထား ပြည့်ဝကြတဲ့လူတွေပါပဲလေ။

မောင်အဂ္ဂကြီးက အမွေတွေအများကြီး ပိုင်ဆိုင်ရမှာပဲ။ ပြီးတော့ မောင်အဂ္ဂကြီးအား ပြုစုစောင့်ရှောက်ပေးမယ့် မိန်းကလေးတစ်ယောက်တော့ လိုအပ်သည်။

သမီးပဲ ဖြစ်သင့်ပါတယ်။ အမေကတော့ သမီးဘဝလေး ကောင်းစားတာပဲ မြင်ချင်ပါတယ်။

''ကျွန်မ အမေအသိအမှတ်ပြုတာပဲ ခံယူချင်ပါတယ်၊ အနေဘဝ ဘာပဲဖြစ်နေပါစေ ကျွန်မ အမေနဲ့ပဲ နေချင်တယ်''

သမီးပြောတဲ့ စကားလေးတွေကို ကြားယောင်မိလာသည်။

ဒေါ်ပန်းမြိုင်ရဲ့ ရင်ထဲမှာ နာကျင်ကြေကွဲနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



အမေလည်း သမီးနဲ့ နေချင်ပါတယ်။ မဖြစ်နိုင်ပါဘူး။ အမေ့ဘဝက အရမ်းနိမ့်ကျတဲ့ဘဝပါ။

ဘယ်တော့မှ သမီးအမေအဖြစ် အမေ ဝန်မခံနိုင်ပါဘူး။

"မပန်းမြိုင်…မင်း ဘယ်တော့ထွက်သွားမှာလဲ၊ မင်းကို ငါ့အမေကလည်း ထွက်သွားစေချင်မှာပဲ"

ဒေါ်ပန်းမြိုင် ယောကျ်ားဖြစ်သူကို ဘာမှမပြောလိုတော့ပေ။

ကျွန်မဘဝနဲ့ ကျွန်မပါပဲလေ။ အိမ်ထောင်အပေါ်မှာ သစ္စာမဲ့ခဲ့တဲ့ အမေ့အပြစ်တွေပါ။

"မင်းကို အသုံးစရိတ်တော့ ငါပေးမှာပါ"

"မလိုချင်ဘူး၊ ကျွန်မ ရှင့်ဆီက ဘာမှမလိုချင်ပါဘူး၊ ဘာမှမပေးပါနဲ့"

ဒေါ်ပန်းမြိုင် မာနနှင့် ဘာမှမယူဘဲ ပြန်သွားတော့မည်။

"ကျွန်မ ထွက်သွားရင်တောင် ရှင်တို့ရှေ့မှာပဲ ပစ္စည်းတွေပြပြီး ထွက်သွားမှာပါ"

ဒေါ်ပန်းမြိုင် ဒီကနေ ထွက်သွားမည်ဖြစ်သည်။ နှုတ်ခမ်း





သားတွေကို တင်းကျပ်စွာ စေ့ကပ်ထားပါလေသည်။

သမီးကို စွန့်ခွာသွားတော့မယ်။ အမေ့ဘဝနဲ့ အမေပဲ ရှိပါစေတော့ သမီးရယ်။

မဟူရာစံအိမ်ကြီးထဲကနေ ထွက်သွားဖို့ပဲ ဆုံးဖြတ်ထားမိလေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

အမေက ဟောဝန်အား လက်မခံချင်ကြောင်း သိသာနေသည်။ အမေက ဟောဝန်အမေပါ။ ကြီးကြီးမြကသေသေချာချာ ပြောလိုက်တာပဲဟာ။ ဟောဝန် ဒီမှာနေတာ အမေ့ကြောင့်ပဲ မဟုတ်လား။

"ဒေါက်တာ"

"ရှင်"

ကိုအဂ္ဂငယ်က သူမနောက်မှာ ရပ်နေလေသည်။





"ဒေါက်တာမှာ ဘာအခက်အခဲတွေ တွေ့နေလဲ၊ ဒေါက်တာ့မျက်နှာက ညှိုးနွမ်းနေတယ်လို့ ထင်တယ်"

"ကျွန်မ ဘာမှမဖြစ်ပါဘူး ကိုအဂ္ဂငယ်၊ မဟူရာစံအိမ်ကြီးမှာ ရှိတဲ့လူတွေက ကျွန်မကို နွေးထွေးစွာ ဆီးကြိုကြပါတယ်"

"မင်းမျက်နှာလေး ညှိုးငယ်နေတယ်လို့ ကိုယ်ထင်တယ် ပန်းဟောဝန်"

သူက သူမအား ပန်းဟောဝန်ဟု တရင်းတနှီးခေါ်နေသည်။

ကိုအဂ္ဂငယ်ရဲ့ အကြည့်တွေက သနားကြင်နာမှုတွေနှင့် ပြည့်နေ၏။

"ကိုယ့်ကို ပြောပါ ပန်းဟောဝန်၊ ကိုကိုက မင်းကို လက်မခံဘူးလား"

"ကိုအဂ္ဂကြီးကတော့ ကျွန်မကို ရုတ်တရက် လက်ခံမှာ မဟုတ်ပါဘူးလေ"

"ပန်းဟောဝန် အားငယ်နေတာလား"

"ကျွန်မ ထမ်းဆောင်ရမယ့် တာဝန်ကိုတော့ ကျေပွန်အောင် ထမ်းဆောင်ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက ဝေဒနာရှင်ဆိုတော့ ပန်းဟောဝန် နည်းနည်းလောက် သည်းခံပေးပါ"

"ကျွန်မကတော့ ကျွန်မလုပ်ရမယ့်အလုပ်ကို ကျေပွန်အောင် လုပ်ဆောင်မှာပါ"

"ပန်းဟောဝန်"

"ရှင်"

"ကိုယ် ဘာအကူအညီပေးရမလဲ"

"ဟင့်အင်း"

ပန်းဟောဝန်နှင့် တွေ့ဆုံပြီးထဲက အဂ္ဂယ်စိတ်ထဲမှာ သူမကိုပဲ သတိရတမ်းတနေမိသည်။

ရင်းနှီးခင်မင်ဖို့အတွက် အဂ္ဂယ် ကြိုးစားချင်ပေမယ့် ဘွားမဟူရာက ဒေါက်တာပန်းဟောဝန်က ကိုကို့အတွက်တဲ့။

"မင်းအစ်ကိုဒုက္ခိတအတွက် ဘွား ရွေးချယ်ထားတာလေ"

ဘွားမဟူရာစကားကြောင့် အဂ္ဂယ် နောက်ဆုတ်နေရလေသည်။





ပန်းဟောဝန် မင်းကို ချစ်မြတ်နိုးနေမိပြီကွာ။ ကိုကို့အတွက် ရည်မှန်းထားပြီး သူ့စိတ်ထဲကပင် မပြစ်မှားရဲပေ။

"မင်းမှာ ဘယ်လိုအခက်အခဲပဲရှိပါစေ ကိုယ် ကူညီမယ်၊ စိတ်ပျက်ပြီးတော့ မဟူရာစံအိမ်ကြီးထဲကနေ ထွက်မသွားပါနဲ့ကွာ"

"ကျွန်မ တာဝန်ပြီးဆုံးတဲ့အထိတော့ ကျွန်မနေမှာပါ ကိုအဂ္ဂယ်"

အကြည့်ချင်းဆုံမိသွားသည်။ အဂ္ဂယ်ရဲ့ အကြည့်တွေ စူးရှနေလေ၏။

မဟူရာစံအိမ်ကြီးထဲမှာတော့ ရှင်တို့ညီအစ်ကိုတွေအားလုံးက စိတ်သဘောထား ဖြူစင်ကြပါတယ်။

ဒေါ်ဒေဝီတို့ မိသားစုက သူမအား မလိုလားပေ။

"မဟူရာစံအိမ်ကြီးမှာ ပန်းဟောဝန် စိတ်ချမ်းသာသလိုနေပါ၊ ဘာမှ အားနာစရာမလိုဘူးနော်၊ ဘွားရဲ့အိမ်နဲ့ ပန်းဟောဝန် နေတတ်သလိုနေပါ"

"ဟုတ်ကဲ့"

ပန်းဟောဝန့်မျက်နှာချောချောလေးကို အဂ္ဂယ် ငေးမှေး



www.burmeseclassic.com

www.burmeseclassic.com



စွာ စူးစိုက်ကြည့်နေမိလေသည်။

"ကျွန်မကို ခွင့်ပြုပါဦး"

"ယောဝန်"

"ရှင်"

"ကိုယ် မင်းကို အရမ်းသတိရနေတယ်"

"ရှင်"

"ဟို…ဟို ကိုယ်မပြောသင့်ဘူး၊ မင်းလိုအပ်တဲ့အကူအညီလိုရင် ပြောပါ၊ ဒါပဲနော်"

ကိုအဂ္ဂင်ယ် ထွက်သွားသည်။ မျက်ဝန်းအကြည့်ချင်း ဆုံမိထဲက ပန်းယောဝန်အပေါ် ရှင် နှစ်သက်မြတ်နိုးနေတယ်ဆိုတာ သိပါတယ်။

ကျွန်မလည်း ရှင့်ကို သတိရနေတာပါပဲနော်။ ဘယ်လိုပြောရမလဲ၊ ကျွန်မက ဒေါ်ပန်းမြိုင်ရဲ့ သမီးပါ။ အဲဒါကိုသာ ရှင့်အဘွားသိရင် ပန်းယောဝန့်ရင်ထဲမှာ လေးလံသွားသလို ခံစားလိုက်ရသည်။

"ပန်းယောဝန်"





"ရှင်"

ဒေါ်ဒေဝီ ဖြစ်နေသည်။ သားမှာရပ်နေတဲ့ မနှစ်သက်ချိုမျက်နှာကလည်း တင်းမာနေ၏။

"ညည်း စောစောက ကျုပ်တို့အဂ္ဂင်ယ်နဲ့ ဘာတွေပြောနေတာလဲ"

"ဘာမှမပြောပါဘူး"

ဒေါ်ဒေဝီတို့သားအမိကို ဂရုစိုက် စရာမလို၍ ဒေါက်တာပန်းယောဝန် လှည့်ထွက်ဖို့ ကြိုးစားမိသည်။

"နေပါဦး"

"ရှင်"

"ညည်းကို ပြောစရာရှိသေးတယ်"

"ကျွန်မမှာ ပြောစရာစကားမရှိပါဘူး"

"နေဦး"

"ကျွန်မမှာ အလုပ်တွေ ရှိနေသေးလို့ပါ"

"ဒီမှာဒေါက်တာ နန္ဒာမာမိက ဒီမှာ အာဏာမရှိဘူးဆိုပြီး ဂရုမစိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာချို့က မျက်နှာထားတင်းတင်းနှင့် မေးလေသည်။

"ကျွန်မတာဝန်က ကိုအဂ္ဂကြီးကို ဆေးဝါးကုသစောင့်ရှောက်ပေးဖို့ပဲလေ"

"ညည်းအလုပ် ညည်းမလုပ်ဘဲ ဘာဖြစ်လို့ ငါ့တူအဂ္ဂငယ်နဲ့ ပရောပရီလုပ်နေရတာလဲ"

"ရှင်"

"ကျုပ်တူတွေကို အမိဖမ်းဖို့ မကြိုးစားနဲ့နော်"

"ကျွန်မကို ဘာဖြစ်လို့ စော်ကားတဲ့စကားတွေ ပြောနေရတာလဲ ဒေါ်ဒေဝီ"

"ကျုပ်က ကြိုပြီး သတိပေးထားတာလေ၊ ကျုပ်တူအငယ်နဲ့ နန္ဒာချို့က လက်ထပ်ကြတော့မှာပဲ"

"အဲဒါ ကျွန်မနဲ့မဆိုင်ဘူးထင်တယ်"

ဒေါ်ဒေဝီတို့ကို ပန်းဟေဝန် စကားမပြောချင်ပေ။

အတ္တကြီးတဲ့ လူတွေဟု ထင်မိလေသည်။ ဟေဝန်က အမေ့ကိုတွေ့ဖို့ပဲ ဒီကိုရောက်လာတာပါ။

"ပန်းဟေဝန် ညည်း ကျုပ်ကို ဂရုမစိုက်လို့ မရဘူး





ဒီမဟူရာစံအိမ်ကြီးထဲမှာ မေမေပြီးရင် ငါက အာဏာအရှိဆုံးပဲ"

"ကျွန်မကို ဘွားမဟူရာက အလုပ်ခန့်ထားတာပါ၊ ကျွန်မ အလုပ်တာဝန်ကိုပဲ ကျွန်မ ထမ်းဆောင်ပါရစေ"

ဒေါက်တာပန်းဟေဝန် အပြေးအလွှားပင် ထွက်လာခဲ့ပါသည်။ အခန်းထဲရောက်တဲ့အထိ အသားတွေ တဆတ်ဆတ်တုန်ပြီး ဒေါသတွေ ဖြစ်နေမိ၏။

အမေ ဘာဖြစ်လို့ ကျွန်မကို အသိအမှတ်မပြုရတာလဲ။ ကျွန်မ အမေ့ကို တွေ့ချင်လို့ ဘယ်လောက်အထိ ကြိုးပမ်းခဲ့ရလဲ။

ဒေါ်ဒေဝီတို့ မိသားစုက ဟေဝန့်အား အထင်သေးစွာ ဆက်ဆံနေလေသည်။

ရင်ထဲမှာ နာကျင်နေ၏။ သူမ အခန်းထဲရောက်တော့ ကိုအဂ္ဂကြီးက တမှောင့်။

စိတ်ထဲမှာ ငိုချင်စိတ်တွေပင် ဖြစ်ပေါ်လာရသည်။ နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိ၏။

"ကျုပ်ကို ဒေါ်လေးမြိုင် ခေါ်ပေးပါ"

"ရှင့်ရဲ့ဆန္ဒတွေကို လိုက်လျောဖို့ ကျွန်မမှာ ဘာအာဏာ



www.burmeseclassic.com

www.burmeseclassic.com



မှ မရှိပါဘူး"

ကိုအငကြီးက ယောဝန့်ကို တင်းမာတဲ့ မျက်ဝန်းတွေနှင့် ပြန်ကြည့်သည်။

ရှင် ဘာဖြစ်လို့ ကျွန်မကို လက်မခံချင်ရတာလဲ။ ရန်သူ တစ်ယောက်လို ဆက်ဆံနေရတာလဲဟင်။

"ကျုပ်ကိုကူညီပါ ဒေါက်တာ၊ ဒေါ်လေးမြိုင် ဒီကနေ ထွက်သွားတော့မယ်ထင်တယ်"

"ရှင်"

"ကျုပ် အိပ်မက်မက်တယ်၊ ဒေါ်လေးမြိုင် ကျုပ်ကို လာနှုတ်ဆက်နေတယ်၊ ဒီကနေ ထွက်သွားတော့မယ်တဲ့"

"ရှင်"

"ကျုပ်နဲ့ ဒေါ်လေးမြိုင်က စိတ်ချင်းဆက်စပ်နေတယ်၊ ဒေါ်လေးမြိုင် ကျုပ်ကို စွန့်ခွာသွားတော့မယ်ထင်တယ်"

အငကြီး မေးခနဲ အိပ်ပျော်သွားတဲ့အချိန်တွင် ဒေါ်လေး မြိုင် အိမ်ကနေ ထွက်သွားသည်ဟု အိပ်မက်မက်လေသည်။

စိတ်တွေပွပင်သွားပြီး ဒေါ်လေးမြိုင်အား တွေ့ချင်သွားရ





၏။

"ကျုပ်ကို ခေါ်ပေးပါ၊ ဒေါ်လေးမြိုင် ထွက်မသွားအောင် ကျုပ်တားမယ်"

အမေထွက်သွားလို့တော့ မဖြစ်သေးပါဘူး။ ယောဝန်ရှေ့က နေ ထွက်သွားဖို့ အမေ ကြိုးစားတာပဲ မဟုတ်လား။

"အမေ ယောဝန့်ကို ထားခဲ့တော့မလား"

ယောဝန်ရင်ထဲမှာ ဝမ်းနည်းကြေကွဲမှုတွေနှင့် ငိုချင်သွားရ လေသည်။

"ဒေါက်တာ၊ ကျုပ် ဒေါ်လေးမြိုင်ကို အရမ်းသနားတယ်၊ ကျုပ်ဘဝမှာ ဒေါ်လေးမြိုင်မရှိလို့ မဖြစ်ပါဘူး၊ မင်းရဲ့ ဆေးကုသမှု တွေကို ကျုပ် ခံယူပါ့မယ်၊ ကျုပ်အနား ဒေါ်လေးမြိုင်ကို ခေါ်ထား ပေးပါနော်"

အမေ ဒီကနေ ထွက်မသွားအောင်တော့ ပန်းယောဝန် ကြိုးစားရမယ် ဖြစ်လေသည်။

ဒေါ်မဟူရာဆီမှ တောင်းဆိုရမယ်။ အမေထွက်သွားလို့ မဖြစ်သေးပါဘူး။ အမေ့ဆီ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲ ပန်းဟောဝန်၊ မင်းမှာ အဆင်မပြေတဲ့ ကိစ္စတွေ ရှိနေလား"

"ကိုအဂ္ဂကြီးက ဒေါ်လေးမြိုင်ကို ခေါ်ခိုင်းနေပါတယ်"

"မင်းကပဲ ငါ့မြေးကို ဖျောင်းဖျပေးပါ၊ မပန်းမြိုင်ကို ငါ့သားကြီးက ကွာရှင်းတော့မယ်"

"ရှင်"

"ကွာရှင်းတော့မှာ၊ ဒီကနေ မောင်းထုတ်ပစ်လိုက်တော့မှာ"

"ရှင်"

ဟောဝန် အထိတ်တလန့် ဒေါ်မဟူရာကို ကြည့်မိသည်။ အမေ့ကို မောင်းထုတ်ပစ်တော့မယ်တဲ့။ ရက်စက်လိုက်တာ၊ အမေ ရယ် ဖြစ်မှဖြစ်ရလေ။

"မပန်းမြိုင်နဲ့ ကျုပ်သားကို ကျုပ်က ခွဲပစ်ချင်နေတာပါ၊ ဒီမိန်းမနဲ့ ကျုပ် လုံးဝသဘောမတူပါဘူး၊ ကျုပ်မြေးဆန္ဒကို ကျုပ် မလိုက်လျှောနိုင်ဘူး"

အမေ ထွက်သွားတော့မည်ဆို၍ ဟောဝန် အထိတ်တလန့် ဖြစ်သွားရလေသည်။ မဖြစ်ဘူး တားဆီးရမယ်။

"လောလောဆယ်တော့ ဒေါ်ပန်းမြိုင်ကို ပြန်လွှတ်လို့ မဖြစ်သေးဘူးထင်တယ်၊ ကျွန်မ ဆေးကုသမှုခံယူအောင် ဒေါ်လေး မြိုင် ထွက်သွားလို့ မဖြစ်သေးပါဘူး"

"ဟင်"

"ကျွန်မ တောင်းပန်ပါတယ်၊ ဒေါ်ပန်းမြိုင်ကို ခဏ လောက်ထားပေးပါနော်၊ ကျွန်မ ကိုအဂ္ဂကြီးကို စည်းရုံးချင်လို့ပါ"

ဒေါ်မဟူရာကို သူမ တောင်းပန်စကားတွေ ပြောမိသည်။

အမေ ထွက်သွားတော့မယ်။ ဟောဝန့်ကို ရှောင်သွားတော့ မှာ မဟုတ်လား။

မဖြစ်ဘူး၊ အမေပျောက်သွားလို့ မဖြစ်ပါဘူး။ ဟောဝန့်ကို မထားခဲ့ပါနဲ့ အမေ။

"ကောင်းပြီလေ၊ ဒေါ်လေးမြိုင်ကို ခေါ်ပေးမယ်၊ ခဏ လောက်တော့ ထားပေးမှ ဖြစ်မယ်ဆိုရင်ပေါ့၊ အဘွားသားကို ပြော လိုက်ပါ့မယ်၊ ခက်ပါလားနော် ပန်းဟောဝန်၊ မင်းအလှနဲ့ စည်းရုံးမယ်"

"အရေးကြီးတာက ဒေါ်လေးမြိုင်ရှိနေဖို့ပဲ၊ ကျွန်မ တာဝန်




www.burmeseclassic.com

www.burmeseclassic.com



ယူပါတယ်၊ ဒေါ်လေးမြိုင်နဲ့ ခြိမ်းခြောက်ပြီး ကျွန်မ စည်းရုံးလို့ ရမှာမို့ပါ"

"ကျုပ်သွားပြောလိုက်ပါ့မယ်လေ"

"ကျွန်မကို ခွင့်ပြုပါဦးနော်"

ပန်းဟောဝန် စိတ်မောစွာဖြင့် ကိုအဂ္ဂကြီးအခန်းထဲ ပြန်ရောက်လာလေသည်။



# အခန်း (၁၃)

"မပန်းမြိုင် မင်း ဘယ်မှသွားလို့မဖြစ်သေးဘူး၊ ငါ့တူ အဂ္ဂကြီးက မင်းကို အရှမ်းတမ်းတနေတယ်၊ မင်းခဏနေပါဦး"

"မနေတော့ဘူး၊ ကျွန်မက ရှင်တို့အစေအပါးမှ မဟုတ် [illegible]၊ ကျွန်မ သွားပါရစေ၊ ရှင်လည်း ကျွန်မကို လက်ထပ်ပေါင်းသင်းချင်တာမှ မဟုတ်တာပဲ"

"ငါ့တူအဂ္ဂကြီး သေမှာကို မင်းကြည့်ရက်ရင်တော့ သွားပေါ့၊ ငါကတော့ မင်းကို မပေါင်းတော့ဘူး၊ ဟိုကောင်က [illegible]



www.burmeseclassic.com

www.burmeseclassic.com



တောင် မစားတော့ဘူးတဲ့၊ မင်းကိုပဲ အချိန်ပြည့် တမ်းတနေတယ်လေ''

''ဟင်''

ဒေါ်ပန်းမြိုင် စိတ်မောပြီး သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်မိသည်။

ဒီအိမ်မှာ မိမိနေလို့ မသင့်တော်ပါဘူး။ ထွက်သွားချင်ပြီ။ မိမိအပေါ် လုံးဝစေတနာမရှိတဲ့ မိသားစုဝင်တွေ။ မုန်းလိုက်တာ၊ နာကြည်းစရာအကောင်းဆုံးပဲ။

အဂ္ဂကြီးကိုတော့ ဒေါ်ပန်းမြိုင် သံယောဇဉ်တွယ်မိလေသည်။

''ဒေါ်လေးမြိုင်က ကျွန်တော့်အမေပါပဲ၊ ကျွန်တော့်ကို ပစ်ခွာမသွားပါနဲ့နော်၊ ကျွန်တော် တောင်းပန်ပါတယ်''

မိမိအတွက် စားဝတ်နေရေး မညှိုးငယ်ရအောင် အဂ္ဂကြီးက တာဝန်ယူသည်။ ရွှေလက်ဝတ်ရတနာကအစ ဆင်မြန်းပေးလေ၏။ မိမိက လက်မခံပေ။

''ဒေါ်လေးမြိုင် သိမ်းထားပါ၊ ဘဘကြီးကို မပြောနဲ့၊





ဘယ်သူ့မှ ပြောစရာမလိုဘူး၊ ဒေါ်လေးမြိုင်ကို ကျွန်တော် ပေးတာပဲ''

အဂ္ဂကြီးသည် မိမိအပေါ် မိခင်တစ်ယောက်လို အားကိုးတကြီးနှင့် ခင်တွယ်နေလေသည်။

စိတ်မောလိုက်တာနော်၊ ဘယ်လိုလုပ်ရမလဲ။ သမီးပန်းဟောဝန်ကို ခြေရာဖျောက်ချင်နေသည်။ မိမိသမီးအဖြစ် ဘယ်တော့မှ လက်မခံနိုင်ပါဘူး။

အမေ့ဘဝက နံ့ချာပါတယ်။ နာမည်ပျက်တွေနဲ့ပါ။

''မပန်းမြိုင်''

''ရှင်''

''မင်းနေချင်ရင် ဆက်နေလို့ ရတယ်နော်၊ ငါ့အမေက မင်း ဆက်နေဖို့ ပြောနေတယ်''

ရှင့်အမေက ကျွန်မကို လိုလားတာမဟုတ်ပါဘူး။ နှိမ်ချင်တာမဟုတ်လား။ ကျွန်မ အရမ်းမုန်းတာပဲ။ ကျွန်မ အမှားတွေအတွက် ကျွန်မ ပေးဆပ်ချင်တာပါပဲ။

''မင်းကိုတော့ အဂ္ဂကြီးက အရမ်းတွယ်တာတယ်၊ အစား



www.burmeseclassic.com

www.burmeseclassic.com



အစာတောင် မစားဘူး၊ မင်းသဘောပါပဲ''

ကိုမောင်မောင်တင်ကလည်း မိမိအပေါ် မကောင်းပေ။ အဂ္ဂကြီးကို ပြုစုစောင့်ရှောက်ရင် မိမိနေခဲ့သည်။

''ဒေါ်လေးမြိုင်က သားအမေပါ၊ ဒေါ်လေးမြိုင် အိမ်မှု ကိစ္စတွေ မလုပ်ပါနဲ့၊ သားအနားမှာပဲ နေပါနော်''

အဂ္ဂကြီးက မိမိကို လိုလေသေးမရှိ ကျွေးမွေးစောင့်ရှောက် သော်ငြားလည်း ... ပမဲ့ ဒေါ်မဟူရာနှင့် မဒေဝီတို့က နှိမ်ချဆက်ဆံလေသည်။

''ကျုပ်မြေးဆီက ဘာမှ မချူနဲ့နော်၊ မယူနဲ့၊ ညည်းဘာ ႕ လက်မခံနဲ့''

အဂ္ဂကြီးကတော့ မိမိအပေါ် အလွန်ကောင်းသည်။ မိခင် ဘက်ယောက်ပမာ ချစ်ခင်ကြင်နာသည်။

ဒေါ်ပန်းမြိုင် ဒီကနေ ထွက်သွားဖို့အတွက် နောက်ဆံတင်း နေ၏။

''ကျွန်တော်သေမှာပဲ ဒေါ်လေးမြိုင်သာ မရှိရင် ကျွန်တော့် အသက်မရှင်နိုင်ဘူး''

ကိုမောင်မောင်တင်ကတော့ မိမိအား ဂရုမစိုက်စွာဖြင့်





ထွက်သွားလေသည်။ မိမိကျန်ခဲ့၏။ ဘာဆက်လုပ်ရမလဲ၊ သမီးနှင့် ဝေးရာကို မိမိထွက်ပြေးချင်နေမိလေသည်။

''မပန်းမြိုင်''

''ရှင်''

ယောက္ခမကြီး ဒေါ်မဟူရာ ဖြစ်နေလေသည်။

လေသံက ပျော့နေ၏။ မိမိကို ဘယ်တုန်းကမှ လေသံ ပျော့ပျော့ပင် မဆက်ဆံဘူးပေ။

''ညည်း ဒီကနေ ထွက်မသွားပါနဲ့ဦး၊ ကျုပ်မြေးက ညည်း ကို အရမ်းတမ်းတနေတယ်၊ ပန်းဟောဝန်နဲ့ ရင်းနှီးမှုရှိလာအောင် ညည်း ကြားကနေ လုပ်ပေးစမ်းပါ''

ဒေါ်ပန်းမြိုင် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ထိုင်နေမိသည်။

မလုပ်ပေးနိုင်တော့ဘူး။ သမီးအနားမှာ ကျွန်မ ဆက်မနေ ချင်တော့လို့ပါ။ အဝေးကို ထွက်သွားချင်နေမိလေသည်။

''မပန်းမြိုင် ကျုပ်မြေးသေတော့မှာ အစားတောင်မစား တော့ဘူးတဲ့၊ ညည်း ဖျောင်းဖျပေးစမ်းပါ၊ ဒီတစ်ခါတော့ ညည်း ဆီမှာ တောင်းဆိုတာပါအေ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သွားတော့မယ် မဟူရာစံအိမ်ကြီးထဲမှာ ရှိတဲ့ လူတွေရဲ့ အကြီးမားဆုံးဆန္ဒက ကျွန်မကို ထွက်သွားစေချင်တာပဲ မဟုတ်လား"

"ညည်း အကျပ်ကိုင်တာလား မပန်းမြိုင်"

ရှင်တို့က ကျွန်မအပေါ် နည်းနည်းမှ ကိုယ်ချင်းစာတရား မရှိ မုန်းတီးရန်လိုနေကြတာပါပဲလား။

"မေမေထင်ချင်သလို ထင်ပါ၊ ကျွန်မကတော့ ပေးဆပ်မှုတွေ ကုန်ဆုံးသွားပြီလို့ ထင်ပါတယ်၊ ကျွန်မ သွားပါရစေတော့၊ မေမေ စစ်ဆေးပါ၊ ကျွန်မ ဘာတွေယူသွားလဲလို့ ဒါမှမဟုတ် မနှင်းကြွေ စစ်ဆေးပါစေ"

ဒေါ်ပန်းမြိုင်ကို ဒေါ်မဟူရာ နည်းနည်းတော့ သနားမိသလို ဖြစ်သွားရလေသည်။

မိမိတို့မိသားစုအပေါ် နှစ်ပေါင်းများစွာ အလုပ်အကျွေးပြုနေသူပဲ ဖြစ်လေ၏။

သင်းက လင်ကြီးငုတ်တုတ်နဲ့ မိမိသားကို လက်ထပ်ခဲ့တာပဲ။ သားမောင်မောင်တင်ကလည်း ရှုပ်ပွေသူပဲလေ။





"မပန်းမြိုင် ကျုပ်မြေးအပေါ် ညည်း တကယ်ရက်စက်တော့မှာလား၊ မြေးအဂ္ဂကြီးက အစားအသောက်တောင် ကောင်းကောင်းမစားတော့ဘူး"

ဒေါက်တာပန်းဟောဝန် ပြောသလို မပန်းမြိုင်ကို ခဏ လောကတော့ ဆွဲထားရမည်ဖြစ်လေသည်။

"ညည်းမသွားပါနဲ့ဦး၊ ငါ့မြေးကြီးနဲ့ ဒေါက်တာပန်းဟောဝန်တို့ အဆင်ပြေသွားအောင် ညည်း ကူညီစမ်းပါအေ"

ရှင်ကြီး တော်တော်အတ္တကြီးတာပဲ။ ကျွန်မကို အသုံးချလို့ကို မပြီးတော့ဘူး။ ရှင်တို့ အကျိုးစီးပွားအတွက် ကျွန်မ ဘယ်လောက်အထိ ပေးဆပ်ရမှာလဲ။

သမီးကိုတော့ အဂ္ဂကြီးကို စောင့်ရှောက်စေချင်မိသည်။ အဂ္ဂကြီးနှင့် အဂ္ဂငယ်သည် မဟူရာမိသားစုဝင်တွေနှင့် မတူဘဲ စိတ်သဘောထား ဖြူစင်ကောင်းမွန်သူတွေပါ။

"ငါတောင်းပန်နေတာပါ မပန်းမြိုင်၊ ညည်းကို တစ်သက်လုံး နှိမ်ချဆက်ဆံခဲ့တာတွေ မေ့ပစ်လိုက်ပါတော့၊ ကျုပ်မြေးကြီး အဂ္ဂကြီးအတွက်ပါ ကျုပ်မရှိတော့ရင် ကျုပ်မြေးအနာဂတ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်သဘောထားပြည့်ဝပြီး အစွမ်းအစရှိတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ထားမှ စိတ်အေးရမှာမို့ပါ''

ဒေါ်မဟူရာမရှိလျှင် အဂ္ဂကြီးကတော့ မလွယ်ပေ။ ဒေါ်ဒေဝီက မတရားလုပ်မှာပဲ။ ကိုမောင်မောင်တင်ကလည်း နောက်မိန်းမယူမှာပါပဲ။

''ဒေါက်တာပန်းယောဝန်ကို ကျုပ်မြေးနဲ့ လက်ထပ်စေချင်ပါတယ်၊ အဂ္ဂကြီးကတော့ ညည်းကို အမေတစ်ယောက်လိုပဲ သဘောထားတာပဲအေ''

အဂ္ဂကြီးအတွက်ဆိုရင်တော့ မိမိဖြည့်စွမ်းပေးချင်နေမိလေသည်။

''ဒုက္ခိတတစ်ယောက်ရဲ့ အနာဂတ်အတွက်ပါ၊ ဒီကလေးက ညည်းလက်ပေါ်မှာ ကြီးပြင်းလာတာပဲ''

မိမိ မဟူရာစံအိမ်ကြီးထဲ ရောက်လာတော့ အဂ္ဂကြီးက ငယ်ငယ်လေး။ သမီးအရွယ်ဖြစ်နေ၍ မိမိ ချီပိုးထိန်းကျောင်းခဲ့လေသည်။

''ကျုပ်မြေးကိစ္စကူညီတဲ့အတွက် ဒီအိမ်ရဲ့ အနိမ်ခံဘဝက





နေ လွတ်မြောက်ခွင့်ပေးမယ်၊ ညည်းထွက်သွားရင်လည်း ကျုပ်ထိုက်သင့်သလောက် ပေးပါ့မယ်အေ''

ဒေါ်မဟူရာက မိမိကို အတော်လေး အလျှော့ပေး၍ စည်းရုံးသိမ်းသွင်းနေလေသည်။ မိမိကတော့ အဂ္ဂကြီးအတွက် လုပ်ဆောင်ပေးချင်မိ၏။

''တစ်လနှစ်လလောက်ပါပဲ မပန်းမြိုင်၊ ကျုပ် ညည်းအပေါ် အတ္တကြီးပြီး ပြောဆိုဆက်ဆံမှုတွေအတွက် တောင်းပန်ပါတယ်''

ဒေါက်တာပန်းယောဝန်က ကျွန်မသမီးပါ ဒေါ်မဟူရာ။ ကျွန်မသမီးဆိုတာ သိသွားရင် သဘောတူပါဦးမလား။

''မပန်းမြိုင်''

''ရှင်''

''ညည်းမမှားပါဘူး၊ ညည်းမလွန်ဘူးဆိုတာ ကျုပ်သိပါပြီအေ၊ ကျုပ် တောင်းပန်ပါတယ်၊ ကျုပ်မြေးအဂ္ဂကြီးအတွက် ညည်းကူညီပါ''

''ကျွန်မ ကူညီပါ့မယ်၊ တစ်လလောက်တော့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဆက်နေပေးပါ့မယ်၊ ဒါပေမဲ့ ကျွန်မအတွက် သီးသန့်အခန်းလေး တစ်ခန်းတော့ ပေးပါ''

ကိုမောင်မောင်တင်နှင့် တစ်ခန်းတည်း မအိပ်လိုတော့ပေ။ မိမိအပေါ် ရက်စက်လွန်း၍ နာကြည်းနေမိသည်။

''ညည်းကြိုက်သလို စီစဉ်ပေးပါ့မယ်အေ''

အဂ္ဂကြီးအတွက်တော့ မိမိလုပ်ဆောင်ပေးဖို့ သဘောတူလိုက်လေသည်။

''ကျွန်မ ဘာအခွင့်အရေးမှ မယူချင်ပါဘူး၊ မေမေ အနေနဲ့ ဒေါက်တာပန်းဟောဝန်အကြောင်း လေ့လာပြီးပြီလားဟင်''

''ကျုပ်သဘောကျပါတယ်၊ ဒေါက်တာပန်းဟောဝန်က ရိုးသားဖြူစင်တဲ့ မိန်းကလေးပါ''

ကျွန်မသမီးလေးပါလို့ ပြောချင်ပေမဲ့ မိမိသမီးလေးဟု ဘယ်တော့မှ ဝန်မခံဘူးဟု ဆုံးဖြတ်လိုက်မိလေသည်။

''ကျွန်မ အဂ္ဂကြီးအခန်း သွားလိုက်ပါ့မယ်''

''ကျေးဇူးပါပဲ မပန်းမြိုင်၊ ညည်းကို အောက်ထပ်မှာ အခန်းတစ်ခန်းပေးဖို့ ကျုပ် စီစဉ်ပါ့မယ်''





''ဟုတ်ကဲ့''

ဒေါ်ပန်းမြိုင်ကတော့ အဂ္ဂကြီးအတွက် မဟူရာစံအိမ်ကြီးမှာ ဆက်နေဖို့ ဆုံးဖြတ်လိုက်လေသည်။

အဂ္ဂကြီး အခန်းရောက်တော့ ဝမ်းသာအားရနှင့် ဆီးကြိုရှာလေ၏။

''အမေ ကျွန်တော့်ကို ပစ်မသွားပါနဲ့နော်၊ အမေမရှိရင် ကျွန်တော် အသက်ရှင်ပြီး နေလို့ရမှာ မဟုတ်လို့''

''သားရယ်''

အဂ္ဂကြီးကို ဖက်ပြီး ဒေါ်ပန်းမြိုင် မျက်ရည်ကျမိလေသည်။ မိမိကို အမေကဲ့သို့ ချစ်နေတာပါပဲလား။

''ဒေါ်လေးမြိုင် သားကိုပစ်ပြီး မသွားတော့ပါဘူးကွယ်၊ သားကို စောင့်ရှောက်ပါ့မယ်''

သမီးကတော့ မိမိအနားမှာ ရပ်နေပြီး အခြေအနေကို စောင့်ကြည့်ခတ်နေလေသည်။

''ဒေါ်လေးမြိုင်''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"အခုလိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်မနဲ့ ပူးပေါင်းပြီး ကိုအဂ္ဂကြီးကို ဒုက္ခိတဘဝကနေ လွတ်မြောက်အောင် ကြိုးစားကြမယ်လေ"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

သမီးဘဝ ကောင်းစားရေးအတွက် အမေ ဘယ်တော့မှ သမီးအမေအဖြစ် ဝန်မခံဘူး ဟောဝန်။

အမေ့လို မိန်းမမျိုးကို အမေအဖြစ် အသိအမှတ် မပြုချင် ပါနဲ့ကွယ်။

စိတ်ထဲကနေ ပြောရင်း ရင်ထဲမှာတော့ နာကျင်ကြေကွဲ နေလေသည်။

မျက်ရည်တွေကို ထိန်းချုပ်ထားရ၏။ အမေက မိုက်မဲတဲ့ မိန်းမတစ်ယောက်ပါသမီးရယ်။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ ဖိကိုက်ထားလေသည်။



## အခန်း (၁၄)

"ရှင်သဘောတူညီမှုနဲ့ ရှင်ပဲ၊ ကျွန်မစကားတွေကို နား ထောင်ရမယ်နော်၊ ကိုအဂ္ဂကြီး ကျွန်မကို လက်ခံပါ"

အဂ္ဂကြီးကတော့ ဒေါ်လေးမြိုင်အနားမှာ ရှိဖို့ပဲ လိုအပ် နေသည်။ ဒေါက်တာပန်းဟောဝန်နှင့် သဘောတူညီထားခဲ့သည်။

မိန်းမချောလေးတစ်ယောက်နှင့် မပတ်သက်လိုပေ။ အဂ္ဂကြီးဘဝကို ဖျက်ဆီးခဲ့တာပဲဟာ။

အကင်းရှင်းဆုံးနေချင်ကာမှ ဒေါက်တာပန်းဟောဝန်အား



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ လာထားနေသည်။

စိတ်ရှုပ်လိုက်တာနော်။

"ကိုအဂ္ဂကြီး"

"ဟင်"

"ရှင် လှေကျင့်ခန်း ဆင်းရမယ်"

"ရှင့်ခြေထောက်ကောင်းသွားအောင်လေ၊ လှေကျင့်ခန်း လုပ်ရမယ်"

ကိုအဂ္ဂကြီးရယ် ဟောဝန် ရှင့်ကိုလည်း သံယောဇဉ်တော့ ဖြစ်မိပါတယ်။ ရှင် လူကောင်းပကတိဖြစ်မှ ဖြစ်မှာပါ။

"ကျွန်မစကားကို နားထောင်ပါ့မယ်ဆို"

"ဒေါ်လေးမြိုင်"

"ဘာလဲသားရယ်"

"ကျွန်တော့်ကို ဒေါ်လေးမြိုင်တွဲပါ"

အမေကတော့ မျက်နှာထားတင်းတင်းနှင့် ရပ်နေသည်။ ဟောဝန့်အား လုံးဝ အသိအမှတ်မပြုသေးပေ။

ဟောဝန် သိပါတယ်။ အမေ့နာမည် ဂုဏ်သတင်းတွေ





ပျက်နေလို့ အမေက ဟောဝန့်အမေဘာဝကို မခံယူချင်တာပဲ မဟုတ်လား။

"မောင်အဂ္ဂကြီးရယ် ဒေါက်တာပန်းဟောဝန်က စေတနာနဲ့ တာဝန်ရှိလို့ ပြုစုပေးနေတာပဲ၊ မင်းလက်ခံလိုက်ပါကွယ်"

ဒေါ်ပန်းမြိုင်ကတော့ သမီးကို ဒီကနေ ထွက်သွားစေချင်မိလေသည်။

မောင်အဂ္ဂကြီးက စိတ်သဘောထားပြည့်ဝပေမယ့် မိမိသမီးဆိုတာ သိသွားရင် လက်ခံကြပါ့မလား။ သမီးပဲ စိတ်သောကတွေ ရောက်ရမှာပါကွယ်။

"ဒေါ်လေးမြိုင်ပဲ တွဲပါ၊ ကျွန်တော်မိန်းမတွေနဲ့ မပတ်သက်ချင်လို့ပါ"

အဂ္ဂကြီးကလည်း ခပ်ပြတ်ပြတ်ပဲ ပြောပစ်လိုက်မိသည်။ အသွားက ဒေါက်တာပန်းဟောဝန်နှင့် သူ့ကို နီးစပ်စေချင်နေ၏။ မဖြစ်နိုင်ပါဘူး၊ သူကတော့ မိန်းမတွေကို လုံးဝအထင်မကြီးတော့ပါဘူး။

"ကျွန်တော့်ကို ဒေါ်လေးမြိုင်ပဲ တွဲပါ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းယောဝန်က ငြိမ်နေမိသည်။ ကိုအဂ္ဂကြီးအနေနှင့် အမေ့ကို တွယ်တာနေတာ ကောင်းပါတယ်လေ။ ဒါမှ အမေ့ကို တွေ့ရမှာပါ။

"ဒေါ်လေးမြိုင်ပဲ တွဲခေါ်ပေးပါ၊ အရေးကြီးတာက ကိုအဂ္ဂကြီး လေ့ကျင့်ခန်းဆင်းဖို့ပါပဲ"

"မဖြစ်ပါဘူး ဒေါက်တာ၊ ကျုပ်အခန်းသန့်ရှင်းရေးနဲ့ အစားအစာကျွေးမွေးတဲ့ တာဝန်ပဲ ယူပါရစေ၊ ကျန်တာ ဒေါက်တာပဲ လုပ်ပါနော်"

ဒေါ်ပန်းမြိုင် သမီးရှေ့မှ ထွက်သွားချင်နေမိသည်။ ဒေါက်တာပန်းယောဝန်ဆိုတဲ့ ဘဝလေးက သမီးအတွက် ဂုဏ်ဒြပ်တွေ မြင့်မားပါတယ်ကွယ်။

အမေက နာမည်ပျက်နဲ့ပါ သမီးယောဝန်ရယ်၊ အမေ့ကို သတိတရ ရှိသေးလေးစားနေတာ သိရရင် အမေ ကျေနပ်ပါပြီ။

"ဒေါ်လေးမြိုင် သွားတော့မယ်နော်၊ သားကြီး မင်းကျန်းမာရေးအတွက် ဒေါက်တာက ကူညီတာပဲ၊ မင်းလက်ခံပါ"

ဒေါ်ပန်းမြိုင်အနားကနေ ရှောင်ထွက်လာခဲ့လေသည်။





"ကိုအဂ္ဂကြီး"

"ဟင်"

"ထပါ"

"ကျုပ်ကို မတွဲနဲ့"

"ရှင့်ကိုယ်ရှင် အားကိုးပြီး မထနိုင်ဘူးလေ၊ ကျွန်မ တောင်းပန်ပါတယ် ကိုအဂ္ဂကြီး၊ ငွေကြေးအဆင်မပြေလို့ ဒီအလုပ်ကို လက်ခံတာပါ၊ ရှင်က ငြင်းဆန်နေရင် ကျွန်မ ဘယ်လိုဆက်ပြီး ရပ်တည်ရတော့မလဲဟင်"

ကျွန်မဟာ ရှင့်စည်းစိမ်ဥစ္စာတွေကို မက်မောလို့ ထင်နေလား၊ ဟင် ဝေးသေးတယ်၊ ကျွန်မအမေကြောင့်ပါ။

"ကျွန်မ ဒီကနေ ထွက်မသွားနိုင်သေးလို့ပါ၊ ကျွန်မ တာဝန်ကို ထမ်းဆောင်ပါရစေ၊ ရှင်ပဲ ဒေါ်လေးမြိုင် အနားရောက်လာရင် ကျွန်မနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆို"

"ကဲပါဗျာ...ခင်ဗျား ဘာလုပ်ချင်လဲ၊ ကျုပ် နာခံမယ်၊ ဒေါ်လေးမြိုင် ကျုပ်အနားရောက်လာလို့ ကျုပ်ကတိအတိုင်းပဲ ကျုပ်နာခံမယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အမိ ဘာတွေစဉ်းစားနေတာ ပဲ"

"ရှင်"

"အမိကို ကြည့်ရတာ ငေးငိုင်သွားသလိုပဲ၊ အမိမှာ အခက်အခဲတွေ ရှိနေလား"

"အင်း"

"ငွေကြေးကိစ္စလား"

"အင်း"

"မင်းလိုအပ်တဲ့ ငွေကြေး ကျုပ်ပေးမယ်ဆိုရင်ရော"

"ကျွန်မ ငွေမက်တဲ့မိန်းမတော့ မဟုတ်ပါဘူးနော်၊ ကျွန်မ အလုပ်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ချင်ပါတယ်"

ဒေါက်တာ ပန်းဟောဝန်ရဲ့ မျက်နှာလေးအား ငေးစိုက်ကြည့်မိလေသည်။

သူချစ်သူနှင့် ဘာမှမဆိုင်ပေ။ ရိုးသားဖြူစင်တဲ့ မျက်နှာလေးကို တွေ့နေရသည်။

"ရှင့်ရဲ့တိုးတက်မှုတွေကို လုပ်ဆောင်ပြနိုင်မှ ကျွန်မ ငွေ လက်ခံထားတာ ကောင်းမှာပေါ့ ကိုအဂ္ဂကြီး"





ဒေါက်တာ ပန်းဟောဝန်အား သနားသွားမိသည်။ အဂ္ဂကြီး နှလုံးသားတွေ တုန်လှုပ်သွားလေသည်။

လုပချောမောပြီး ရိုးသားဖြူစင်တဲ့ မိန်းကလေးပါ။

"ပန်းဟောဝန်"

"ရှင်"

"ကိုယ် တောင်းပန်ပါတယ်၊ မင်းရဲ့ အလုပ်တာဝန်တွေကို ကျုပ် မနှောင့်ယှက်သင့်ပါဘူး"

ကိုအဂ္ဂကြီး စိတ်သဘောထားပြောင်းသွား၍ ဟောဝန် နည်းနည်းတော့ စိတ်အေးသွားရလေသည်။

"ဒေါ်လေးမြိုင်ကို ကိုယ့်အနားမှာ နေခွင့်ပြုတဲ့အတွက် ကျုပ် ကျေးဇူးတင်ပါတယ်"

"ကိုအဂ္ဂကြီး"

"ပြောပါ"

"ကျွန်မအပေါ် ရှင့်စိတ်ထားတွေ ပြောင်းသွားတာ ကျွန်မ ကျေးဇူးအများကြီးတင်ပါတယ်"

အမေနဲ့ နေခွင့်ရ၍ ကိုအဂ္ဂကြီးကိုတော့ အလိုက်အထိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုဆက်ဆံရမည် ဖြစ်လေသည်။

အမေ ဟောဝန့်ကို အသိအမှတ်ပြုပါနော်၊ အမေနဲ့သာ အတူတူနေရရင် ဟောဝန် ဘယ်လိုပဲ နေရနေရ နေပါ့မယ်။

"ကိုအဂ္ဂကြီး"

"ဟင်"

"ရှင့်စိတ်တွေကို မာကျောအောင် ကြိုးစားပါနော်၊ ဒါမှ ရှင့်ခြေထောက်တွေ ပြန်ကောင်းမှာပါ၊ မိန်းမတစ်ယောက်အတွက် ရှင့်ဘဝကို အရှုံးမပေးသင့်ပါဘူးနော်"

"မင်းကိုကြည့်ပြီး ကိုယ် အင်အားတွေ ရှိလာသလိုပါပဲ၊ ကိုယ် ကြိုးစားမယ်၊ ကိုယ့်ဘဝကို အရှုံးမခံတော့ဘူး"

"ကျွန်မ ဝမ်းသာလိုက်တာ၊ ဘွားက အရမ်းကို ဝမ်းသာမှာပဲ"

"မင်းအတွက်ပါ"

ဒေါက်တာပန်းဟောဝန်အား အဂ္ဂကြီး အားကိုးတကြီး ဖြစ်သွားရလေသည်။

သံယောဇဉ်တွယ်သွားရ၏။ မင်းဟာ လှပချောမောပြီး





စိတ်သဘောထား ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပါပဲ။

ကိုယ်အားရှိလာတယ်၊ ဘဝတိုးတက်မှုအတွက် ကြိုးစားကြည့်ချင်လာတယ်။ ဟုတ်တယ် အရှုံးမပေးဘူး။

အဂ္ဂကြီး ကြိုးစား၍ လမ်းလျှောက်နိုင်အောင် ကြိုးစားနေသည်။

သူ့စိတ်ဓာတ်တွေကျပြီး ဘဝကို အရှုံးပေးလိုက်တော့၍ ဘာမှမလုပ်တော့။

"ရှင်ယောက်ျားပဲလေ ဘာမှအားမငယ်ပါနဲ့၊ ကျွန်မနဲ့ ရှင် ပူးပေါင်းပြီး ဘဝကို ကြိုးစားကြမယ်"

"အိုကေ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြသည်။

ဟောဝန် သတိရနေမိတာက ကိုအဂ္ဂငယ်ကိုပါပဲ။ ကိုအဂ္ဂကြီးရော ကိုအဂ္ဂငယ်ရော မဟူရာစံအိမ်ကြီးထဲမှာ ရှိကြတဲ့ မိသားစုဝင်တွေနဲ့ ဘာမှမဆိုင်ပေ။

"ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"မင်း တစ်ချက်တစ်ချက်ကြရင် တစ်စုံတစ်ခုကြောင့် မင်း မျက်ဝန်းလေးတွေက ဆွေးနေသလိုပဲ"

"ကျွန်မ အလုပ်တာဝန်တွေကြောင့်ပါ ကိုအဂ္ဂကြီး၊ ငွေကြေးအပူတွေကြောင့်ပါ၊ ရှင်နဲ့တော့ ဘာမှမဆိုင်ပါဘူးနော်"

"အိုကေ…လိုအပ်ရင် ကိုယ့်ကိုပြောနော်၊ ကိုယ် အားလုံး ကူညီမယ်"

"ဟုတ်ကဲ့"

ကိုအဂ္ဂကြီးကတော့ လမ်းလျှောက်လေ့ကျင့်နေသည်။ အားကြိုးမာန်တက် ကြိုးစားနေ၏။

ယောဝန်အောင်မြင်မှုပါပဲ။ အခိကတော့ အမေ့ကိုခေါ်ထုတ်သွားချင်တာပဲ ဖြစ်သည်။

"ရှင်ကြိုးစားပါ တဖြည်းဖြည်း အောင်မြင်လာမှာနော်"

ယောဝန်ကတော့ အနားကနေ အားပေးနေလေသည်။



# အခန်း (၁၅)

"ပန်းယောဝန်"

"ရှင်"

"ကိုကို့အခြေအနေ အတော်လေး တိုးတက်နေပြီပဲ"

"ဟုတ်တယ် ကိုအဂ္ဂငယ်၊ ဒေါ်လေးမြိုင် ကူညီတာလည်း ပါပါတယ်"

"မင်းကြောင့်ပါ၊ ကိုကိုက မင်းကို လက်ခံသွားပြီလေ၊ ကိုယ်အရမ်းဝမ်းသာတာပဲ ပန်းယောဝန်၊ ပန်းယောဝန့်မျက်နှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



သူငေးပြီး စိုက်ကြည့်နေမိလေသည်။

လှပချောမွတ်နေတဲ့ မျက်နှာလေးက ဖွဲ့သောင်မှုတွေ အပြည့်အဝရှိနေ၏။ ချစ်ခင်စွဲမက်ဖွယ်ကောင်းတဲ့ မိန်းမချောလေးပဲ။

အင်္ဂလိပ်ဘဝမှာ စီးပွားရေးကလွဲပြီး တခြားမိန်းကလေးတွေနဲ့ ပတ်သက်တာတွေ စိတ်မဝင်စားခဲ့ပေ။

ဒေါက်တာပန်းဟောဝန်ကိုတွေ့မှာ အချစ်ဆိုတာကို ခံစားလာမိလေသည်။

"ကိုအင်္ဂလိပ် ဟောဝန် သွားတော့မယ်နော်၊ မနက်စာ စားဖို့လေ"

"ဟောဝန် မနက်စာ မစားရသေးဘူးလား"

"ဟုတ်ကဲ့"

"အတော်ပဲ ကိုယ်လည်း မစားရသေးဘူး၊ သွားစားတော့မလို့"

ဟောဝန် မနက်စာစားဖို့ ကိုအင်္ဂကြီးအခန်းမှ ထွက်လာစဉ် ကိုအင်္ဂလိပ်နှင့် လမ်းမှာ တွေ့ဆုံခြင်းပင်။

"ကိုယ်အဖော်ရတာပေါ့"





"ဟို…ဟို ကျွန်မနဲ့ နှစ်ယောက်အတူတူ စားလို့ဖြစ်ပါ့မလား၊ တော်ကြာ ဘွားမဟူရာတို့ မိသားစုက ကြိုက်ချင်မှ ကြိုက်မှာပါနော်"

"ကိစ္စမရှိပါဘူး၊ ဘွားက မင်းကိုချစ်ပါတယ်၊ မင်းနဲ့ သင့်မြတ်အောင်နေဖို့ ဘွားက မှာထားပါတယ် ပန်းဟောဝန်"

ပန်းဟောဝန်လည်း ငြင်းဆန်ရမှာ အားနာ၍ စားသောက်ခန်းထဲ အတူတူထွက်လာခဲ့လေသည်။

လမ်းမှာ ဒေါ်ဒေဝီတို့သားအမိနှင့် ဆုံတော့၏။

"တူလေး ထမင်းစားဖို့လား အတော်ပဲ၊ အကြီးရော နန္ဒာပါ ထမင်းစားကြတော့မလို့"

ကြီးကြီးဒေဝီကြောင့် အင်္ဂလိပ် ခက်သွားလေသည်။ နန္ဒာချိုကို ဘယ်လိုမှ ကြည့်မရပေ။

"ဒေါက်တာရော မနက်စာစားမလို့လား၊ ကျွန်မ အခန်းထဲ ပို့ခိုင်းလိုက်ပါ့မယ်၊ မသော်ရေ ဒေါက်တာ့ကို အခန်းထဲ ထမင်းပို့ပေးလိုက်ပါ၊ ဒေါက်တာ ဒီမှာ လာစားရတာ အားနာစရာကြီး ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မသော်ဆိုတာကို ဒေါ်ဒေဝီ ဝေယျာဝစ္စတွေ လုပ်ပေးဖို့ ငှားထားကြောင်းပင်။

"ကဲ…ဒေါက်တာ မသော်လာပို့ပါလိမ့်မယ်၊ အားနာ စရာကြီးရှင်၊ နောက်ဆို မီးဖိုခန်းထဲအထိ လာမစားပါနဲ့"

ဒေါ်ဒေဝီ မျက်နှာထားတင်းတင်းနှင့် ခပ်ပြတ်ပြတ်ပဲ ပြော လိုက်သည်။

"လာလေ တူလေး၊ ကြီးကြီးတို့ ထမင်းလက်ဆုံမစား ရတာ ကြာပြီပဲကွယ်၊ လာ ကြက်ကြိုက်တုန်း အတူစားရအောင်"

ဒေါက်တာပန်းဟောဝန် ပြန်ထွက်သွား၍ အဂ္ဂငယ် အလွန် အမင်း အားနာသွားရလေသည်။

ကြီးကြီးကတော့ ဒုက္ခပါပဲ၊ အဂ္ဂငယ်လည်း ကြီးကြီးဖြစ် နေ၍ ပြောရခက်နေသည်။ မတတ်နိုင်တော့ ဒေါက်တာပန်းဟောဝန် ကိုတော့ အနူးအညွတ်တောင်းပန်ရမှာပဲလေ။

"အဂ္ဂငယ်"

"ဗျာ"

"ဒီဒေါက်တာမကို အရောတဝင် မနေစမ်းပါနဲ့၊ ဘာမှန်း





ကိုမသိဘူး၊ ဒီကို ဘာရည်ရွယ်ချက်နဲ့ ရောက်လာမှန်းမသိ"

"ကြီးကြီးရယ် ဘွားရွေးချယ်တာ မမှားနိုင်ပါဘူး၊ အားနာ စရာကြီး၊ ကိုကိုအတွက် လိုအပ်နေတဲ့ ဆရာဝန်လေ"

"ဒီဆရာဝန်မက ဘယ်လိုအကြံအစည်တွေနဲ့ လာမှန်းမှ မသိတာပဲ"

ကြီးကြီးဒေဝီမှာ အကြံအစည်ရှိနေတာ အဂ္ဂငယ် သိနေ သည်။ နန္ဒာချိုနှင့် သူတို့ညီအစ်ကို တစ်ယောက်ယောက်နှင့် နီးစပ် စေချင်နေသည်။

နန္ဒာချိုကို အမြင်ကတ်မိ၏။ မပတ်သက်လိုပေ။ ကြီးကြီး ဒေဝီ့ကို အားနာ၍ နန္ဒာချိုနှင့် ပတ်သက်ဆက်ဆံနေရသည်။

"နန္ဒာချို သားငယ်ကို ထမင်းထည့်ပေးလေ"

"ကျွန်တော့်ဟာသာ ကျွန်တော် ထည့်ပါ့မယ် ကြီးကြီး"

"ရပါတယ်ကွယ်၊ နန္ဒာချိုက မိန်းကလေး အရမ်းပီသ တာပဲ၊ အချက်အပြုတ်လည်း ရတယ်၊ အိမ်ရှင်မပီသတယ်"

အဂ္ဂငယ် စိတ်တွေညစ်နေမိလေသည်။ နန္ဒာချိုနှင့် မပတ် သက်ချင်၊ ချစ်သောပန်းဟောဝန်ကိုပဲ သတိရ တမ်းတနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းလက်ဆုံစားဖို့ ရည်ရွယ်ထားတာ ကြီးကြီးနှင့် နန္ဒာချိုကြောင့် ပျက်သွားရလေသည်။

အဂ္ဂငယ် ထချင်နေမိ၏။

"နန္ဒာ ထမင်းပွဲပြင်ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့၊ ကိုအဂ္ဂငယ် နန္ဒာကို ဘာမှအားမငယ်ပါနဲ့နော်၊ ရှင့်ဝေယျာဝစ္စတွေ နန္ဒာ လုပ်ပေးပါရစေ"

နန္ဒာချိုက ထမင်းပွဲကို ပြင်ပေးနေသည်။ အဂ္ဂငယ်ကတော့ နန္ဒာချိုကို အမြင်ကတ်နေမိ၏။

ဒေါက်တာယန်းဟောဝန်ကိုပဲ သတိရနေရသည်။ ကိုယ်ယန်းဟောဝန်ကို ချစ်နေပါပြီ။ ကိုကိုအတွက်တဲ့...

"ကိုအဂ္ဂငယ်"

"ဟင်"

"စားလေ"

နန္ဒာချိုက ဟင်းတွေ ထည့်ပေးနေလေသည်။

"နန္ဒာ့လက်ရာ ကောင်းရဲ့လားဟင်"

"ကောင်းပါတယ် နန္ဒာချို"





အဂ္ဂငယ် ထွက်သွားချင်တဲ့ဆန္ဒတွေပဲ ဖြစ်ပေါ်နေမိသည်။

"အဂ္ဂငယ်၊ သားငယ် ကြီးကြီးက သွေးသားအရင်းကြီးတွေနော်၊ ကြီးကြီးစကားတွေကိုပဲ လက်ခံပါ"

"ဟုတ်ကဲ့"

"နန္ဒာချိုလေးနဲ့ တရင်းတနှီးနေပါ၊ ကြီးကြီးစီမံတာကိုပဲ လက်ခံပါ"

"ဟုတ်ကဲ့"

"မနက်ဖြန် နန္ဒာ့ကို မြို့ထဲလိုက်ပို့ပေးပါဦးကွယ်"

"ကျွန်တော် အလုပ်တွေမအားလို့ပါ၊ မနက်ဖြန် ငွေရှင်းဖို့အလုပ်တွေ ရှိနေလို့ပါ"

"ထားလိုက်စမ်းပါကွယ်၊ နန္ဒာချိုက တစ်ယောက်တည်းဖြစ်နေလို့ပါ၊ သွားပို့ပေးပါဦး"

အဂ္ဂငယ် ငြင်းချင်ပေမဲ့ ငြင်းလို့မရဘဲ ဖြစ်နေသည်။

"နန္ဒာချိုကို လိုက်ပို့ပါ ကိုအဂ္ဂငယ်ရယ်၊ လိုက်ပို့ပေးပါနော်"

"ဟုတ်သားပဲကွယ် သားငယ်ပဲ လိုက်ပို့မယ့်သူရှိတာပဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့လိုက်ပါနော်"

"ဟုတ်ကဲ့"

အဂ္ဂငယ် ငြင်းလို့မရ၍ လက်ခံလိုက်ရလေသည်။

"အဂ္ဂငယ်"

"ဗျာ…ကြီးကြီး"

"ဟိုဒေါက်တာမကို လုံးဝမယုံနဲ့နော်၊ အကြံအစည်တွေ ရှိချင်ရှိနေမှာ"

"လောလောဆယ်တော့ ဒေါက်တာက အစ်ကိုအတွက် အလိုအပ်ဆုံးပဲ မဟုတ်လား ကြီးကြီး"

"ဘာလိုအပ်တာလဲ၊ အလကား၊ မေမေက ကြီးကြီးသမီး နန္ဒာ့ကို အထင်သေးတာပဲ"

"ကိုကို့အတွက် တကယ်ပဲ လိုအပ်ပါတယ်၊ ကြီးကြီးဝင် မပါပါနဲ့နော်"

ဒေါက်တာပန်းဟောဝန်အား နောင့်ယှက်မှာလည်း စိုးမိသည်။

ကြီးကြီးက အဘွားကြီး၏။ ဦးဘခက်နှင့် နန္ဒာချိုကလည်း





စိတ်ကောင်းရှိသူတွေမဟုတ်ကြ။

အဓိကကတော့ အဂ္ဂငယ်အနေနှင့် ဒေါက်တာပန်းဟောဝန် ကို မထိခိုက်စေလိုပေ။

မနက်စာစားရတာပင် စိတ်ထဲမှာ အရသာမဲ့နေသည်။

"စားလေ ကိုအဂ္ဂငယ်၊ နန္ဒာက ဒီမှာ မေမေ့မျက်နှာနဲ့ နေရတာပါ၊ အရမ်းအားငယ်ရပါတယ်"

"ဘာမှအားငယ်စရာမလိုပါဘူး နန္ဒာချို၊ နေတတ်သလို နေပါ"

နန္ဒာချိုကလည်း သူ့ကို တယုတယနှင့် ပြုစုနေသည်။

ဟောဝန် ကိုယ့်ရင်ထဲမှာ ရှိနေတာက မင်းပါပဲ။

"သားငယ်နော် ဒေါက်တာပန်းဟောဝန်က သားကြီး အတွက်ပဲ၊ မင်းကင်းကင်းနေစမ်းပါ"

ကြီးကြီးကလည်း နန္ဒာချိုနှင့် နီးစပ်ချင်နေသည်။ ကိုကိုက လည်း လက်မခံပေ။

"ကြီးကြီးကတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲဖိတ်စေ ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးကိုလည်း အဂ္ဂငယ် ဘာမှမပြောလိုပေ။

“ကဲ…နှစ်ယောက်အတူတူ မနက်စာ စားကြဦး၊ ကြီးကြီး အပြင်ကို သွားရဦးမယ်”

ကြီးကြီးက နန္ဒာချိုအား မျက်စပစ်ပြလေသည်။ အဂ္ဂငယ် သိနေ၏။

“ကိုအဂ္ဂငယ်”

“ဟင်”

“ကျွန်မကို ရှင်လိုက်ပို့နော်”

“အင်း”

“ကိုအဂ္ဂငယ်ရယ် ကျွန်မက အားကိုးရာမဲ့နေတဲ့ မိန်းကလေးပါ၊ ကျွန်မဘဝမှာ အားကိုးတွယ်တာရာမဲ့နေတယ်ဆိုတော့”

သူ ထလိုက်သည်။ နန္ဒာချိုနှင့် အနီးကပ်မနေလိုတော့ပေ။

“ကိုအဂ္ဂငယ်”

နန္ဒာချို့ကို ကျောခိုင်းပြီး ထွက်ခွာလာခဲ့လေသည်။

“ဒေါက်တာယမ်းဟောဝန်ကို ရှင်စွဲလမ်းနှစ်သက်နေတာ မဟုတ်လား၊ အဲဒါက ကိုအဂ္ဂကြီးအတွက်နော်”





နန္ဒာချို့ရဲ့စကားတွေကို အဂ္ဂငယ် တုံ့ပြန်ပြောဆိုခြင်း မရှိတော့။ နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

ယောဝန် မင်းကို ငါနှစ်သက်တယ်၊ ကိုကို့အတွက် ဆိုပေမယ့်လည်း မင်းကို ငါချစ်နေမိပြီကွာ။

“ဒေါက်တာယမ်းဟောဝန်က မြေးကြီးအဂ္ဂကြီးအတွက်ပဲ၊ မြေးကြီးဘဝရှေ့ရေးမှာ ဒေါက်တာယမ်းဟောဝန်လို မိန်းကလေး တစ်ယောက်က အလိုအပ်ဆုံးပဲ”

ဘွားမဟူရာ ပြောတဲ့စကားတွေကို ကြားယောင်မိလာသည်။ ဒေါက်တာယမ်းဟောဝန်ဟာ သူ့အတွက် မဖြစ်နိုင်ပေ။

ကိုကို့အတွက်…။

“ညီလေးရာ ကိုကိုက တခြားမိန်းကလေးတွေနဲ့ မပတ်သက်ချင်ဘူးကွာ၊ ဒေါက်တာယမ်းဟောဝန်လည်း မလိုအပ်ပါဘူး၊ ဘွားက ဘာတွေစီစဉ်နေတာလဲ”

ကိုကို့ရဲ့ စိတ်ပျက်လက်ပျက်စကားတွေက အခုတော့ ဒေါက်တာယမ်းဟောဝန်ရဲ့ မာယာကွန်ယက်မှာ ငြိတွယ်သွားပြီလား။

“ကျွန်မအလုပ်က ကိုအဂ္ဂကြီးကို စောင့်ရှောက်ဖို့ပဲ”



www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂငယ်ရဲ့ အတွေးထဲမှာတော့ ဒေါက်တာပန်းဟောဝန်ပဲ ရှိနေသည်။

ချစ်နေပြီလား။ ရင်ထဲမှာ နာကျင်နေသည်။ တနုံ့နုံ့နှင့် ခံစားနေ၏။

ဘာဖြစ်လို့များ မင်းနဲ့ ဒီလိုအခြေအနေမျိုးနဲ့ လာတွေ့နေရလဲ ပန်းဟောဝန်ရယ်။

ပန်းဟောဝန်ရဲ့ မျက်နှာလေးကို မြင်ယောင်ပြီး မြတ်နိုးစွာ တမ်းတနေမိလေသည်။



# အခန်း (၁၆)

"ရှင် …အရမ်းကို တိုးတက်လာပြီပဲ၊ ဟုတ်ပြီ ဟုတ်ပြီ ရှေ့ဆက်လျှောက်"

ဒေါ်ပန်းမြိုင်ကတော့ သမီးကို ငေးကြောင်စွာ ကြည့်နေမိသည်။

ချစ်စရာကောင်းတဲ့ သမီးလေးပဲ၊ အရမ်းချောတယ်၊ အမေ့သမီးလေးရယ်။ ဒေါ်ပန်းမြိုင်က အဂ္ဂကြီးရဲ့ မနက်စာအတွက် ပြင်ဆင်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်အဂ္ဂကြီးက သမီးနှင့်အတူ လှေကျင့်ခန်းဆင်းနေ၏။

"ရှင် အရမ်းတိုးတက်နေပြီပဲ၊ ကျွန်မတို့ ခြံထဲဆင်းပြီး လှေကျင့်ရအောင်နော်"

"ကျုပ် ခြံထဲတော့ မဆင်းချင်ဘူး အမိ"

"ဘာဖြစ်လို့လဲ၊ မြေကြီးနဲ့ ထိတွေ့မှ ပိုကောင်းတာလေ"

"လောလောဆယ်တော့ ကျုပ်မဆင်းချင်ဘူး၊ ဒုက္ခိတဘဝ ကြီးနဲ့ ပတ်ဝန်းကျင်ကို ရင်မဆိုင်ချင်ဘူး"

အဂ္ဂကြီးကတော့ ဒေါက်တာပန်းဟောဝန်ကြောင့် စိတ်အား တွေ တက်ကြွလာမိတာတော့ အမှန်ပဲဖြစ်သည်။

စိတ်တွေ လှုပ်ရှားလာရ၏။ ဒေါက်တာပန်းဟောဝန်ကို သူ စိတ်ဝင်စားနေပြီလား။

"ကိုအဂ္ဂကြီး"

"ဟင်"

"လမ်းလျှောက်လေ၊ ရှင့်စိတ်တွေကို လျှော့မပစ်လိုက်နဲ့ နော်၊ အားအင်တွေ အပြည့်မွေးထား"

"အင်း"





"စိတ်သောကရောက်စရာတွေ ဘာမှမတွေးပါနဲ့၊ ရှင့်ဘဝ တက်လမ်းအတွက် ကြိုးစားထား"

ဒေါက်တာပန်းဟောဝန်က အားပေးနေသည်။

လမ်းကလျှောက်နိုင်လာ၏။ တုန်ယင်မနေတော့။ တဖြည်းဖြည်းနှင့် အင်အားတွေ ပြည့်ဝလာရသည်။

မင်းကို ကျေးဇူးတင်ပါတယ်၊ ကျုပ်စိတ်တွေကို မင်းက ပြုပြင်ပြောင်းလဲပေးတာပါကွာ။

"ကဲ…ရှင်အနားယူနိုင်ပြီ၊ ဒေါ်လေးမြိုင် ကျွန်မ ထမင်း ပွဲပြင်မယ်နော်"

"အင်း"

ဟောဝန် အမေ့အနားသို့ ကပ်လာလေသည်။

"အမေ"

"ဟင်"

"ကျွန်မကို လက်ခံပါ၊ ကျွန်မ ဒီအလုပ်လုပ်နေတာက အမေ့ကြောင့်ပါနော်"

အမေ့အနားကပ်ပြီး ဟောဝန် ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကို ဘယ်နှစ်ခါပြောရမလဲ၊ ညည်းမှားနေပြီ၊ ကျုပ်က ညည်းအမေ မဟုတ်ပါဘူး"

"ဟုတ်ပါတယ်"

"ဒုက္ခပါပဲအေ"

ဒေါ်ပန်းမြိုင် ဘယ်လိုငြင်းရမှန်းပင် မသိတော့။ သမီးမျက်လုံးလေးတွေက မျှော်လင့်ချက်တွေနှင့် ဝင်းလက်နေသည်။

အမေ မငြင်းရက်ပါဘူး။ ဒါပေမဲ့ အမေ့ဘဝနဲ့ အမေပဲ ရှိပါစေတော့။ ဝန်မခံနိုင်ဘူး။ သမီးလို ဂုဏ်သိက္ခာကြီးမားတဲ့ မိန်းကလေးတစ်ယောက်အတွက် အမေ့လို အမေမျိုး မရှိသင့်ပါဘူး။

ရင်ထဲမှာ နာကျင်ဆို့နင့်နေသည်။ မငိုဘူး၊ အမေ့ကို ညည်း မသက်သာမဖြစ်အောင် နေရမယ်။

"ယောကျ်ားလေး မင်း ငါ့ကို ဘာဖြစ်လို့ ဒုက္ခပေးနေရတာလဲ၊ မင်း ငါ့ကို အမေထင်ပြီး ဒီမှာ အချိန်ဖြုန်းမနေနဲ့တော့ ညည်းလာတာ အဂ္ဂကြီးကို စည်းရုံးသိမ်းသွင်းဖို့ မဟုတ်လား"

"အမေ"

"ငါ ညည်းအမေမဟုတ်ဘူးလို့ ပြောထားပြီးပြီပဲ"





"ကျွန်မအမေပါ၊ ကြီးကြီးမြက အသေအချာပြောလိုက်တာ၊ သမီးအမေက မပန်းမြိုင်တဲ့"

"မဟုတ်တာအေ"

"အမေ ယောဝန်ကို ပြစ်ထားခဲ့တာတွေ၊ အဖေ့အပေါ် သစ္စာမဲ့တာတွေ အားလုံးမေ့ပစ်လိုက်ပါတော့"

"ဘာအေ့"

"သမီးဟာ တစ်ကောင်ကြွက်ပါ အမေ၊ မိန်းမပျိုလေး တစ်ယောက်တည်း လူ့လောကကြီးမှာ ဘယ်လိုရပ်တည်ရမလဲ ဟင်"

"ကျုပ် ညည်းအမေမဟုတ်ဘူး၊ ညည်း ဘာတွေလာ ပြောနေတာလဲ၊ ကျုပ်မှာ သားသမီးတစ်ယောက်မှ မရှိဘူး"

"အမေ"

"တောက်"

ကိုအဂ္ဂကြီးမသိအောင် ကြိတ်ပြောနေရထဲက အားမလို အားမရ ဖြစ်နေလေသည်။

အမေနဲ့ ရှင်းချင်တယ်၊ သမီးကို သမီးအဖြစ် သတ်မှတ်

www.burmeseclassic.com

www.burmeseclassic.com



ပါလို့ တောင်းပန်ချင်တယ်။

"ဒေါက်တာ"

"ရှင်"

"ညည်း ကျုပ်ကို ဒုက္ခမပေးပါနဲ့အေ၊ ညည်း အချိန်တွေ အပိုမဖြုန်းပါနဲ့၊ ဒီကနေ ထွက်သွားချင် ထွက်သွားပျါတော့ ဒေါက်တာပန်းဟောဝန်ရယ်"

အမေက ထွက်သွားသည်။ ဟောဝန့်ကို အမေက ရှောင်နေတာပဲ မဟုတ်လား။

"သားကြီး ထမင်းပွဲအဆင်သင့် ဖြစ်ပြီနော်၊ စားကြရအောင်"

"ဒေါက်တာ"

"ရှင်"

"ဒေါ်လေးမြိုင်ရော ဒေါက်တာရော ထမင်းအတူတူ စားရအောင် လာပါ"

"ကျွန်မ စားပြီးပါပြီ"

"ဟာကွာ"





"ကိုအငှကြီးပဲ စားပါနော်"

"ဒါဆို ဒေါ်လေးမြိုင်လာပါ၊ ကျွန်တော်နဲ့ အတူတူစားပါ"

"စားပါသားရယ်၊ ဒေါ်လေးမြိုင် အလုပ်ရှိသေးတယ်၊ သွားမယ်နော်"

"ဒေါ်လေးမြိုင်"

"ဟင်"

"မဟုတ်ပါဘူးကွယ်၊ ဒေါ်လေးမှာ အလုပ်ကိစ္စတွေ ရှိနေလို့ပါ"

ဒေါ်လေးမြိုင် ကမန်းကတန်း ထွက်သွားလေသည်။

အမေ့ဘဝက နာမည်ပျက်တွေ ရှိနေတော့ ဟောဝန့်ဘဝကို မကူးစက်စေချင်တာလား။

"ဒေါက်တာ"

"ရှင်"

"ကျုပ်နဲ့ လက်ဆုံလာစားပါ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အများကြီးမဟေးချင်ရင်လည်း နည်းနည်းပါးပါးပေါ့"

"ကျွန်မ"

ကိုအဂ္ဂငယ်ကိုတော့ သူမ ငြင်းဆန်နိုင်ခြင်းမရှိခဲ့။ စိတ်ထဲမှာ လိုလိုလားလား လက်ခံချင်နေသည်။ ကိုအဂ္ဂကြီးနှင့်ကျတော့ သူမ အလုပ်သဘောအရပဲ ပတ်သက်ဆက်ဆံလိုသည်။

"ဒေါက်တာ"

"ရှင်"

"ကျွန်တော်က အင်အားတွေ ရှိနေစေချင်တယ်ဆို"

"အင်း"

"ကျွန်တော်နဲ့ အတူတူလာစားပါ"

ပန်းဟောဝန် မငြင်းဆန်တော့ဘဲ ထမင်းပွဲမှာ ဝင်ထိုင်လိုက်ရသည်။

"ကျုပ်တာဝမှာ အမြဲတမ်း အထီးကျန်ပြီး စိတ်သောကတွေ လောင်မြိုက်နေခဲ့ရတယ်"

ဒေါက်တာပန်းဟောဝန်နဲ့တွေ့မှ သူ့စိတ်တွေ လန်းဆန်းတက်ကြွလာရသည်။





"ဒေါက်တာ"

"ရှင်"

"လာပါ"

"ဟို…ကျွန်မ"

"နည်းနည်းပဲစားပါ"

နှစ်ယောက်အတူ ထမင်းပွဲမှာ ထိုင်မိသည်။

ကိုအဂ္ဂငယ်နှင့်တုန်းက ဒေါ်ဒေဝီကြောင့် ပျက်သွားရလေ၏။

ရှင်နဲ့တော့ ထမင်းအတူစားဖြစ်နေခဲ့သည်။ နန္ဒာချိုက ကိုအဂ္ဂကြီးထက် ကိုအဂ္ဂငယ်ကိုပဲ ပိုပြီးကပ်နေလေ၏။

"စားပါ ဒေါက်တာ"

"ကျွန်မကို ဟောဝန်လို့ပဲ ခေါ်နိုင်ပါတယ်"

"ဟောဝန်"

"ရှင်"

"မင်းကိုတွေ့မှ ကိုယ့်စိတ်တွေ ပြောင်းလဲသွားရတယ်၊ အားတက်သွားရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကတော့ ရှင့်ဘဝကို လူကောင်းပကတိပြန်ဖြစ်စေချင်တာပဲ"

ဟေဝန် ကိုယ့်ကို မချစ်ဘူးလား၊ မင်းမျက်ဝန်းအကြည့်တွေက ရိုးသားဖြူစင်နေတယ်။

ချစ်စရာကောင်းတယ်ကွာ။

"ကိုအငွကြီး"

"ဗျာ"

"ရှင် လူကောင်းပကတိဖြစ်နိုင်တယ်၊ အားမလျှော့ဖို့ပဲ အရေးကြီးတယ်"

"ကိုယ့်စိတ်တွေကို အင်အားတွေ ပြည့်စေချင်လား ဒေါက်တာ၊ အဲ…ဟေဝန်"

"အင်း"

"ကိုယ့်အနားမှာ မင်း အမြဲရှိနေမှ ဖြစ်မယ်၊ ကိုယ်လိုအပ်ချက်တွေကို မင်းဖြည့်စွမ်းပေးရမယ်၊ ဘယ်လိုလဲ ဟေဝန်"

သူမကို ရည်းစားစကားပြောတော့မယ်လို့ဆိုတာ ဟေဝန်သိလိုက်၍ စကားလမ်းကြောင်း ပြောင်းလိုက်သည်။





"ကျွန်မက ရှင့်ကို ပြုစုပေးရတဲ့ ဆရာဝန်ပဲ၊ ကျွန်မတာဝန်ကျေအောင်တော့ လုပ်ဆောင်ပေးရမှာလေ"

"တာဝန်အရပဲလား"

"အင်း"

ကိုအငွကြီးမျက်နှာက မှိုင်းဝေသွားရလေသည်။ မတတ်နိုင်ဘူးလေ၊ ကျွန်မရင်ထဲမှာ ရှိနေတာက ကိုအငွယ်ပဲလေ။

ဘယ်လိုဖြစ်ရတာလဲ ဟေဝန်၊ ညည်းရင်ထဲမှာ မဟူရာစံအိမ်ကလူတွေ တစ်ယောက်မှ မရှိသင့်ပါဘူးလေ။ မေ့ပစ်လိုက်စမ်းပါ။ ညည်းက ဒေါ်ပန်းမြိုင်ရဲ့ သမီးပဲ။

ဒေါ်မဟူရာသိသွားရင် ဘယ်လိုနည်းနှင့်မှ လက်ခံမည်မဟုတ်။

"ရှင် ထမင်းစားပြီးရင် ဒီသစ်သီးဖျော်ရည်လေး သောက်လိုက်နော်၊ ရှင်အားရှိမှဖြစ်မယ်"

"ဟေဝန်"

"ရှင်"

"ကိုယ်"



www.burmeseclassic.com

www.burmeseclassic.com



''ရော့…သစ်သီးဖျော်ရည်လေး သောက်လိုက်''

ပန်းဟောဝန်ကို ချစ်တယ်လို့ ပြောဖို့ သူ့စိတ်က မလုံမလဲ ဖြစ်ရသည်။ မင်းစိတ်ဆိုးမလား၊ ကိုယ့်အနားကနေ မင်းထွက်သွားမလား။ ကိုယ့်ရင်ထဲမှာ အရမ်းပူလောင်နေရတယ်။

လှပချောမောလွန်းတဲ့ ပန်းဟောဝန်အား အဂ္ဂကြီး စူးစိုက်ပြီး ကြည့်မိသွားရသည်။

''သစ်သီးဖျော်ရည်သောက်ပြီးရင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်တော့နော်''

ကိုအဂ္ဂကြီး အိပ်ဖို့အတွက် ဟောဝန် ပြင်ဆင်ပေးမိသည်။

ရှင့်ကိုတော့ ကျွန်မ လုံးဝမချစ်နိုင်တာပါ။ အမေ့ကြောင့် ကျွန်မ ဒီကိုရောက်လာတာပါပဲ။ တခြားကိစ္စတွေ ကျွန်မခေါင်းထဲမှာ ဘာမှမရှိသင့်ပါဘူး။

''ကိုအဂ္ဂကြီး''

''ဟင်''

''ရှင် အနားယူတော့နော်၊ ညနေကျမှ ကျွန်မတို့ တွေ့ကြတာပေါ့၊ အခုအိပ်လိုက်ပါ''





ကိုအဂ္ဂကြီးအနားကနေ ပန်းဟောဝန် ထွက်လာခဲ့မိသည်။

အမေ့ကို ရှာမိ၏။ မတွေ့ပေ။

မဟူရာစံအိမ်ကြီးထဲမှာ အစေအပါး အနှိမ်ခံဘဝနဲ့ အမေဘာဖြစ်လို့နေရတာလဲဟင်။ ဟောဝန့်ကြောင့် အမေက သမီးအဖြစ်လက်မခံတာပါ။

အမေ့အမဲစက်ကြောင့် မဟုတ်လား။ ဟောဝန်ကတော့ အမေ့ကိုပဲ ချစ်တယ်။ အမေနဲ့ အတူနေချင်တယ်။

အခန်းထဲရောက်တော့ အိပ်ရာပေါ် ပစ်လှဲကျသွားပြီး ကြေကွဲစွာ ငိုပစ်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ကျွန်မကို ဒီကနေ ထွက်သွားခွင့်ပေးပါတော့၊ ကျွန်မ တောင်းပန်ပါတယ်"

"ညည်းက ကျုပ်မြေးကို အပိုင်ချဉ်းကပ်ထားပြီးမှ အခု ကျုပ်မြေးကို ဒုက္ခပေးဖို့ ကြိုးစားတာပေါ့လေ မိပန်းမြိုင်"

"မဟုတ်ပါဘူး၊ မောင်အဂ္ဂကြီးအတွက် ပြုစုစောင့်ရှောက် ပေးမယ့်သူ ရောက်လာပြီပဲ"

"ကျုပ်မြေးက ညည်းကို သံယောဇဉ်တွယ်နေတယ်၊





ညည်း မပူပါနဲ့၊ ညည်းကို ဒီကနေ ထွက်သွားစေရမယ်၊ ကျုပ်မြေး က ဒေါက်တာပန်းယောဝန်အပေါ် သံယောဇဉ်တွယ်သွားမှ ဖြစ်မယ်။ ကျုပ် တောင်းပန်ပါတယ် မပန်းမြိုင်၊ ညည်း ခဏတော့ ထွက်မ သွားပါနဲ့ဦး"

မဟူရာစံအိမ်ကြီးက တံခါးကို ခြံစောင့်ဖွင့်ပေးမှ ထွက် ခွင့်ရှိသည်။ ဒေါ်ပန်းမြိုင်ကတော့ ထွက်သွားခွင့်မရှိပေ။

အဂ္ဂကြီးရယ် ဒေါ်လေးမြိုင် သားအနားကနေ ထွက်မသွား ချင်ပါဘူးကွယ်။ သမီးကို လက်မခံနိုင်ဘူး။ ဘယ်နည်းနဲ့မှ ဒေါ်လေးမြိုင် လက်မခံနိုင်လို့ပါ။ အမေ့ကို အမေအဖြစ် မသတ် မှတ်ချင်ပါနဲ့။

"မပန်းမြိုင်"

"ရှင်"

"ညည်း အရင်ကလို အနှိမ်ခံဘဝနဲ့ နေစရာမလိုတော့ ပါဘူး"

"ကျွန်မ လွတ်ကျွတ်ရာ သွားချင်တာပဲ၊ သားကြီးအတွက် ဒေါက်တာပန်းယောဝန်ရှိနေပါတယ်လေ၊ ကျွန်မ စိတ်ချပါပြီ၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ရိပ်သာတစ်ခုခုမှာ သွားချင်လို့ပါ မေမေ''

ဒေါ်မဟူရာရဲ့ အကြည့်တွေက ဒေါ်ပန်းမြိုင်ထံ ရောက်နေသည်။

မိမိသားကို ဖြားယောင်းမြူဆွယ် လက်ထပ်ယူခဲ့တာဆိုပြီး မိမိ မုန်းတီးနာကြည်းနေခဲ့မိ၏။

တစ်သက်လုံး နှိမ့်ချဆက်ဆံနေခဲ့မိသည်။ အနှစ်နာခံတတ်၏။

မြေးကြီး အဂ္ဂကြီးအပေါ် သံယောဇဉ်တွယ်ပြီး နေထိုင်ခဲ့လေသည်။

မိမိလည်း အသက်ကြီးပါပြီ။ ဒီလောက်အထိ မနှိပ်စက်သင့်တော့ဟု ထင်မိသည်။

''မပန်းမြိုင်''

''ရှင်''

''ညည်းတာဝန်ကျေပါတယ်အေ၊ ဒါပေမဲ့ ငါ့သားက ညည်းကို မနှစ်သက်ဘူး၊ နောက်အိမ်ထောင်ပြုတော့မယ် ထင်တယ်၊ ညည်း ဒီကနေ ထွက်သွားရင်တောင် ကျုပ် ပေးသင့်သလောက်





ပေးလိုက်မှာပါ''

''ကျွန်မ ဘာပစ္စည်းငွေကြေး တစ်ပြားတစ်ချပ်မှ မလိုချင်ပါဘူး အမေ''

မိမိအား ကျေးကျွန်သဖွယ် ဆက်ဆံခဲ့တဲ့ ယောက္ခမကြီးရဲ့ မျက်ဝန်းအကြည့်တွေက စိမ်းမနေတော့ပေ။ ပျော့ပျောင်းညင်သာနေ၏။ အရင်ကလို တင်းမာခက်ထန်၍ မနေတော့။

''ကျွန်မဘဝနဲ့ ကျွန်မပါပဲလေ၊ ကျွန်မမှိုက်ပြစ် ကျွန်မခံရတာပဲဟာ ဘယ်သူ့အပေါ်မှလည်း အပြစ်မတင်ပါဘူး အမေရယ်''

''ကျုပ် တောင်းပန်ပါတယ်အေ၊ ညည်းအပေါ် ကျုပ်မတရားလုပ်ခဲ့တာပဲ၊ ကျုပ်သားအပြစ်ကိုကြတော့ မပြောဘဲ ညည်းအပေါ်မှာပဲ အပြစ်ပုံချမိတယ်၊ ကျုပ်မှားပါတယ်''

မပန်းမြိုင် ယောက္ခမကြီးထံမှ တောင်းပန်စကားကြောင့် ဒေါ်ပန်းမြိုင် အတော်လေး အံ့အားသင့်သွားရလေသည်။ ဝမ်းသာပါတယ်၊ ကျွန်မ မိုက်ပြစ်ပါ အမေ။

''ကျုပ်သား နောက်ထပ်အိမ်ထောင်ပြုရင်လည်း ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



မထားတော့ပါဘူး မပန်းမြိုင်၊ ညည်းပဲ နေပါအေ"

"ကျွန်မနေလို့ မဖြစ်လို့ပါ၊ ရိပ်သာမှာပဲ နေပါရစေ အမေ"

"ကောင်းပါတယ်လေ၊ ညည်းနေချင်တဲ့နေရာမှာ နေပါ မပန်းမြိုင်ရယ်၊ ဒါပေမဲ့ ကျုပ်မြေးကြီးနဲ့ ပန်းဟောဝန်တို့ နီးစပ်သွားတဲ့အထိတော့ နေပေးပါဦး"

"ကျွန်မ"

"ညည်း လောလောဆယ်တော့ ထွက်သွားလို့ မရသေးဘူး မပန်းမြိုင်၊ ကျုပ် ခွင့်မပြုနိုင်ဘူး"

ဒေါ်ပန်းမြိုင် ဘာမှပြောလို့မရတော့သဖြင့် အပြင်သို့ ထွက်လာခဲ့သည်။ အောက်ထပ်ဆင်းလာခဲ့၏။ ဘယ်လိုလုပ်ရမလဲ။ ခင်ပွန်းကလည်း မိမိအပေါ် နည်းနည်းမှ မကောင်းပေ။ လက်ထပ်ယူပြီး တစ်နှစ်အတွင်းမှာပဲ တခြားမိန်းကလေးတွေနှင့် ဖောက်လွှဲဖောက်ပြန် လုပ်နေလေတော့သည်။

မိမိက သည်းခံနေခဲ့၏။ ပြေးစရာက မြေမရှိ။ မောင်အဂ္ဂကြီးအပေါ် သံယောဇဉ်တွယ်ရာကနေ ဒီမှာပဲ အနစ်နာခံနေဖြစ်ခဲ့





သည်။

မမျှော်လင့်ဘဲ သမီးရောက်လာ၏။ အထီးကျန်ဖြစ်နေတဲ့ သမီးက အမေ့ကို ဖွဲ့လမ်းနေသည်။ ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ရမလဲ နော်။

"မပန်းမြိုင်"

"ဟင်"

"ညည်း ဒီကနေ ထွက်မသွားသေးဘူးလား"

"ကျွန်မ ထွက်သွားချင်တယ် မဒေဝီ၊ ဒါပေမဲ့ မေမေက ထွက်သွားခွင့်မပေးလို့ပါ"

"ဘာအေ့"

"ခြံတံခါးဖွင့်ပေးပါ၊ ကျွန်မ ဒီကနေ ထွက်သွားပေးပါ့မယ်"

"တောက်"

ခြံတံခါးက ဦးသီလကြီးပဲကိုင်တာ၊ မေမေ့လူယုံ။ မပန်းမြိုင်ကြောင့် ဒေါက်တာပန်းဟောဝန် သားကြီးအဂ္ဂကြီးတို့က နီးစပ်နေပြီလေ။ - -



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေဝီ မကျေနပ်၊ မိမိသမီးကျတော့ အဂ္ဂကြီးရော အဂ္ဂငယ်ပါ နည်းနည်းမှ မေတ္တာမရှိကြ။

"ညည်းကို ကျုပ် ဒီခြံထဲကနေ ထွက်သွားနိုင်အောင် လုပ်ပေးမယ်၊ ညည်းထွက်သွားပါ"

"ဟုတ်ကဲ့ပါ၊ ကျွန်မ ထွက်သွားချင်နေပါတယ်၊ ဒီခြံကြီး ထဲက ထွက်သွားခွင့်ရအောင် မဒေဝီကူညီပါ"

"ကောင်းပြီ၊ ညည်းခဏစောင့်၊ ညဘက်မှာ ညည်းကို ကျုပ် အပြင်ထွက်ခွင့်ရအောင် ကြိုးစားပေးမယ်"

ဒေါ်ဒေဝီနှင့် အမေတို့ ပြောတဲ့စကားတွေကို ဟောဝန် ကြားလိုက်ရသည်။ စိတ်ထိခိုက် ကြေကွဲသွားရလေ၏။ ဖြစ်မှဖြစ်ရ လေ။ အမေ့ကို ဘာဖြစ်လို့ ရက်စက်ကြတာလဲ၊ မဖြစ်ဘူး အမေ တစ်နေရာရာကို ထွက်သွားရင် ဟောဝန် ဘယ်လိုလုပ်ရမလဲဟင်။ ဒေါ်မဟူရာအခန်းထဲသို့ ပန်းဟောဝန် ဝင်လာခဲ့သည်။

"ဘာများလိုအပ်နေလို့လဲ ဒေါက်တာ ပြောပါ၊ အားမနာ ပါနဲ့"

"ဒေါ်ပန်းမြိုင်အတွက် ဟောဝန်ရောက်လာတာပါ"





"ပြောလေ"

"ဒေါ်ပန်းမြိုင် ဒီကနေထွက်သွားလို့ မဖြစ်သေးပါဘူး"

"မထွက်သွားစေရပါဘူး၊ ဘွား ခြံတံခါးမှ ဖွင့်ခွင့်မပေး တာ"

"ဟောဝန်ကြားမိတာက ဒေါ်ဒေဝီက ထွက်သွားဖို့ ကူညီ မယ်လို့ ပြောသံကြားပါတယ်"

"ဘာ"

"ကိုအဂ္ဂကြီးက အခုဆိုရင် ကျွန်မစကားတွေကို နားထောင်စပြုလာပါပြီ၊ လမ်းတောင် အတော်လေးလျှောက်နိုင်နေ ပြီပဲ"

"ဟုတ်ပါတယ်ကွယ်၊ ပန်းဟောဝန်ကို အရမ်းကျေးဇူး တင်ပါတယ်"

"အရေးကြီးတာက ဒေါ်လေးမြိုင် ထွက်မသွားဖို့ပါပဲ"

"စိတ်ချပါကွယ်၊ ဒေဝီကို ဘွားပြောမယ်"

"ကျွန်မ"

"ဟောဝန့်ကို ဘာမှမထိခိုက်စေရပါဘူး၊ ဘွားပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စ လုံးဝမဖြစ်နိုင်ဘူး၊ ကိုသီလက ဘွားလူယုံတော်ပဲ"

"လောလောဆယ်တော့ ဒေါ်လေးမြိုင် ထွက်သွားလို့ မဖြစ်သေးပါဘူး"

"စိတ်ချပါ ပန်းဟေဝန်"

အမေထွက်သွားလို့ မဖြစ်သေးပါဘူးနော်။ ဟေဝန့်ကို မထားခဲ့ပါနဲ့ အမေ။

"ကိုအဂ္ဂကြီးက ဒေါ်လေးမြိုင်မရှိရင် မဖြစ်သေးလို့ပါနော်"

"စိတ်ချပါ ပန်းဟေဝန်၊ ခြံစောင့်ကို သေသေချာချာ စီစစ်ဖို့ ပြောလိုက်ရင် ရပါပြီ"

ဟေဝန် စိတ်ပူစွာဖြင့် ပြန်ထွက်လာခဲ့မိသည်။ အမေက ဟေဝန့်အား ရှောင်ထွက်သွားဖို့ ကြိုးစားနေ၏။ ဘာဖြစ်လို့လဲ အမေ၊ ဟေဝန့်အတွက်မဟုတ်လား၊ အမေ့လို နာမည်တွေ ရှိနေတဲ့ အမေတစ်ယောက်ရဲ့ သမီးမဖြစ်စေချင်တာ မဟုတ်လား။

"ဟေဝန်"

"ဟင်"





ကိုအဂ္ဂယေ်ဖြစ်နေသည်။ ဟေဝန်ရပ်နေတဲ့ လသာဆောင်ဆီ လျှောက်လာနေ၏။

"ဟေဝန် ဘာဖြစ်လို့လဲ၊ မင်းမှာ စိတ်ထိခိုက်စရာတွေ ရှိနေလို့လား"

ကိုအဂ္ဂယ်ရဲ့ အကြည့်တွေက သနားကြင်နာမှုတွေ ပြည့်ဝနေသည်။

ဟေဝန်ရှောင်ရှားချင်လာရ၏။ မဟူရာစံအိမ်ကြီးက လူတွေနှင့် မပတ်သက်တာ အကောင်းဆုံးပါပဲ။

"ကျွန်မ သွားတော့မယ်"

"ဟေဝန်"

"ခဏနေပါဦး"

"မဟူရာစံအိမ်ကြီးမှာရှိတဲ့ လူတွေ တွေ့သွားရင် မကောင်းပါဘူး၊ လွှတ်ပါ"

"ဟေပန်ရယ်၊ ကိုယ့်ကို ဘာဖြစ်လို့ စိမ်းချင်ရတာလဲ၊ ကိုယ်ကတော့ ဟေဝန့်ကို အမြဲတမ်း သတိရနေတယ်"

ဟေဝန့်မျက်နှာလေးကို စူးစိုက်စွာ ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးတွေက တင်းကျပ်စွာ စေ့ကပ်နေ၏။ အရမ်းလှပတာပဲကွာ၊ ဒေါက်တာပန်းယောဝန်က ကိုကို့အတွက်တဲ့။

"မြေးကိုကိုဒုက္ခိတအတွက် ဒေါက်တာပန်းယောဝန်က အလိုအပ်ဆုံးပါပဲလေ၊ ဒါကြောင့် ဘွား ရွေးချယ်ထားဟာပါ"

ဘွားစကားတွေကို ကြားယောင်လာပြီး ပန်းယောဝန်ရဲ့ လက်ကလေးကို လွှတ်ပေးလိုက်မိလေသည်။ မဖြစ်သေးပါဘူး၊ ချစ်စကားတွေ ပြောလို့မဖြစ်ပေ၊ ကိုကို့အတွက်ပဲ၊ ဒေါက်တာပန်းယောဝန်က ဒုက္ခိတကိုကိုနှင့် လက်ထပ်ဖို့ပဲ။

"ကျွန်မကို ခွင့်ပြုပါဦး"

"ယောဝန်"

"ရှင်"

"မင်းမှာ ဘာတွေစိတ်သောကရောက်စရာတွေ ရှိနေလဲဟင်၊ ကိုယ်ကူညီမယ်။ မင်းမျက်နှာလေး ညှိုးငယ်နေတာ ကိုယ်မကြည့်ရက်လို့ပါ"

"ဟင့်အင်း ကျွန်မ ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ဘူးသာဆိုတယ် မင်းမျက်နှာလေး ဘာဖြစ်လို့





ညှိုးနွမ်းနေရတာလဲကွာ"

"ကျွန်မ...ကျွန်မ...သွားပါရစေနော်၊ သွားခွင့်ပေးပါ၊ ကျွန်မတို့ ရိုးသားစွာနဲ့ပဲ ပတ်သက်ဆက်ဆံကြရအောင်ပါ"

ယောဝန် သူ့ရင်ခွင်ထဲမှ ရုန်းထွက်လာခဲ့လေသည်။

ရင်တွေခုန်လိုက်တာ၊ ဘုရားရေ ယောဝန် ဘာဖြစ်ရတာလဲ။

အဲဒီလို မဖြစ်သင့်ဘူးနော်၊ ရင်ကိုဖိပြီး အခန်းထဲ ကမန်းကတန်း တက်ပြေးဝင်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

"ပန်းဟောဝန်"

"ရှင်"

"မင်းကြောင့် ကိုယ့်စိတ်တွေ အင်အားပြည့်ဝလာသလို ပဲကွာ"

"ကျွန်မ ဝမ်းသာပါတယ် ကိုအဂ္ဂကြီးရယ်"

"ဟောဝန် ကိုယ့်ကိုထားခဲ့ပြီး မသွားပါနဲ့နော်"

"ကျွန်မကို အခုလို စိတ်ချယုံကြည် အားကိုတာ အရမ်း





ဝမ်းသာပါတယ် ကိုအဂ္ဂကြီး၊ ကျွန်မက တာဝန်တစ်ခုကို ကျေပွန် ချင်တာပါ"

"ဟောဝန်က တကယ်ကို စိတ်သဘောထား ဖြူစင်ပြီး ရိုးသားတယ်၊ ကိုယ် မင်းနဲ့တွေ့ဆုံခွင့်ရတာ အရမ်းကို ကျေနပ်ဝမ်း သာမိပါတယ် ဟောဝန်ရယ်"

"ကိုအဂ္ဂကြီး"

"ပြော"

"ဒေါ်လေးပန်းမြိုင်ကို ဒီကနေ ထွက်မသွားစေချင်ဘူး၊ ဒေါ်လေးပန်းမြိုင်ရှိနေတာလည်း ရှင့်အတွက် အင်အားတစ်ရပ် မဟုတ်လား"

"ဟုတ်လား ဟောဝန်၊ ဒေါ်လေးပန်းမြိုင်က ကိုယ့်ကို ငယ်စဉ်လေးထဲက ပြုစုဆောင့်ရှောက်ခဲ့တာ ကိုယ့်အမေပါပဲ"

"ဒေါ်လေးပန်းမြိုင် ဒီကနေ ထွက်မသွားအောင်တော့ ရှင်အတင်းအကျပ်တောင်းဆိုပါ"

"စိတ်ချပါ ဟောဝန်၊ ဒေါ်လေးမြိုင် ကိုယ့်အနားကနေ ဘယ်တော့မှ ထွက်မသွားစေရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေဝီက အမေ့အပေါ် အကောက်ကြံမှာပဲ စိတ်ပူနေမိသည်။ အပြင်ကို ပထုတ်လိုက်ရင်...

"ရှင် တောင်းဆိုပါ၊ ကျွန်မ ဟူနာက အကောင်းပကတိ မဖြစ်သေးဘူးလေ၊ စိတ်ဓာတ်အင်အားတွေ လိုအပ်သေးလို့ပါ"

"ဟောဝန်"

"ရှင်"

"ဒေါ်လေးပန်းမြိုင် ကိုယ့်အနားမှာရှိဖို့ လိုအပ်သလို ဟောဝန်လည်း ကိုယ့်အနားမှာ အမြဲတမ်းရှိနေဖို့ လိုအပ်နေပြီ"

ကိုအဂ္ဂကြီးရဲ့ အကြည့်တွေက ဟောဝန့်ဆီ စူးစိုက်စွာကျရောက်နေသည်။

ဟောဝန်သိနေ၏။

ရှင် ကျွန်မကို စိတ်ဝင်စားနေပြီလားဟင်၊ ကျွန်မက အမေ့ကြောင့်ပဲ ဒီကို ရောက်လာတာပါလေ၊ ကိုအဂ္ဂယ်ရဲ့ မျက်နှာကို ဟောဝန် မြင်ယောင်လာမိသည်။

ရှင်လည်း ကျွန်မကို ချစ်နေပြီမဟုတ်လား ကိုအဂ္ဂယ်၊ မဖြစ်နိုင်ပါဘူးလေ၊ ကျွန်မက ရှင့်အဘွားရော မဟူရာစံအိမ်က





မိသားစုဝင်တွေရော အထင်သေးနေတဲ့ ဒေါ်ပန်းမြိုင်ရဲ့ သမီးတစ်ယောက်ပါနော်။

"ဟောဝန်"

"ရှင်"

"ဘာတွေစဉ်းစားနေတာလဲကွာ"

"ရှင်"

"မင်းမျက်ဝန်းတွေက မှိုင်းဝေနေတယ်၊ ငွေကြေးကြောင့်လား၊ မဟူရာစံအိမ်ကြီးက မိသားစုဝင်တွေကြောင့် မင်းမှာ ဘာအခက်အခဲပဲရှိရှိ ပြောနော်"

ကိုအဂ္ဂယ်ကလည်း ဟောဝန့်အား ဂရုတစိုက် မေးခဲ့သည်။ ရှင်တို့ညီအစ်ကိုနှစ်ယောက်လုံး ကျွန်မအပေါ် တူညီတဲ့နှလုံးသားခံစားမှုတွေ ရှိနေတာပဲနော်...

အမေသာ အသိအမှတ်ပြုလိုက်ရင် အမေ့ကိုခေါ်ပြီး ဟောဝန်ဒီကနေ ထွက်သွားတော့မှာပါ။

"ဟောဝန်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ"

"ဘာအခက်အခဲမှ မရှိပါဘူး၊ တစ်ခါတလေ အထီးကျန်နေတဲ့ ကျွန်မဘဝကို တွေးမိပြီး စိတ်အားငယ်မိတာပါ"

"ထားလိုက်ပါတော့လေ၊ ရှင်လမ်းလျှောက်ဦးနော်၊ ကျွန်မကူညီမယ်"

"အင်း"

ကိုအဂ္ဂကြီးက အတော်လေးလမ်းလျှောက်နိုင်နေပြီဖြစ်သည်။

"ရှင့်စိတ်ကို တင်းထားနော်၊ ယုံကြည်မှုအပြည့်အဝထားပါ။ မြော်လင့်ချက်ပေါ့"

"အင်း"

အဂ္ဂကြီးရဲ့ အင်အားက ပန်းဟောဝန်ဖြစ်နေသည်။ အချစ်အတွက် သစ္စာမဲ့ခံရပြီးကတည်းက မိန်းမတွေအပေါ် အထင်သေးမုန်းတီးမိနေ၏။

ပန်းဟောဝန်ကြောင့် သူ့စိတ်တွေ အတော်လေးပြောင်းလဲသွားရသည်။ အင်အားတွေ ပြည့်လာ၏။ ဒုက္ခိတဘဝကနေ





လူကောင်းပကတိ ဖြစ်ချင်လာရသည်။

သူကြိုးစားနေ၏။ လူကောင်းပကတိပြန်ဖြစ်ရမယ်လို့လေ။

"အဂ္ဂကြီးရဲ့စိတ်ပဲ လိုအပ်တာပါ၊ ဒါမျိုးက စိတ်ဓာတ်ခိုင်မာရင် လူကောင်းပကတိပြန်ဖြစ်လာမှာပါလေ"

ဆရာဝန်ကြီးပြောတဲ့ စကားတွေက အားတက်စရာပင်။ ဟောဝန်ရယ် မင်းကြောင့်ပါကွာ၊ ပန်းဟောဝန်ကို သူချစ်နေမိပြီ၊ ဟုတ်တယ် ကိုယ့်နှလုံးသားတွေက မင်းကို ချစ်နေမိပါပြီ။

"ကိုအဂ္ဂကြီး"

"ဟင်"

"ရှင်ရော ဘာတွေစဉ်းစားနေတာလဲဟင်"

သူ အဓိပ္ပာယ်ပြည့်ဝနေတဲ့ မျက်ဝန်းတွေနှင့် ပြန်၍ကြည့်မိသည်။ ဟောဝန့်ကို ချစ်တယ်၊ အရမ်းချစ်တယ်ကွာ၊ ကိုယ်ပိုင်ဆိုင်သမျှ စည်းစိမ်ဉစ္စာတွေ မင်းအတွက် ဖြစ်စေချင်တယ်။

"ရှင်အားငယ်သွားပြန်ပြီလားဟင်"

"ဟောဝန်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ့်အနားမှာ အမြဲတမ်း ရှိနေပေးပါလား"

"ယောဝန် ရှင့်အနားမှာ ရှိနေတာပဲဟာ"

"အမြဲတမ်းလေ"

"အဟုတ်"

နော် ယောဝန်"

"အင်း"

ယောဝန်လက်လေးကို သူဆုပ်ကိုင်လိုက်သည်။ ယောင်ပြီး လက်တွေကို လွှတ်လိုက်မိသဖြင့် ဒူးတွေ တဆတ်ဆတ်တုန်ပြီး ပြန်လဲကျတော့မလို ဖြစ်သွား၍ ယောဝန်က ထိန်းပေးလိုက်၏။

"ရှင် သတိထားလေ၊ ဘယ်လိုဖြစ်ရတာလဲ"

ပြိုလဲတော့မလို ဖြစ်သွား၍ တစ်ယောက်ကိုတစ်ယောက် ပေးမကူညီပြီး ဖက်ထားလိုက်ကြရသည်။

"ဟင်"

"ဘယ်လိုဖြစ်နေကြတာလဲ"

ဒေါ်ဒေဝီနှင့် နန္ဒာချိုတို့ ဝင်လာကြတာနှင့် ပက်ပင်းတိုး လေသည်။





"ဒေါက်တာပန်းယောဝန် ညည်းက ဘာဖြစ်လို့ ဒီလိုအခြေ အနေမျိုး ဖန်တီးရတာလဲ"

"ကြီးကြီးဒေဝီ ဘာတွေလာပြောနေတာလဲ၊ ကျွန်တော် ယောင်ပြီး လက်လွှတ်လိုက်လို့ ယောဝန်က ထိန်းပေးထားတာပါ"

"မသင့်တော်ဘူးလေ သားကြီးရယ်"

"ယောဝန်က သူ့တာဝန်သူ ထမ်းဆောင်နေတာပါ ကြီးကြီး ရယ်"

ဒေါက်တာပန်းယောဝန်နှင့် အဂ္ဂကြီးတို့ နီးစပ်သွားမှာကို ဒေါ်ဒေဝီ အစိုးရိမ်ဆုံးပင်။

ဒင်းတို့က နီးစပ်နေကြပြီ၊ နန္ဒာချိုကိုတော့ ဘယ်သူမှ အရေးမလုပ်ကြပေ၊ ဒီဆရာဝန်မကိုပဲ အရေးအရာလုပ်နေကြသည်။

"နန္ဒာချို"

"ရှင် မာမီ"

"အဂ္ဂကြီးကို တွဲပြီး လမ်းလျှောက်ပေးပါကွယ်၊ ဒေါက်တာဒီလောက်တော့ ကြီးကြီးတို့လုပ်တတ်ပါတယ်၊ သွားပြီး အနားယူလိုက်ပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာယန်းဟောဝန်အား အလိမ္မာနှင့် မောင်းထုတ်ပစ်လိုက်လေသည်။

“ဟောဝန်”

“ရှင်”

“မင်းနေပါ”

အဂ္ဂကြီးကတော့ ကြီးကြီးဒေဝီရဲ့ စကားတွေကို လက်မခံနိုင်ပေ၊ သူ့အနားမှ ဟောဝန်ရှိဖို့ပဲ လိုအပ်နေလေသည်။

“ဟောဝန်ပဲနေပါ”

“မနေရဘူး၊ ကြီးကြီးတို့ ရှိသားပဲ အဂ္ဂကြီးရယ်၊ ဘာဖြစ်လို့ ဒီမိန်းကလေးရှိနေရမှာလဲ၊ မလိုအပ်တော့ပါဘူး နားပါစေ”

ဒေါက်တာယန်းဟောဝန်ကို အကြည့်စိမ်းစိမ်းဖြင့် ကြည့်လိုက်၍ ချာခနဲ လှည့်ထွက်သွားတော့သည်။

“နန္ဒာချို မင်းအစ်ကိုကို လမ်းတွဲလျှောက်စမ်း၊ ကိုယ့်ညီမရှိနေတာပဲ၊ ဘာဖြစ်လို့ သူများအားကိုးရမှာလဲကွယ်”

“ဟုတ်သားပဲ ကိုကို၊ နန္ဒာ ပြုစုပါ့မယ်၊ ဘာမှ အားနာစရာမလိုဘူး၊ ဘွားမဟူရာက အလကားနေရင်း အပူရှာတယ်၊





မာမီနဲ့ နန္ဒာရှိတာပဲဟာ”

နန္ဒာချိုကတော့ သူမအမိဖမ်းချင်တာက အဂ္ဂငယ်ပဲ။ ရှင့်လို ဒုက္ခိတကြီးကို ဘာလုပ်ရမှာလဲ၊ မာမီက ကိုအဂ္ဂကြီးက အမွေတွေ ပိုပြီးရမှာတဲ့၊ ဒီမဟူရာစံအိမ်ကြီးရဲ့ ပိုင်ရှင်တဲ့။

“လာလေ နန္ဒာတွဲမယ်၊ ဟိုဆရာဝန်မလို ကိုကို့ကို လဲအောင် မလုပ်ပါဘူးနော်”

နန္ဒာချိုစိတ်မပါဘဲနှင့် ကိုအဂ္ဂကြီးအား တွဲနေရသည်။

“တော်ပါပြီ”

“မဟုတ်တာကွယ်၊ ဆက်လျှောက်ပါနော်”

နန္ဒာချိုက စိတ်ညစ်ပြီး ဒုက္ခိတကြီးကို တွဲနေရလေသည်။ လေးလိုက်တာ၊ ကိုအဂ္ဂငယ်ပဲ နန္ဒာချို စိတ်ဝင်စားတာ မဟုတ်လား။

ဟိုဒေါက်တာမက ကိုအဂ္ဂငယ်နှင့်လည်း ညီနေပြီလား၊ မဖြစ်ပါဘူး၊ နန္ဒာချိုက ကိုအဂ္ဂငယ်ကိုပဲ ချစ်တာပါ။

“အား”

“ဝုန်း”

“အမလေး”



www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂကြီးနဲ့ နန္ဒာချိုတို့ လုံးထွေးကျသွားလေသည်။

"ဒုက္ခပါပဲ၊ နန္ဒချို သမီးဘယ်လိုလုပ်လိုက်တာလဲကွယ်"

အဂ္ဂကြီးလည်း ကြမ်းပြင်ပေါ် ပစ်ကျသွားသဖြင့် နာကြင်သွားရလေသည်။ ကြီးကြီးဒေဝီကြောင့်သာ သူလက်ခံနေရခြင်းဖြစ်၏။

နန္ဒာချိုကို အမြင်ကတ်မိသည်။ အလကားမိန်းမ မျက်ဝန်းစိမ်းစိမ်းတွေက မရိုးသားဟု ထင်မိသည်။

"ဆောရီးနော်၊ ထပါကိုကို နန္ဒာတွဲပေးမယ်"

"ရပါတယ်၊ ကိုယ်ထနိုင်အောင် ကြိုးစားမယ်"

ဟောဝန်က ကိုယ့်အားကိုယ်ကိုးတဲ့၊ ယုံကြည်မှုအပြည့်ထားတဲ့၊ နန္ဒာချိုတွဲတာလည်း သူလုံးဝမနှစ်သက်မိပေ။

"သားကြီး အခြေအနေက အရမ်းတိုးတက်လာပြီပဲ"

သူထနိုင်သည်။ ခြေထောက်ကတော့ သိပ်ပြီးမသန်သေးပေ၊ တဆတ်ဆတ်တုန်ယင်နေ၏။ တန်းကို ဆုပ်ကိုင်လိုက်သည်။

"ကြီးကြီး"

"ဟင်"





"ကျွန်တော် နားပါရစေတော့နော်"

"နားရမှာပေါ့ကွယ်၊ နန္ဒာ သားကြီးကို အိပ်ရာပေါ်တွဲပို့လိုက်"

နန္ဒာချို လာထိတာကို သူ လုံးဝ မနှစ်သက်ပေ၊ စိတ်ညစ်နေမိလေသည်။

"ကိုကိုလာ နန္ဒာချို တွဲမယ်နော်"

နန္ဒာချိုတွဲပြီး အိပ်ရာပေါ် လှဲစေသည်။

"ကျွန်တော် အနားယူချင်ပါပြီ"

"ကောင်းပါပြီကွယ်၊ ကြီးကြီးတို့ ပြန်ပါ့မယ်၊ လာသမီး မောင်အဂ္ဂကြီးနားပါစေ၊ စောင်လေးခြုံပေးလိုက်ပါဦး"

နန္ဒာချိုက စောင်ကို လာပြီး ခြုံပေးလေသည်။ အဂ္ဂကြီး ဒေါသတွေပေါက်ကွဲချင်တာ ထိန်းချုပ်ထားရ၏။

ဟောဝန့်စိတ်တွေ ညှိုညင်သွားမှာ သူအကြောက်ဆုံးပင်၊ ကြီးကြီးဒေဝီနှင့် နန္ဒာချို ထွက်သွားမှ အဂ္ဂကြီး စိတ်သက်သာရာရသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

''အမေ''

''ဟင်...ညည်း ကျုပ်ကို ဘာလို့တွယ်ကပ်နေရတာလဲ ပန်းဟောဝန်''

''သမီးကိုလက်ခံပါ အမေက ရာစံအိမ်ကြီးထဲကနေ သမီးတို့ ထွက်သွားရအောင်နော်''

အမေဘာယ်လောက်ပဲ ငြင်းပါစေ ဟောဝန်ကတော့ လစ်သည်နှင့် အမေ့ကို စည်းရုံးသိမ်းသွင်းနေလေသည်။





''အမေ လက်ခံပါ၊ အမေက ဟောဝန်အမေဆိုတာ ဟောဝန် သိပါတယ်၊ ဟောဝန့်မှာ အမွေပစ္စည်းတွေ ရှိပါသေးတယ် အမေ၊ သမီးတို့ ဒီကနေထွက်သွားရအောင်နော်''

ဒေါ်ပန်းမြိုင်ရင်ထဲသို့ ဆို့နှစ်ကြေကွဲမှုတွေ တိုးဝင်သွားရလေသည်။

သမီးရယ်...အမေခံစားသွားရပြီ၊ မျှော်လင့်ချက်တွေနဲ့ ပြည့်ဝနေတဲ့ သမီးမျက်ဝန်းတွေကို မကြည့်ရက်တော့ ဝန်ခံလိုက်ချင်မိသည်။

မဖြစ်ပါဘူးကွယ်...အမေ့ဘဝကို အသေသတ်ပစ်လိုက်ပါပြီ။ လုပတင့်တယ်ပြီး ဂုဏ်ဒြပ်တွေနဲ့ ပြည့်ဝနေတဲ့ သမီးဘဝလေးကို အမေ့ကြောင့် အမဲစက်တွေ မစွန်းထင်းပါစေနဲ့။

''အမေ''

''ညည်း သွားတော့''

''အမေ့ကြောင့် ဟောဝန် ဒီကိုလာတာပါ၊ ဒီမှာ အနှိမ်ခံဘဝနဲ့ အမေမနေပါနဲ့တော့နော်''

''မဟုတ်ဘူး၊ ငါ ညည်းအမေမဟုတ်ဘူးလို့ ပြောပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ညည်း ဘာဖြစ်လို့ အနှောင့်အယှက်ကိုလာပေးနေရတာလဲ"

"အမေက ကျွန်မအမေပါ၊ အဲဒါကို မငြင်းပါနဲ့နော်၊ အမေရယ် ဟောဝန် အမေ့ရင်ခွင်ထဲမှာ နေပါရစေနော်"

"ပန်းဟောဝန် ကျုပ်က ညည်းအမေမဟုတ်ပါဘူး၊ ကျုပ် ဘယ်တော့မှ လက်ခံမှာမဟုတ်ဘူးနော်၊ ညည်း ကျုပ်အနားသိပ်မ ကပ်ပါနဲ့အေ"

"အမေ"

"ခက်တာပဲ"

"ဟောဝန် အမေနဲ့ နေချင်တယ်၊ အမေ အသိအမှတ်ပြု ပေးပါနော်"

"မပြုဘူး၊ ငါက ညည်းအမေမှ မဟုတ်တာဘဲ၊ ညည်း ဘာဖြစ်လို့ လာပြီး ဒုက္ခပေးရတာလဲအေ့၊ အကောင်းဆုံးက ညည်း ဒီကနေ ထွက်သွားပါတော့"

ဒေါ်ပန်းမြိုင် အပေါ်ထပ်ကနေ ပြေးဆင်းလာခဲ့သည်။

သမီးလေး သနားစရာကောင်းလိုက်တာ၊ အမေ့ကို အသိအမှတ် ပြုလို့ အမေဝမ်းသာပါတယ် ဟောဝန်ရယ်၊ မဖြစ်နိုင်ပါဘူးကွယ်။





အမေက နှာမည်ပျက်နဲ့ပါ။

ဒေါ်မဟူရာက အမေ့သမီးဆိုတာသိရင်တောင် ဟောဝန်ကို အထင်ကြီးမှာ မဟုတ်တော့ပါဘူးကွယ်။

"အမေ"

ဟောဝန်ကတော့ အမေ အသိအမှတ်မပြု၍ ကြေကွဲစွာ ခံစားနေရသည်။

အမေက ဟောဝန့်ဂုဏ်သိက္ခာအတွက် ငြင်းဆန်နေတာ မဟုတ်လား။ ဟောဝန်အောက်ထပ်သို့ ဆင်းလိုက်လာတဲ့အချိန်တွင် ကိုအဂ္ဂငယ်နှင့် တိုးတော့သည်။

"ဟောဝန်"

"ရှင်"

"ဘာတွေဖြစ်လို့ ဒီလောက်အထိ အရေးတကြီး ဖြစ်နေ ရတာလဲ"

"ဟို...ကျွန်မ...ကျွန်မ"

"ဟောဝန်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလသာဆောင်မှာ ကိုယ်တို့စကားပြောရအောင်"

"ဟို…ရှင်ပြောစရာရှိရင် ဒီမှာပဲ ပြောပါ၊ ကျွန်မ ပြဿနာ မဖြစ်ချင်ဘူး၊ ဒေါ်ဒေဝီတို့သားအမိ ကိုအဂ္ဂကြီးအခန်းထဲ ကနေ ထွက်လာတော့မယ်"

အမေနှင့် စကားပြောတာက အကြောင်းမဟုတ်ပေမဲ့ ကိုအဂ္ဂယ်နဲ့ဆိုရင် ပြဿနာက အကြီးအကျယ်တက်သွားနိုင်တယ်။

"ဟောဝန်"

"ရှင်"

"မင်းကို ကိုယ်"

"ဟို…ဟို ကျွန်မ သွားတော့မယ်နော်၊ ကျွန်မမှာ အလုပ် ကိစ္စတွေ ရှိတာပဲ၊ ကိုအဂ္ဂကြီးအတွက် စားစရာတွေ ပြင်ဆင်ပေး ဦးမှာပါ"

"ဟောဝန် ကိုယ့်ကို နားလည်ပေးစမ်းပါ၊ ကိုယ့်စိတ်တွေ က မင်းကိုပဲ အမြဲတမ်း သတိရ တမ်းတနေမိတယ်"

"ကျွန်မတို့ ဒီစကားတွေ မပြောကြရင် ကောင်းမယ်ထင် တယ်နော်၊ လောလောဆယ် ကိုအဂ္ဂကြီးကိုပဲ ပြုစုစောင့်ရှောက်ပေး





ဖို့ တာဝန်ရှိနေလို့ပါ"

ကိုအဂ္ဂယ်နှင့် လိုအပ်တာထက် ပိုပြီးမပတ်သက်ဖို့ ဆုံးဖြတ်လိုက်ခဲ့လေသည်။

အမေ့ကိုခေါ်ပြီး ထွက်သွားဖို့ပဲ။ ဟောဝန် တခြားသူတွေ နှင့် မရှုပ်ထွေးချင်တော့ပါဘူး။

"ဟောဝန်"

"ရှင်"

"ကိုယ် မင်းကို ချစ်နေပါပြီ"

"ရှင်"

အဂ္ဂယ်ကလည်း မထူးတော့၍ ပြောလိုက်မိသည်။

မတတ်နိုင်တော့ဘူးကွာ၊ ကိုယ် ဟောဝန့်ကို ချစ်မိနေပြီ။ ဘာကိုမှ ကိုယ် မစဉ်းစားချင်တော့ဘူး ဟောဝန်ရာ။

"ကျွန်မ…ကျွန်မ"

"မင်း ကိုကို့ကို မချစ်ဘူးမဟုတ်လား"

"ရှင်…ရှင်"

"ဟောဝန်ရယ်…ကိုယ် အတ္တကြီးတာ မဟုတ်ပါဘူးကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ယောဝန်ကို အရမ်းချစ်မြတ်နိုးမိသွားတယ်၊ ကိုယ့်ရင်ထဲမှာ ဘယ်လိုမှ ထိန်းချုပ်ထားလို့ မရတော့ဘူး''

အင်္ဂယ်က ယောဝန့်လက်လေးကို ဆုပ်ကိုင်မိသည်။ တဒင်္ဂတော့ ယောဝန်က မရုန်းဖယ်ပဲ ငြိမ်သက်နေသည်။ အကြည့်ချင်း ဆုံမိသွား၏။

''ယောဝန့်ရယ် မင်းကို အရမ်းချစ်တယ်''

ယောဝန် ကိုယ်လုံးလေးကို တင်းကြပ်စွာ ဖက်ထားလိုက်မိသည်။ ဖူးစင်ငုံနေတဲ့ နှုတ်ခမ်းလေးကို နမ်းပစ်လိုက်၏။

''အို''

ယောဝန် အသိတွေဝင်လာပြီး ရုတ်တရက် ရုန်းဖယ်လိုက်မိသည်။ သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်မိ၏။

''အို…ကျွန်မကို လွှတ်ပါ၊ ကျွန်မ ဒီကနေ ထွက်သွားပါရစေနော်''

''ယောဝန်''

''ရှင်''

''ကိုယ် မင်းကို အရမ်းချစ်နေမိပြီ''





''မဖြစ်နိုင်တာပဲ၊ ကျွန်မက ကိုအင်္ဂကြီးကို ပြုစုစောင့်ရှောက်ရမယ့် တာဝန်တွေ ရှိပါတယ်၊ ပြီးတော့ ဘွားက''

ကိုအင်္ဂယ်အနားမှ ယောဝန် ပြေးထွက်လာခဲ့မိလေသည်။ အခန်းထဲရောက်မှ ယောဝန် တုန်ယင်လှိုက်လှဲ့စွာ ငိုမိ၏။

ကိုအင်္ဂယ်ရယ် ကျွန်မရင်ထဲမှာလည်း ရှင်ပဲရှိနေပါတယ်။ ကျွန်မ ရှင့်ကိုပဲ တမ်းတနေမိတယ်လေ။ ကိုအင်္ဂယ်ကို ယောဝန် ချစ်ပါတယ်၊ ယောဝန် ကြေကွဲစွာဖြင့် တသိမ့်သိမ့်ငိုနေမိလေသည်။

ဒေါ်ပန်းမြိုင်လည်း သားငယ်နှင့် သမီးယောဝန်တို့ ဖြစ်ပျက်ပုံကို တွေ့မြင်လိုက်၏။

စိတ်ထိခိုက် ကြေကွဲစွာဖြင့် မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပဲ ကျလာရလေသည်။

မောင်အင်္ဂယ်နဲ့ သမီးလေးယောဝန်က အလိုက်ဖက်ဆုံးပါပဲ။ မောင်အင်္ဂကြီးကိုလည်း ဒေါ်ပန်းမြိုင် မပစ်ရက်အောင် ဖြစ်နေရသည်။

မိမိကို ခင်တွယ်နေ၏။ ငယ်ငယ်လေးထဲက မိမိလက်ပေါ်မှာပဲ ကြီးပြင်းလာတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မပန်းမြိုင်"

"ရှင်"

"မင်းကို မမကြီးမဟူရာက တွေ့ချင်လို့တဲ့"

"ဟုတ်ကဲ့"

ကိုမောင်မောင်တင်က နောက်အိမ်ထောင်ပြုသွားပြီဆိုတာ ဒေါ်ပန်းမြိုင် သိနေသည်။

"ညည်း မြန်မြန်သွားလိုက်ပါ"

"ဟုတ်ကဲ့"

အိမ်တော်စိုးကြီး ဒေါ်နှင်းကြွေအသံက နည်းနည်းတော့ ပျော့သွားလေသည်။ ဒေါ်ပန်းမြိုင် မေမေ့အခန်းထဲ ဝင်လာခဲ့လေသည်။

"မပန်းမြိုင်"

"ရှင်"

"လာထိုင်ပါဦး"

"ဟုတ်ကဲ့"

ယောက္ခမကြီးရဲ့ အမူအရာတွေက ဟိုတုန်းကလောက်





တင်းမာခက်ထန်မနေတော့ပေ။

"မပန်းမြိုင်"

"ရှင်"

"ညည်းယောကျ်ား မောင်မောင်တင်အကြောင်း ညည်း သိပြီးရောပေါ့"

"ဟုတ်ကဲ့ပါ မေမေ"

ချွေးမဖြစ်သူကို ကြည့်ပြီး ဒေါ်မဟူရာ စိတ်မကောင်းဖြစ်သွားရလေသည်။

တစ်သက်လုံး မဟူရာစံအိမ်ကြီးထဲမှာ အနှိမ်ခံဘဝနှင့် နေလာခဲ့ရင်း ထားရာနေ၊ စေရာသွားပြီး သူ့မိုက်ပြစ်ကို ပေးဆပ်နေသူပါ။

"ကျွန်မ ထွက်သွားပေးရမလား မေမေ"

"မသွားပါနဲ့ဦး၊ မေမေမှားပါတယ် မပန်းမြိုင်၊ ညည်းက စေတနာမေတ္တာကြီးမားစွာ ထားတတ်တဲ့ မေတ္တာရှင်တစ်ယောက်ပါကွယ်"

မိမိသား မောင်မောင်တင်ကလည်း ဆိုးသွမ်းတဲ့ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ မဟုတ်လား။

"မမေ အတွေ့ကြီးခဲ့တယ်၊ ညည်းတစ်ယောက်တည်း အပေါ်ပဲ အပြစ်တွေ ပုံချခဲ့မိတယ် မပန်းမြိုင်"

"မမေရယ်"

ဒေါ်ပန်းမြိုင် မျက်ဝန်းတွေထဲမှ မျက်ရည်တွေ ပြည့်လျှံကျလာလေသည်။

"မပန်းမြိုင်"

"ရှင်"

"ညည်း ဒီကနေ ထွက်မသွားပါနဲ့ဦး၊ မမေ့မြေးကြီး တော်တော်လေး ထူထူထောင်ထောင်ဖြစ်နေပြီပဲလေ၊ ဒေါက်တာပန်းယောဝန်နဲ့ လက်ထပ်တဲ့အထိ နီးစပ်မှုရှိသွားအောင် ကြိုးစားပေးစမ်းပါ"

"ဟုတ်ကဲ့"

"မမေက ညည်းအပေါ် ထပ်ပြီး မတရားလုပ်တယ်လို့ပဲ သတ်မှတ်ပါအေ၊ မမေ့ကို ကူညီပါကွယ်၊ ညည်းဘဝအတွက် မမေ ထိုက်သင့်တဲ့အမွေစုတစ်စု ပေးပါ့မယ်"





"ဟို...ဟို ကျွန်မ ဘာမှမလိုချင်ပါဘူးနော်၊ စေတနာသက်သက်နဲ့ပဲ ကျွန်မ ကူညီမှာပါ"

ဒေါ်ပန်းမြိုင် နောက်ဆုံးအကြိမ် ကူညီပြီးရင်တော့ အေးချမ်းရာရှာဖို့ပဲ ဆုံးဖြတ်ထားမိသည်။ ရိပ်သာတစ်ခုခုမှာ နေတော့မယ်။

"မပန်းမြိုင်"

"ရှင်"

"ရော့...သမီးအတွက် ရသင့်တဲ့ အကျိုးခံစားခွင့်တွေ"

ဒေါ်မဟူရာက အတွင်းပစ္စည်းလက်ဝတ်လက်စားအချို့ကို ပေးလေသည်။

"ကျွန်မ လက်မခံပါရစေနဲ့၊ ဘာမှမရလည်း အဂ္ဂကြီးကို ကျွန်မ စောင့်ရှောက်မှာပါ၊ ကျွန်မကို ဘာမှမပေးပါနဲ့ မမေ"

"အခု ညည်းလက်မခံလည်း ကျုပ်ကွယ်လွန်သွားရင် ညည်းအတွက် အမွေစုအဖြစ် ရှေ့နေတွေနဲ့ တိုင်ပင်ပြီး မမေဘဏ်မှာအပ်ထားပေးမှာပဲ"

ဒေါ်ပန်းမြိုင် တသိမ့်သိမ့်ရှိုက်ငိုပြီး မမေ့အခန်းထဲကနေ ပြေးထွက်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟောဝန်"

"ရှင်"

"ကိုယ့်အနားကနေ မင်းထွက်မသွားပါနဲ့နော်၊ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ့်ဘဝမှာ ဟောဝန်မရှိလို့ မဖြစ်တော့လို့ပါ"

ဟောဝန် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်နေမိလေသည်။

ကိုအဂ္ဂကြီးရဲ့ ရီဝေကြေကွဲနေတဲ့ မျက်ဝန်းတွေနှင့် ဆုံမိနေ





၏။

"ဟောဝန်"

"ဟင်"

"ကိုယ့်ကို ထားခဲ့မှာလားကွာ၊ ပြောပါဦး၊ ကိုယ့်ကို မင်းထားခဲ့မှာလား"

"ကိုအဂ္ဂကြီး"

"ဟောဝန်"

"ကျွန်မ ရှင့်ကို မထားခဲ့ပါဘူး၊ ရှင့်ဘဝရှင်သန်ရေး အတွက် ကျွန်မ ကြိုးစားချင်တယ်၊ ရှင် စိတ်ဓာတ်မကျပါနဲ့နော်"

ကိုအဂ္ဂငယ်ရယ် ကျွန်မ နှလုံးသားတွေထဲမှာ ရှင်ရှိနေတာ ကတော့ အမှန်ပါပဲ။ ဒုက္ခိတဘဝရောက်နေတဲ့ ကိုအဂ္ဂကြီးအပေါ် လည်း ကျွန်မ လုံးဝမရက်စက်နိုင်ဘူး ဖြစ်နေတယ်။ ရှင်တို့ နှစ်ယောက်လုံးကိုတော့ ဟောဝန် လက်မထပ်နိုင်ပါဘူး။ အမေ့ကို ခေါ်ပြီး ဒီကနေ ထွက်သွားမှာပါ။

"ဟောဝန်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းကိုလက်ထပ်ပါရစေ"

"ရှင်"

ကိုအဂ္ဂကြီးရော ကိုအဂ္ဂငယ်ပါ ဟောဝန့်အား လက်ထပ်ရန် တောင်းဆိုနေကြ၍ အထိတ်တလန့်နဲ့ ဖြစ်သွားရလေသည်။

"ကိုယ် မင်းကိုချစ်တယ်၊ ကိုယ့်ဘဝတွေ ရှင်သန်ဖို့ မင်းပဲ စွမ်းဆောင်နိုင်စွမ်း ရှိခဲ့တာပဲ ဟောဝန်"

ဟောဝန် လက်တွေကို ဆတ်ခနဲ ဆုပ်ကိုင်သည်။ သူ့လက်တွေ တဆတ်ဆတ်တုန်ယင်နေလေ၏။

"ကိုယ် ဟောဝန့်ကိုချစ်တယ်၊ အရမ်းချစ်တာပဲ ဟောဝန်"

"ရှင်"

ကိုအဂ္ဂကြီးလက်ထဲမှ သူမ ရုန်းထွက်မိသည်။ မဖြစ်နိုင်ပါဘူး၊ ကျွန်မ ချစ်မြတ်နိုးတာ ကိုအဂ္ဂငယ်ပါပဲ။ ရင်ထဲမှာ နာကျင်စွာ ပြောနေမိလေသည်။

"ဟောဝန် ကိုယ့်ကို ပြစ်မသွားပါနဲ့၊ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်ကိုလက်ထပ်ပါ"

"ကိုအဂ္ဂကြီး"





"ဟောဝန်"

"အရင်ဆုံး ကိုအဂ္ဂကြီးရဲ့ဘဝကို ပြန်ပြီး ထူထောင်စေချင်ပါတယ်၊ လူကောင်းပကတိဖြစ်စေချင်ပါတယ်"

အဂ္ဂကြီးရဲ့ အကြည့်တွေက ဟောဝန့်မျက်ဝန်းလေးတွေထဲ ထိုးဖောက်ဝင်ရောက်တော့မတတ် ဖြစ်နေလေသည်။

"ဟောဝန့်ကို နားလည်ပေးပါနော်၊ ဟောဝန်က တာဝန်တစ်ခုကို ကျေပွန်ချင်တာပါ၊ ဟောဝန့်တာဝန်ကို ဟောဝန် ကျေပွန်အောင် ထမ်းဆောင်ပါရစေ"

"ကိုယ် ကြိုးစားမယ် ဟောဝန်၊ ကိုယ့်အနားကနေ ထွက်မသွားပါနဲ့၊ ဟောဝန် ကတိပေးစမ်းပါ"

"ကျွန်မ တာဝန်မပြီးဆုံးသေးဘဲနဲ့ ရှင့်အနားကနေ ထွက်မသွားပါဘူး"

အမေရယ် ဟောဝန် ဘယ်လိုလုပ်ရမလဲဟင်၊ မဟာရာဇ်အိမ်ကြီးထဲကနေ အမေ့ကိုခေါ်ပြီး ဟောဝန် ထွက်သွားချင်ပါတယ်။ ဟောဝန့်နောက်ကို လိုက်ဖို့ အမေ မငြင်းဆန်ပါနဲ့နော်။

"ဟောဝန်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကိုယ့်ကို ဘယ်လိုအနေအထားမျိုး ဖြစ်စေချင်လဲ၊ ပြောစမ်းပါ၊ ကိုယ် မင်းစေသမျှ အမိန့်တွေကို နာခံပါ့မယ်၊ ပြောပါ ဟောဝန့်၊ မင်း ဘာဖြစ်စေချင်လဲ"

"ဟောဝန်တို့ လေ့ကျင့်ခန်း ဆင်းကြရအောင်နော်"

"အိုကေ ဟောဝန် ကိုယ် ကြိုးစားမယ်၊ မင်းနဲ့အလိုက်ဖက်ဆုံး ယောကျ်ားတစ်ယောက် ဖြစ်စေရပါ့မယ်"

ကိုအဂ္ဂကြီး စိတ်တွေ ပြောင်းလဲသွားစေရန် ဟောဝန် ကြိုးစားလိုက်မိလေသည်။

လမ်းလျှောက်နေစေ၏။ ဒေါ်ဒေဝီနှင့် မနန္ဒာချိုတို့ အကြည့်တွေက မလိုလားပုံပင်။ ဟောဝန်ကတော့ အရာအားလုံးကို ဘာမှ ဂရုမစိုက်။ ဟောဝန်ကိစ္စက အမေ့ကိုခေါ်ပြီးရင် ပြီးပြီပဲ။

"ပန်းဟောဝန်"

"ရှင်"

"ညည်းက ကျုပ်တူကို အတော်လေး စည်းရုံးသိမ်းသွင်းနိုင်တာပဲအေ"





"ကြီးကြီးဒေဝီ ကျွန်တော်နဲ့ ဟောဝန့်ကို မနှောင့်ယှက်ပါနဲ့ဗျာ၊ တောင်းပန်ပါတယ်"

"သားကြီး မင်းကို ဒီမိန်းမက ဖြားယောင်းမြူဆွယ်နေတာပါကွယ်၊ ကြီးကြီးဒေဝီပြောတဲ့ စကားတွေကို နားထောင်စမ်းပါ၊ ဒီမိန်းကလေးက မရိုးသားပါဘူး၊ အဂ္ဂငယ်နဲ့လည်း ဘာညာပဲ"

"ကြီးကြီးဒေဝီ"

ဟောဝန် နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ စေ့ကပ်ထားမိလေသည်။ ဒေါ်ဒေဝီက မနန္ဒာချိုကို တူနှစ်ယောက်နှင့် ငြိစွန်းစေချင်နေ၏။ ဟောဝန်ကတော့ ဘာကိုမှ ဂရုမစိုက်နိုင်တော့ပါဘူး။

"ကြီးကြီးဒေဝီက စေတနာနဲ့ ပြောတာနော်၊ မေမေက ဘာမှမသိဘူး၊ ဒီဟာမလေးက လှေနံနှစ်ဖက်နင်းနေတာပါ"

"ကြီးကြီးဒေဝီ တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်၊ ကျွန်တော့်အနားကနေ ထွက်သွားပါတော့ဗျာ"

အဂ္ဂကြီးကတော့ ဒေါ်ဒေဝီအား တောင်းပန်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းဟောဝန်ရဲ့ ရိုးသားမှုကြွေကို သူအသိဆုံးပင် ဖြစ်နေလေသည်။

"ကြီးကြီးဒေဝီ ထွက်သွားပါတော့ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်"

ဒေါ်ဒေဝီတို့သားအမိ မကျေမနပ်နှင့် ထွက်သွားတော့သည်။

ဟောဝန့်အား သူတို့ အကောက်ကြံတော့မယ်ဆိုတာ သိလိုက်၏။ ကြောက်စရာကောင်းလွန်းတဲ့ ဒေါ်ဒေဝီရဲ့အကြည့်တွေနှင့် ဆုံမိလေသည်။

"ဟောဝန်"

"ဟင်"

"ကိုယ်တောင်းပန်ပါတယ်ကွာ၊ ကြီးဒေဝီရဲ့ သဘောထားကို ကိုယ်နားလည်ပါတယ်၊ ဟောဝန့်ကို ကိုယ် ယုံကြည်ပါတယ်"

"ဟောဝန်တို့ ကြိုးစားပြီး လမ်းလျှောက်ကြစို့နော်၊ အားလုံးကို မေ့ပြစ်လိုက်ပါ"

"ဟောဝန်"

"ဟင်"





ဟောဝန့်လက်လေးကို သူ ဆတ်ခနဲ ဆွဲယူပြီး ပွေ့ဖက်လိုက်၍ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ခြင်း မရှိတော့ဘဲ ဟောဝန်နှင့်အတူ လုံးထွေးပြတ်ကျသွားလေသည်။

"အို"

အဂ္ဂကြီးကတော့ ဟောဝန့်ကိုယ်လုံးလေးကို တင်းကျပ်စွာ ပွေ့ဖက်ထားရင်း အနမ်းမိုးလေး ရွာသွန်းဖြိုးစေသည်။

"ဟောဝန့်ကို ချစ်တယ်၊ ကိုယ် အရမ်းချစ်တယ်၊ ဟောဝန့်ကို လုံးဝမစွန့်လွှတ်နိုင်တော့ဘူးကွာ"

"အို…ဟို…ဟို"

ဟောဝန့်နှုတ်ခမ်းထူထူအိအိလေးပေါ်သို့ ပူနွေးနွေး အငွေ့အသက်လေး လာထိတော့သည်။

ရုန်းဖယ်၍မရ။ ကိုအဂ္ဂကြီးရဲ့ သန်မာတဲ့ လက်တွေက သူမကိုယ်လုံးလေးအား တင်းကျပ်စွာ ရစ်ပတ်နှောင်ဖွဲ့ထားလေသည်။

"ဟောဝန့်ကို ချစ်တယ်၊ ဟောဝန့်ကို အရမ်းချစ်တာပဲကွာ၊ ကိုယ်တို့ လက်ထပ်ကြရအောင်၊ ကိုယ့်ကို မငြင်းဆန်ပါနဲ့ ဟောဝန်"



www.burmeseclassic.com

www.burmeseclassic.com

ရယ်နော်"

ဟောဝန့်ကိုယ်လုံးလေးကို မလွှတ်တမ်းဖက်ထားပြီး မျက်နှာလေးအနှံ့ နမ်းမိသွားလေသည်။

ကိုယ် ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘူး၊ ဟောဝန့် မင်းကို လည်း ကိုယ် ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်တော့ဘူးကွာ။ ဟောဝန် က လူးလဲထဖို့ ကြိုးစားနေလေသည်။

ရှက်စိတ်တွေနှင့် သူမတစ်ကိုယ်လုံး နွေးထွေးလှိုက်ခါ နေ၏။

"ရှင်···ရှင် ဘယ်လိုလုပ်လိုက်တာဲ၊ ကျွန်မကို ရှင့် အလုပ်သမားအမှတ်နဲ့ စော်ကားချင်တာလား"

ဟောဝန် ပြောပြောဆိုဆိုနှင့် သူ့ရင်ခွင်ထဲကနေ ရုန်းထွက် လိုက်မိသည်။ ကြမ်းပြင်ပေါ်မှာ လဲနေတဲ့ ကိုအဂ္ဂကြီးကတော့ ပြန်၍မထနိုင်ပေ။

ဟောဝန် ထူမ မပေးဘဲ နာကျင်စွာဖြင့် ငေးစိုက်ကြည့် မိနေလေသည်။

"သားကြီး ဘယ်လိုဖြစ်ရတာလဲကွယ်၊ ဒေါက်တာဘယ်





လိုဖြစ်ရတာလဲ၊ သားကြီးက ဒေါက်တာ့လူနာလေ"

ဒေါ်ပန်းမြိုင်ကလည်း အဖြစ်အပျက်တွေ အားလုံးကို သိထားလေသည်။ သမီးနှင့် မောင်အဂ္ဂကြီးတို့ အဖြစ်အပျက်တွေ ကို အစအဆုံး မြင်တွေ့လိုက်၏။

ရင်ထဲမှာ နာကျင်သွားရသည်။ မဒေဝီကလည်း သမီး အပေါ် အကောက်ကြံစည်တော့မည်။ သမီးပန်းဟောဝန်ရယ် ဒီကနေ သမီးထွက်သွားပါတော့အေ၊ အမေရင်ကျိုးရပါတော့မယ်။

"ဟောဝန်မှာ အပြစ်မရှိပါဘူး ဒေါ်လေးမြိုင်၊ အဂ္ဂကြီး အပြစ်တွေပါ၊ ဒေါက်တာပန်းဟောဝန်ကို စော်ကားလိုက်သလို ဖြစ်သွားတယ်၊ တောင်းပန်ပါတယ်"

ဟောဝန်ကတော့ အမေ့မျက်ဝန်းတွေနှင့် ရင်ဆိုင်ပါစေရန် အကြည့်တွေကို မလွှဲရှောင်ပေ။

အမေ့မျက်ဝန်းတွေက ဟောဝန့်ကို ကြင်နာမြတ်နိုးနေတဲ့ အရိပ်တွေ ပြည့်လျှံနေတာပါနော်။ ဟောဝန့်အတွက် အမေစိုးရိမ် ပူပန်နေတာပါ။

အမေ့မျက်ဝန်းတွေက ဟောဝန်ရယ် အမေ့အနားကနေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပါတော့လို့ ပြောနေတာ မဟုတ်လား။

"သားကြီး ဒေါ်လေးမြိုင် ထူပေးမယ်နော်"

"နေပါစေ ဒေါ်လေးမြိုင်၊ ကျွန်တော် ကိုယ့်ဘာသာကိုယ်ပဲ ကြိုးစားပြီးထမယ်၊ ကျွန်တော် ဒုက္ခိတဘဝကနေ လွတ်မြောက်အောင် ကြိုးစားမယ်"

ကိုအဂ္ဂကြီးရဲ့ တက်ကြွမှုတွေကို ဟောဝန် ငေးစိုက်ကြည့်နေမိလေသည်။

ဟောဝန့်တာဝန်က ကိုအဂ္ဂကြီးအား ကျန်းမာရေးစောင့်ရှောက်ဖို့ပါပဲ။ ဒေါ်မဟူရာဆန္ဒကိုက ကိုအဂ္ဂကြီးနှင့် ဟောဝန့်အား လက်ထပ်စေချင်နေလေသည်။

"ဟောဝန်ပဲ ကျွန်တော့်ကို ပြုစုပါစေ ဒေါ်လေးမြိုင်"

"သားကြီးက ဒေါ်လေးမြိုင်ကို ဘက်ကန်ပြီပေါ့လေ"

"ဟောဝန်"

"ဟင်"

"ကိုယ့်ကို ခွင့်လွှတ်ပါ၊ ကိုယ့်ကို စွန့်ပစ်ပြီး မသွားပါနဲ့နော်"





အမေနှင့် ဟောဝန် အကြည့်ချင်းဆုံမိသွားလေသည်။ အကြည့်တွေက စိမ်းမနေတော့ပေ။ အမေရယ် ဟောဝန့်ကို လက်ခံပြီး ဒီကနေထွက်သွားကြရအောင်ပါလို့ ဟောဝန့်စိတ်ထဲကနေ ပြောနေမိသည်။

"ဒေါက်တာ သားကြီးက ဒုက္ခသည်ပါ၊ အတတ်နိုင်ဆုံး စိတ်ရှည်သည်းခံပေးပါ"

အမေသည် ပြောပြီး ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

"ဒီဒေါက်တာမက ကိုအဂ္ဂကြီးရော ကိုအဂ္ဂငယ်ကိုပါ ဖြားယောင်းသွေးဆောင်နိုင်ပြီနော် မာမီ"

နန္ဒာချို ကြိတ်မနိုင် ခဲမရနှင့် မကျေမနပ်ဖြစ်နေလေသည်။

"နန္ဒာတို့ ဒီအတိုင်းလက်ပိုက်ကြည့်နေရတော့မှာလား ဟင်"

"ဟုတ်တယ် ဒေဝီ၊ တို့တွေအားလုံး ဒီတိုက်ကြီးပေါ်က ဆင်းရတော့မှာနော်"





"ဒီဆရာဝန်မကို ကျွန်မတို့ ဘယ်လိုမောင်းထုတ်ပစ်ရ မလဲဟင်၊ ရှင်လည်း အကြံပေးပါဦးလား"

ဒေါ်ဒေဝီကလည်း ယောက်ျားကို ကြောက်ရသူပီပီ ယောက်ျားသဘောအတိုင်းပဲ ဖြစ်စေချင်နေသည်။

"ငါကြံမယ်"

ဦးဘခက်ရဲ့ မျက်ဝန်းတွေက ကောက်ကျစ်ယုတ်မာမှုတွေ နှင့် ဝင်းဝင်းတောက်နေလေသည်။

"ယောဝန်ဆိုတဲ့ ဒေါက်တာမ ငါ့လက်က မလွတ်နိုင်ပါ ဘူး"

"ရှင်ဘာလုပ်မလို့လဲ"

"မင်းစောင့်ကြည့်နေလေ၊ ငါ့အစွမ်းအစကို ပြရမှာပဲလေ"

"ဟုတ်တယ် မာမီ၊ ဒီဒေါက်တာမကို ဒက်ဒီနဲ့ပဲ လွှတ်ပေး လိုက်ပါ၊ ဒက်ဒီ ကောင်းကောင်းပညာပေးလိုက်စမ်း"

နန္ဒာချိုရဲ့ မျက်လုံးတွေလည်း ကောက်ကျစ်ယုတ်မာမှု တွေနှင့် တင်းမာခက်ထန်နေသည်။

"ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်"၊ တို့ ငွေ..အ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေလို့မဖြစ်ဘူး၊ သမီးကလည်း မောင်အဂ္ဂကြီးကို ပြုစုလေ"

"ကိုအဂ္ဂကြီးက ဟိုဆရာဝန်မမှ ဆရာဝန်မ ဖြစ်နေတာလေ၊ နန္ဒာ့ကို မောင်းထုတ်နေတာပဲ"

နန္ဒာချို မကျေမနပ်နှင့် ဒေါသတွေ ဖြစ်နေလေသည်။

ကိုအဂ္ဂငယ်ကလည်း ဒေါက်တာယန်းဟောဝန်ပဲ၊ မနာလိုလိုက်တာ နန္ဒာချိုက ကိုအဂ္ဂငယ်ကို ချစ်တာပါ။ ဟိုဒုက္ခိတကိုတော့ ငွေကြေးအရပဲ ဒက်ဒီက ဖြစ်စေချင်၍ ကြိုးစားနေရတာ။

"ကိုအဂ္ဂကြီးရော ကိုအဂ္ဂငယ်ပါ၊ ဟိုဆရာဝန်မပဲ သဲသဲလှုပ်နေကြတာလေ"

"ဒီဆရာဝန်မကိုတော့ မဟာရာစံအိမ်ကြီးထဲက နာမည်ပျက်နဲ့ ပထုတ်ပစ်ရမယ်"

"ဟုတ်တယ်၊ ကိုဘခက် ကျွန်မတို့ တစ်ခုခုတော့ ကြံစည်ရမယ်လေ"

"မင်းအသာနေစမ်းပါ၊ ငါ့တာဝန်ထားစမ်း၊ ငါကြည့်လုပ်မယ်"

"ရှင့်သဘောပါပဲ၊ ကျွန်မကတော့ ဒီဆရာဝန်မကို ပထုတ်





ပစ်ချင်တယ်၊ မေမေကလည်း နန္ဒာချိုကို ဘာဖြစ်လို့ သဘောမကျလည်းမသိဘူး။ ဘာပဲဖြစ်ဖြစ် အတင်းအကြပ်ပေးစားဖို့ ကြိုးစားရမယ်"

ဒေါ်ဒေဝီကလည်း ယောကျ်ားဆန္ဒကို အမိကထားနေသည်။

မရဘူး၊ ဒေါက်တာယန်းဟောဝန်ကိုတော့ တူတွေနဲ့ လက်မထပ်စေရဘူး။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ပဲ။

"မယန်းမြိုင်ကိုလည်း ဒေဝီ နည်းနည်းမှ ကြည့်လို့မရဘူး၊ တူတွေက သင်းကိုပဲ သွေးသားရင်းလို ဆက်ဆံနေကြတယ်"

"ယန်းဟောဝန်ကလည်း ဒီမှာလာနေတာ အကျိုးအမြတ်မျှော်လင့်လို့ ဖြစ်မှာပဲ မာမီ၊ ဒီမိန်းမက ရိုးသားချင်ယောင်ဆောင်နေတာပဲ"

"ဘာမှမပူကြနဲ့၊ ဒက်ဒီ့တာဝန်သာထား၊ ဒေါက်တာယန်းဟောဝန်ဆိုတဲ့ မိန်းကလေး နာမည်ပျက်တွေနဲ့ကို မဟာရာစံအိမ်ကြီးထဲကနေ ထွက်သွားစေရမယ်"

ဦးဘခက်ကတော့ ဒေါက်တာယန်းဟောဝန်ရဲ့ လုပ်ဆောင်မှုတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မျက်နှာလေးကို မြင်ယောင်လာမိသည်။

မိန်းမချောလေးကို ဦးဘခက်ရင်ခွင်ထဲ ရောက်စေရမယ်။ ဦးဘခက်တို့မိသားစု ဒေါက်တာပန်းဟောဝန်အပေါ် အကောက်ကြံစည်နေလေသည်။

ဒေါ်ပန်းမြိုင်ကတော့ နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ စေ့ကပ်ထားမိ၏။

ဒေါ်ဒေဝီတို့မိသားစုက သမီးအပေါ် အကောက်ကြံမှာကို သိနေသည်။ ဘယ်လိုလုပ်ရမလဲ၊ သမီးကို ဒီကနေ ထွက်သွားစေချင်မိ၏။

ကိုဘခက်က လူယုတ်မာကြီးတစ်ယောက်ပဲဆိုတာ ဒေါ်ပန်းမြိုင် သိနေလေသည်။ ဘယ်လိုလုပ်ရမလဲ၊ သမီးလေးကို ဒီကနေ ထွက်သွားအောင် လုပ်နိုင်စွမ်းမရှိဘဲ ဖြစ်နေ၏။

"အမေ ကျွန်မကို လက်ခံပါနော်၊ အမေ့ကြောင့် ဟောဝန် ဒီကိုလာခဲ့တာပါ"

သမီးလေးပြောတဲ့ စကားတွေကို ဒေါ်ပန်းမြိုင် ကြားယောင်လာမိလေသည်။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လာရ၏။





"ဟောဝန့်ကို လက်ထပ်ပါရစေ၊ ဟောဝန် ကိုယ့်ကို ပစ်မသွားပါနဲ့နော်"

သားကြီး အဂ္ဂကြီးကလည်း ဟောဝန့်အပေါ် နှစ်သက်မြတ်နိုးနေသည်။ သားငယ်အဂ္ဂငယ်ကလည်း ချစ်နေသည်။

မဟူရာစံအိမ်ကြီးကနေ သမီးလေးထွက်သွားမှ အန္တရာယ်ကင်းမည်။

မဖြစ်တော့ဘူး၊ သမီးဆီ သွားပြောရမယ်။ မဟူရာစံအိမ်ကြီးထဲကနေ ထွက်သွားပါတော့ကွယ်။

ဒေါ်ပန်းမြိုင် စိတ်ပူပြီး သမီးအခန်းဆီ ရောက်လာသည်။

"ဒေါက်တာပန်းဟောဝန်"

"အမေ"

"ညည်းကို ကျုပ်ပြောစရာရှိလို့ လာတာပါ"

"ပြောပါ အမေ၊ ဟောဝန့်ကို အမေ အသိအမှတ်ပြုပြီလားဟင်"

"ညည်းကို ကျုပ် အသိအမှတ်မပြုဘူး၊ ကျုပ်က ညည်းအမေမဟုတ်ပါဘူး ဟောဝန်ရယ်၊ ဒါပေမဲ့ ဒီမဟူရာစံအိမ်ကြီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ညည်းဆက်မနေသင့်လို့ ကျုပ်လာပြီး သတိပေးတာပဲ ဒေါက်တာ"

ဒေါ်ပန်းမြိုင်ကတော့ ဒေါက်တာပန်းဟောဝန်အား မိမိသမီးအဖြစ် လက်မခံနိုင်ပါဘူး။

ဂုဏ်ဒြပ်တွေမဲ့နေတဲ့ အမေတစ်ယောက်ပါ။ နာမည်ပျက်တွေနဲ့ အမေပါကွယ်။

"အမေ"

"ကျုပ်က ညည်းအမေ မဟုတ်ပါဘူးလို့ ကျုပ်ဘယ်နှစ်ခါပြောရမလဲ၊ ကျုပ်အတွက် ညည်း ဒီမှာ မနေပါနဲ့တော့အေ၊ ညည်း ဒီမှာဆက်နေရင် အန္တရာယ် အရမ်းများတယ်၊ ထွက်သွားပါတော့၊ ကျုပ်ကို အမေလို့ ညည်းထင်နေတာ မှားနေတယ်"

"အမေ ဟောဝန့်ကို ဘာဖြစ်လို့ ဒီလောက်အထိ စိတ်သောကတွေ ရောက်အောင် လုပ်နေရတာလဲ၊ ဟောဝန်က အထီးကျန်ပါ။ လူ့လောကကြီးထဲမှာ အကာအကွယ်မဲ့ နေထိုင်ဖြတ်သန်းရတော့မှာလား အမေရယ်"

ဒေါ်ပန်းမြိုင် သမီးကို တင်းကျပ်စွာ ပွေ့ဖက်ထားချင်မိလေသည်။ မဖြစ်ပါဘူး၊ သမီးလေးက ဂုဏ်ဒြပ်တွေနဲ့ ပြည့်နေ





တယ်၊ အမေက သစ္စာမဲ့တဲ့မိန်းမ၊ ဖောက်ပြန်တဲ့မိန်းမတစ်ယောက်။

"အမေ"

"ညည်းပြန်ပါ၊ ကိုယ့်ဘဝအတွက်ပဲ ညည်း ကြိုးစားသင့်တယ်၊ ကျုပ်က ညည်းအမေ မဟုတ်ပါဘူးအေ၊ မဟုတ်ဘဲနဲ့ ကျုပ်က ဘယ်လိုလုပ်ပြီး ဝန်ခံရမလဲ၊ ညည်းအတွက် အကျိုးယုတ်မယ်နော် ဒေါက်တာ"

"ဟောဝန် ဒီမှာပဲနေမယ်၊ အမေက ဟောဝန့်အမေပါ၊ ဟောဝန် သိပါတယ်နော်၊ ဟောဝန် ဘယ်လိုပဲနေရနေရ အန္တရာယ်တွေ ဘယ်လောက်ပဲ ကြီးပါစေ ဒီမှာပဲနေမယ်"

"ခက်ပါလား၊ ညည်းဘဝပျက်အောင် ဖျက်မယ့်သူတွေ ရှိနေတယ် ပန်းဟောဝန်၊ ဒီကလူတွေအားလုံး ကောက်ကျစ်ယုတ်မာကြတယ်အေ့"

သမီးကတော့ ဘယ်လိုမှ လက်မခံဘဲ ဖြစ်နေသည်။ ဒေါ်ပန်းမြိုင် စိတ်သောကတွေ ခံစားနေရသည်။

မဟူရာစံအိမ်ကြီးထဲမှာ သမီးဘဝလေးက မလုံခြုံတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ"

"အမေ"

"ခက်တာပဲအေ၊ အငွကြီးကိုပဲဖြစ်ဖြစ်၊ အငွငယ်ကိုပဲဖြစ်ဖြစ် ညည်း လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပါလား"

"ဟောဝန် ဘယ်သူ့ကိုမှ လက်မထပ်နိုင်ပါဘူး အမေ၊ ဟောဝန်က အမေ့ကိုခေါ်ပြီး ဒီကနေ ထွက်သွားချင်တာပါ"

"မဖြစ်နိုင်ဘူး၊ ကျုပ်က ညည်းအမေမှ မဟုတ်တာဘဲ"

"အမေ"

ဒေါ်ပန်းမြိုင်က ပြောပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

အမေရယ် အမေက ဟောဝန်ရဲ့ အမေဆိုတာ ဟောဝန်သိပါတယ်။ အမေ ဘာဖြစ်လို့ ငြင်းဆန်နေရလဲဆိုတာလည်း ဟောဝန်သိပါတယ်နော်။

"ပန်းဟောဝန်"

"ဟင်"

ကိုအငွငယ်သည် ဟောဝန့်အား ရီဝေတဲ့မျက်လုံးများနှင့်





ကြည့်နေလေသည်။

"ကိုကိုက မင်းကို လက်ထပ်ခွင့်တောင်းတယ်ဆို"

"ရှင်"

"မင်းလက်ခံလိုက်ပါ၊ ကိုယ့်ကိုပြောတယ်၊ မင်းဟာ ကိုကို့ ဘဝတဲ့"

"အဲဒါ ကျွန်မကိစ္စပါ၊ ရှင်နဲ့ဘာဆိုင်လို့လဲ"

"ဒေါက်တာပန်းဟောဝန်ကို တောင်းပန်တာပါ၊ ကိုကို့ကို ထားခဲ့ပြီး ထွက်မသွားပါနဲ့လို့"

ကိုကို့အတွက်ပဲ မင်းကို ဖြစ်စေချင်ပါတယ်၊ ကိုယ်က တော့ နာကျင်တဲ့ နှလုံးသားတွေကို ရင်မှာပိုက်ပြီး မင်းနဲ့ဝေးသွား နိုင်အောင် ကြိုးစားရမှာပါ။

ဟောဝန့်ကို ကိုယ်ချစ်တယ်။ ဒါပေမဲ့ ကိုကိုက ဒုက္ခိတ ဖြစ်နေတယ်လေ။

"ကိုကိုက မင်းကို အရမ်းချစ်မြတ်နိုးတယ်၊ အရမ်းမျှော် လင့်နေတယ်၊ မင်းမရှိရင် ကိုကိုသေမှာပဲ ဟောဝန်"

ဟောဝန့်နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ယင်ချင်အော



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကိုအဂ္ဂငယ်ရဲ့ မျက်ဝန်းတွေက ကြေကွဲစွာ ရီဝေစိုစွတ်နေ၏။

ယောဝန်အား နာကျင်တဲ့ မျက်ဝန်းတွေနှင့် စူးစိုက်စွာ ကြည့်နေလေသည်။

"မင်းဟာ ကိုကို့အတွက်ပဲ ဖြစ်သင့်ပါတယ် ပန်းယောဝန်၊ ကိုယ်မှားသွားတယ်၊ တကယ်ဆို ကိုကို့အတွက် ရည်မှန်းထားတဲ့ မိန်းကလေးကို စိတ်နဲ့တောင် မပြစ်မှားသင့်ပါဘူး ပန်းယောဝန်"

ပန်းယောဝန်ကလည်း သူ့ကို တုန်ယင်လှိုက်ခါနေတဲ့ မျက်ဝန်းတွေဖြင့် ပြန်၍ ကြည့်နေလေသည်။

မင်း ကိုယ့်ကိုချစ်နေတာ မဟုတ်လား။ မင်းဘက်ကလည်း ကိုယ့်ကို ချစ်ခင်နှစ်သက်နေတာပါ။ ကိုယ်တို့နှစ်ယောက်ရဲ့ နှလုံးသားတွေကို ကိုယ်တို့အသိဆုံးပါပဲ ပန်းယောဝန်ရယ်။

"ယောဝန်"

"ရှင်"

"ကိုကို့ကို ပြစ်မထားခဲ့ပါနဲ့နော်"

"ကျွန်မ…ကျွန်မ"





"ယောဝန့်ကို ကိုယ် အရမ်းချစ်တယ်၊ အရမ်းမြတ်နိုးတယ်၊ မင်းက ဘာဖြစ်လို့များ ကိုကိုနဲ့ ပတ်သက်နေခဲ့ရတာလဲ"

ပန်းယောဝန်လက်တွေကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး စိတ်မထိန်းနိုင်စွာဖြင့် ပွေ့ဖက်ထားလိုက်မိလေသည်။

"ရှင်…ရှင် ဘာလုပ်တာလဲ၊ လွှတ်ပါ၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မက ရှင့်အစ်ကိုရဲ့ ဇနီးလောင်းပါ"

"ဟင်"

"ကျွန်မ…ကျွန်မ ကိုအဂ္ဂကြီးကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ"

"ဟင်"

အဂ္ဂငယ် အသိဝင်လာပြီး ပန်းယောဝန်ကိုယ်လုံးလေးကို လွှတ်ပေးလိုက်တော့လေသည်။

"ကျွန်မ ကိုအဂ္ဂကြီးကိုပဲ လက်ထပ်တော့မယ်၊ ကျွန်မ ဆုံးဖြတ်လိုက်ပါပြီ"

မဟူရာစံအိမ်ကြီးထဲမှာ အန္တရာယ်ကင်းစွာ ဆက်နေဖို့ ယောဝန် ဆုံးဖြတ်လိုက်တာပါ။ အမေ့ကို ထားခဲ့ပြီး ယောဝန် မဟူရာ



www.burmeseclassic.com

www.burmeseclassic.com



စံအိမ်ကြီးထဲကနေ ထွက်မသွားနိုင်ပါဘူး။

ကိုအဂ္ဂကြီးက ဒီအိမ်ကြီးကို ပိုင်ဆိုင်သူပါ။ ဟေဝန်ရဲ့ ရွေးချယ်မှုက အမေ့အတွက်ပါလေ။

"ကျွန်မသွားတော့မယ်၊ ရှင့်ရဲ့ဆုံးဖြတ်ချက်ကလည်း အမှန်ကန်ဆုံးဖြစ်လေ ကောင်းပါတယ်"

ကိုအဂ္ဂငယ်အနားကနေ ယန်းဟေဝန် လှည့်ထွက်လာခဲ့လေတော့သည်။



အခန်း (၂၂)

"တွေ့လား…အဂ္ဂကြီး၊ ဒီဒေါက်တာမက လှေနံနစ်ဖက်နင်းထားတာလေ"

အဂ္ဂကြီးကို ကြီးဒေဝီက ခေါ်ပြီး ညီနှင့် ဒေါက်တာယန်းဟေဝန်တို့ အခြေအနေကို လာပြခြင်းပင်။

"ဒေါက်တာမက မဟူရာစံအိမ်ကြီးထဲမှာရှိတဲ့ ယောကျ်ားတွေကို မြူဆွယ်ဖြားယောင်း သိမ်းသွင်းနေတာပဲ အဂ္ဂကြီး"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးစကားပြောမယ်ကွာ၊ မင်းဘဘခက်ကိုတောင် အလွတ်ပေးချင်တာ မဟုတ်ဘူး"

"ဘာပြောတယ် ကြီးဒေဝီ၊ ဘဘခက်နဲ့ ပန်းဟောဝန်"

"အင်း...နောက်မှ တူကြီးကို သက်သေအထောက် အထားနဲ့တကွ ပြမယ်လေ"

မဖြစ်နိုင်တာပဲ၊ ဒေါက်တာပန်းဟောဝန် မင်း ဘယ်လို မိန်းမမျိုးလဲကွာ။ ကိုယ် မယုံနိုင်ဘူး။ မင်းဟာ မိန်းမတွေထဲက မိန်းမတစ်ယောက်ပဲလား။ အခု ကိုယ့်ညီနဲ့၊ နောက်ပြီး ဘဘခက် နဲ့ရော။

"ကျွန်တော် ခေါင်းတွေမူးလာပြီ၊ ကျွန်တော့်စိတ်တွေ အရမ်းလှုပ်ရှားလာပြီ၊ ကျွန်တော့်ကို အခန်းထဲ ပြန်ပို့ပါတော့၊ ဒေါ်လေးမြိုင်၊ ဒေါ်လေးမြိုင်ရော ကျွန်တော့်အနားမှာ ဒေါ်လေးမြိုင် ကို ခေါ်ထားပေးပါ"

"မပန်းမြိုင်က မင်းနဲ့ သွေးမတော်သားမစပ်၊ တူလေးရယ် ဒီမှာ ကြီးဒေဝီရှိတာပဲဟာ၊ ကြီးဒေဝီနဲ့ နန္ဒာချို့တို့ ရှိပါတယ်၊ တူကြီး ကို အခန်းထဲလိုက်ပို့ပေးမယ်နော်"





"ဒေါ်လေးမြိုင်ကိုပဲ ခေါ်ပေးပါ၊ ကျွန်တော် အရမ်းမူး နေတယ်၊ ဒေါ်လေးမြိုင်ပဲ ခေါ်ပေးပါ"

"အဂ္ဂကြီး မင်းဘာဖြစ်လို့ အိမ်ဖော်အဆင့်ရှိတဲ့ မိန်းမ တစ်ယောက်ကို တမ်းတနေရတာလဲ၊ လာ ကြီးဒေဝီ လိုက်ပို့ပေး မယ်"

ဒေါ်ဒေဝီက အတင်းအကြပ်ပင် တူကြီးအား အိပ်ခန်းထဲ ခေါ်လာခဲ့သည်။

"နန္ဒာချို့ သမီး ပြုစုစမ်း၊ အဂ္ဂကြီးအတွက် သမီးလိုအပ် နေပြီ၊ ဟိုဆရာဝန်မက မျက်နှာများတယ်၊ အလကားမိန်းမ"

"စိတ်ချပါ မာမီ ကိုအဂ္ဂကြီးအနားမှာ နန္ဒာ ရှိနေပါ့မယ်၊ ကိုအဂ္ဂကြီးအတွက် စိတ်ပူစရာမလိုပါဘူး"

အဂ္ဂကြီးကတော့ ဒေါက်တာပန်းဟောဝန်အား အထင်ကြီး မိဘာ မှားပြီဟု နောင်တတွေ ရနေမိသည်။

သူ့နှလုံးတွေ တဒိန်းဒိန်းခုန်နေပြီ။ ဆောက်တည်ရာမရ အောင် ခံစားနေရလေ၏။

ပန်းဟောဝန် မင်းကို အထင်ကြီးမိတာတွေ၊ ချစ်မြတ်နိုးမိ



www.burmeseclassic.com

www.burmeseclassic.com



တာတွေ ငါ နှောင်တရလို့ မဆုံးပါဘူး။ ငါ မင်းကို အရမ်းမုန်းတယ်၊ နာကြည်းတယ်။

"ကိုအဂ္ဂကြီး နန္ဒာ ဘာလုပ်ပေးရမလဲဟင်၊ နန္ဒာရှိတယ်နော်၊ ရှင်သောက်နေကျဆေး နန္ဒာတိုက်မယ်နော်"

နန္ဒာချို့ကိုလည်း အဂ္ဂကြီး အမြင်ကတ်နေမိသည်။ ဒေါ်လေးမြိုင်ရော ကျွန်တော့်အနားကို လာစမ်းပါ။

"ဒေါ်လေးမြိုင်ကို ခေါ်ပေးပါ၊ ငါ့အနားမှာ ဒေါ်လေးမြိုင်နေတာပဲ ငါအလိုရှိတယ်၊ နန္ဒာချို မင်းထွက်သွားစမ်း၊ ငါ ဘယ်မိန်းမကိုမှ အထင်မကြီးဘူး"

အဂ္ဂကြီးရဲ့ စိတ်ထဲမှာ အတာမ်းတဆုံးက ဒေါ်လေးမြိုင်ပင်။ ပန်းဟောဝန်ရဲ့ သစ္စာမဲ့မှုတွေကို ဒေါ်လေးမြိုင်ဆီမှာ ရင်ဖွင့်ချင်တယ်။

"ဒေါ်လေးမြိုင်၊ ဒေါ်လေးမြိုင်၊ ကျွန်တော့်အနားလာပါဗျာ"

အဂ္ဂကြီး စိတ်ထဲမှာ မောပန်းနွမ်းနယ်လာပြီး အသက်ရှူပါ မွန်းကြပ်လာလေသည်။

သူ့ဘဝတစ်လျှောက်လုံးမှာ စိတ်သောကတွေ ခံစားလာရ





ပြီး မကျေနပ်မှုတွေ၊ အလိုမကျမှုတွေနှင့် ဖြတ်သန်းလာခဲ့ရလေသည်။

အသက်ရှူကြပ်လိုက်တာ၊ ပန်းဟောဝန်ရယ် မင်း တော်တော်ရက်စက်တဲ့ မိန်းမတစ်ယောက်ပဲ။ အင်းလေ ညီက လူကောင်းပကတိပဲ။ ငါက ဒုက္ခိတဆိုတော့ မင်း ဘယ်စိတ်ဝင်စားပါ့မလဲ၊ ပန်းဟောဝန် ထိုအချိန်တွင် အခန်းထဲသို့ ဝင်လာလေသည်။

"မနန္ဒာချို့ ကိုအဂ္ဂကြီး ဘာဖြစ်တာလဲဟင်၊ ကျွန်မကို ဘာဖြစ်လို့ အကြောင်းမကြားတာလဲဟင်"

ကိုအဂ္ဂကြီးကို ကြည့်ပြီး အထိတ်တလန့်ဖြစ်သွားရလေသည်။

"ကိုအဂ္ဂကြီး ဘယ်လိုဖြစ်ရတာလဲဟင်၊ ဟောဝန် ရှင့်ကို ပြောစရာတစ်ခု ရှိပါတယ်၊ အဲဒါ ရှင့်ဆန္ဒတွေအတိုင်း ရှင့်ကို လက်ထပ်မယ်လေ"

ကိုအဂ္ဂကြီး အားတက်စေရန် ဟောဝန် ပြောမိလေသည်။

"ကိုအဂ္ဂကြီး မဖြစ်ဘူး၊ ဆရာဝန်ဆီ ဖုန်းဆက်မှဖြစ်မယ် သွားဆီလည်း အကြောင်းကြားရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာမှအကြောင်းကြားမနေနဲ့၊ ရှင့်ကြောင့် ဖြစ်ရတာပဲ"

"ဟင်"

"ရှင်…အဂ္ဂငယ်နဲ့ ပလူးနေတာ တွေ့သွားလို့လေ"

"ဘာရှင့်"

ဒေါ်ဒေဝီနှင့် မနန္ဒာချို့တို့ရဲ့ စနက်တွေဆိုတာ သိလိုက်သည်။ ကိုအဂ္ဂကြီးအား အရေးတကြီး စမ်းသပ်စစ်ဆေးမှုတွေ လုပ်ပေမဲ့ ကိုအဂ္ဂကြီးရဲ့ နှလုံးသွေးက ရပ်တန့်သွားပြီ ဖြစ်လေသည်။

"ကိုအဂ္ဂကြီး ရှင်ထင်သလို မဟုတ်ပါဘူးနော်၊ ကျွန်မ ရှင်နဲ့လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးသားပါ"

ယောဝန့်ရင်ထဲမှာ နာကြည်းစွာဖြင့် ပြောနေမိလေသည်။

ဘွားမဟူရာနှင့် အိမ်သားတွေ ရောက်လာကြ၏။

"ဘယ်လိုဖြစ်ရတာလဲ ဒေါက်တာ၊ မြေးကြီး ဘာဖြစ်တာလဲ၊ ဘွားကို ပြောပါဦး ဘယ်လိုဖြစ်ရတာလဲလို့"

အသက်ကင်းမဲ့နေတဲ့ အချစ်ဆုံးမြေးကြီးရဲ့ ခန္ဓာကိုယ်ကို





ပွေ့ဖက်ပြီး ဒေါ်မဟူရာ မေးနေမိလေသည်။

"ဒီဆရာဝန်မကြောင့် တူကြီးသေရတာ မေမေ"

"ဘာ"

"သားငယ် အဂ္ဂငယ်နဲ့ ဒီဆရာဝန်မ ပလူးနေတာကို တူကြီးက တွေ့သွားတာလေ"

"မဟုတ်ဘူး ကြီးဒေဝီ၊ အဲဒါ လုံးဝမှားနေတယ်၊ ဒေါက်တာယန်းယောဝန်က ကိုကိုနဲ့လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပါ၊ မြေးငယ်အပေါ် လုံးဝပတ်သက်ဆက်ဆံတာတွေ မရှိပါဘူးဘွား"

ဒေါ်မဟူရာကလည်း ဒေါက်တာယန်းယောဝန်ကို ယုံကြည်မိသည်။ မိဒေဝီကြောင့် မြေးစိတ်သောကတွေ ခံစားရတာပဲ ဖြစ်နိုင်၏။

"ဒေဝီ ညည်း ဘာဖြစ်လို့ ပေါက်ကရတွေ လုပ်ရတာလဲ၊ ညည်းကြောင့်ပဲ ကျုပ်မြေးကြီး ဒုက္ခရောက်ရတာပဲ"

"မေမေက ဒေဝီ့ကို မယုံသင်္ကာဖြစ်နေတာပဲ၊ ဒီဆရာဝန်မကို မေမေယုံတာ မှားနေပြီ"

"တော်စမ်း ဒေဝီ၊ မြေး ဘွားမြေး၊ ကံဆိုးလို့ဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ ဘွား ဘယ်လိုဖြေရမလဲ"

ဒေါ်ဒေဝီလည်း မကျေမနပ်နှင့် အခန်းထဲကနေ ထွက်လာခဲ့လေသည်။

ဒေါ်ပန်းမြိုင်လည်း သားအဂ္ဂကြီးအား ငေးစိုက်ကြည့်မိနေ၏။ မင်းမရှိရင် ဒေါ်လေးမြိုင်လည်း ဒီမှာဆက်နေဖို့ မလိုတော့ပါဘူးပေါ့ကွယ်၊ သမီးလည်း ပြန်ပြီပေါ့။

"သမီးက တစ်ကောင်ကြွက်ဘဝနဲ့ လူလောကကြီးထဲမှာ ရပ်တည်သွားရမှာလား မေမေ"

သမီးပန်းယောဝန်ရဲ့ စကားတွေကို ကြားယောင်လာမိလေသည်။

မဖြစ်ပါဘူး၊ အမေ ရိပ်သာမှာပဲ သွားနေတော့မယ်။ သမီးအမေအဖြစ် မခံယူထိုက်သူပါကွယ်။

သားအဂ္ဂကြီးအတွက် အားလုံး ယူကျုံးမရစွာဖြင့် ကြေကွဲနေကြလေသည်။

ဒေါ်မဟူရာက ပန်းယောဝန်ကို အပြစ်မတင်ဘဲ ဒေါ်ဒေဝီတို့မိသားစုကိုပဲ အပြစ်တင်စကားပြောနေ၏။





"ငါ့မြေးကြီး သေဆုံးသွားပြီဆိုတော့ ဒီမဟူရာစံအိမ်ကြီးကို မြေးငယ်လက်ထဲအပ်ပြီး ဒေါက်တာပန်းယောဝန်နဲ့ မြေးငယ်ကို လက်ထပ်ပေးရမှာပဲလေ"

ဒေါ်မဟူရာရဲ့ ဆန္ဒကို ဒေါက်တာပန်းယောဝန်က လက်မခံနိုင်ပေ။

"ကျွန်မ လက်မခံနိုင်ပါဘူး ဘွားမဟူရာ"

"ဟင်...ညည်းလေးနဲ့ သားငယ် ချစ်ခင်နေကြတာ မဟုတ်လား"

"မဟုတ်ပါဘူး၊ ကျွန်မ လက်ထပ်ဖို့ ဆုံးဖြတ်မိတာက ကိုအဂ္ဂကြီးကိုပါပဲ၊ ကျွန်မတာဝန်ယူရတဲ့ လူနာအတွက် ကျွန်မ အကောင်းဆုံးပေးခဲ့တာပါ။ ကျွန်မ ဒီမှာဆက်နေဖို့ ဆန္ဒမရှိတော့ပါဘူး။ ဒါပေမဲ့ မဟူရာစံအိမ်ကြီးထဲကနေ ကျွန်မ ထွက်မသွားခင် ကျွန်မပြောချင်တာက ဒေါ်ပန်းမြိုင်ဟာ ကျွန်မအမေဆိုတာပါပဲ"

"ဟင်"

"မဟုတ်ဘူး၊ အဲဒါ လုံးဝမဟုတ်ဘူး၊ ဒေါက်တာပန်းယောဝန် ညည်း ဘာတွေပြောနေတာလဲ၊ ညည်းက ဇွတ်ပဲပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာကိုး၊ ကျုပ်လည်း ဒီကနေ ထွက်သွားတော့မယ်”

“အမေ ဟောဝန့်ကို လက်ခံပါနော်၊ အမေနဲ့ ဟောဝန် ဒီမဟူရာစံအိမ်ကြီးထဲကနေ ထွက်သွားရအောင်ပါနော်၊ ဟောဝန် လူ့လောကကြီးထဲမှာ တစ်ယောက်တည်း အထီးကျန် မဖြစ်သန်းပါရစေနဲ့တော့”

“ကျုပ်လက်မခံဘူး၊ ညည်းက ကျုပ်သမီးမှမဟုတ်တာ”

ဟောဝန် အမေလုံးဝ အသိအမှတ်မပြုပါရစေနဲ့။ အမေ့သမီးဆိုတာ ဒေါ်မဟူရာက သူ့မြေးငယ် အဂ္ဂယ်နဲ့ သဘောတူမှာမဟုတ်ပါဘူး။ အမေက နာမည်ပျက်နဲ့ပါ။ သမီးလေးဘဝ ရှေ့ရေးအတွက် ဂုဏ်ဒြပ်တွေ ကင်းမဲ့သွားစေမှာပါ။

“အမေ ဟောဝန့်ကို သနားပါနော်၊ အမေနဲ့အတူ နေပါရစေ၊ ဘွား ကျွန်မက ဒေါ်ပန်းမြိုင်ရဲ့သမီးပါ၊ အမေ့ကို တွေ့ချင်လို့ ကျွန်မဘဝတွေကို အနစ်မွန်းခံပြီး ဒီကို ရောက်လာခဲ့တာပါ”

ဟောဝန် ကြေကွဲစွာဖြင့် ပြောနေမိသည်။ အမေ ဘာဖြစ်လို့ ဟောဝန့်ကို လက်မခံတာလဲဆိုတာ ဟောဝန်သိပါတယ်။ နာမည်ပျက်တွေ ရှိလို့ အမေ လက်မခံတာပဲ မဟုတ်လား။





“မပန်းမြိုင်”

“ရှင်”

“ညည်းကို အရင်တုန်းက မေမေ စိတ်နာကြည်းမုန်းတီးခဲ့တာ မှန်ပေမဲ့ အခု ညည်းရဲ့ အနစ်နာခံတတ်တဲ့ စိတ်ဓာတ်ကို သိရပြီး မေမေ မမုန်းတော့ပါဘူးလေ”

ဒေါ်မဟူရာလည်း မိမိအတ္တတွေကြောင့် ပြဿနာတွေ ပိုကြီးထွားလာခဲ့ရတာ အသိဝင်လာရလေသည်။

ဒေါက်တာပန်းဟောဝန်ကို မြေးနှင့် လက်ထပ်စေချင်နေပါ၏။

“မေမေ ဒီဆရာဝန်မကို ဘာဖြစ်လို့ အထင်ကြီးနေရတာလဲ၊ ဘာမျိုးဘိုးတူ၊ မပန်းမြိုင်သမီးနဲ့တော့ ကျွန်မတူလေးကို သဘောမတူနိုင်ပါဘူးနော်”

“ပန်းဟောဝန်နဲ့ ပတ်သက်ပြီး ညည်းတို့ ဘာမှပြောစရာ မလိုဘူးနော်၊ ကျုပ် သဘောတူတယ်၊ ကျုပ် ယုံကြည်တယ်၊ ဒီကိစ္စ ညည်းစွက်ဖက်စရာ မလိုဘူး ဒေဝီ”

မိခင်ကြီးရဲ့ ခပ်ပြတ်ပြတ်စကားကြောင့် ဒေါ်ဒေဝီ မ

www.burmeseclassic.com

www.burmeseclassic.com



မနုပ်နှင့် ချာခနဲ လှည့်သွားလေတော့သည်။

“မပန်းမြိုင် ဒေါက်တာပန်းဟောဝန်က ညည်းသမီးပါ၊ ညည်းလက်ခံပါ၊ မြေးကြီးအတွက်ကတော့ ကံကြမ္မာအပေါ်ပဲ လိုက်ပါ၊ မြေးကြီးမှာ နဂိုထဲက နှလုံးရောဂါ ရှိနေတယ်၊ မြေးကြီး စိတ်ထိခိုက် ကြေကွဲပြီး သေဆုံးရတာပါအေ၊ မေမေသိပါတယ်၊ သားမောင်မောင်တင်လည်း နောင်တတွေရပြီး ပြန်လာတော့မယ်၊ မပန်းမြိုင်ဆီကိုလည်း တောင်းပန်မယ်တဲ့၊ မဟူရာမိသားစုဝင်တွေ အားလုံး ပြန်စည်းလုံးညီညွှတ်တာ မေမေ မြင်ချင်ပြီ”

“ဒေါက်တာပန်းဟောဝန်ဟာ ကျွန်မသမီးမဟုတ်ပါဘူး မေမေ၊ ကျွန်မ အသိအမှတ်မပြုနိုင်ပါဘူး”

ဒေါ်ပန်းမြိုင် ခါးခါးသီးသီး ငြင်းဆန်ပြီး ထွက်လာခဲ့လေသည်။



## အခန်း (၂၃)

“ဒေါက်တာပန်းဟောဝန် ကြီးဒေဝီကို ကူညီပါဦး၊ ဒီမှာ ကိုဘခက် မူးလို့တဲ့”

ဟောဝန် အခန်းဝဆီမှ ကြီးဒေဝီရဲ့ အသံကြောင့် အခန်းတံခါးကိုဖွင့်ပေးလိုက်စဉ် အခန်းဝမှာ ကြီးဒေဝီနှင့် ဦးလေးဘခက် ရပ်သည်။

“အရမ်းမူးလို့ပါ ဟောဝန်၊ မင်းလေးလေးကို ကြည့်ပေးပါဦးကွယ်”

www.burmeseclassic.com

www.burmeseclassic.com



"အထဲဝင်ခဲ့လေ၊ လာပါ ဟောဝန်ကြည့်ပေးပါ့မယ်၊ ဝင်ပါ"

စေတနာဆရာဝန်ဖြစ်နေတဲ့ ဟောဝန်က အာဃာတတွေ ဘာမှမထားတော့ဘဲ ဆေးကုသပေးရန် ဆန္ဒစောနေမိသည်။

"ဟောဝန့်ခုတင်ပေါ်မှာပဲ အိပ်ပါ၊ ဟောဝန် စမ်းသပ်ကြည့်ရှုပေးပါ့မယ်"

"ခဏနေဦး ဟောဝန်၊ ကိုဘခက်က အန့်တတ်တယ်၊ ကြီးဒေဝီ ထွေးခံသွားယူဦးမယ်နော်"

"ဟုတ်ကဲ့"

ဦးလေးဘခက်က ဟောဝန့်ခုတင်ပေါ်မှာ ကျန်ခဲ့ပြီး ကြီးဒေဝီ ထွက်သွားလေသည်။

ဟောဝန် ဆေးကုသဖို့ ပြင်လိုက်၏။

"ပန်းဟောဝန်"

"ဟင်"

ဦးလေးဘခက်က ရုတ်တရက်ထလိုက်ပြီး ဟောဝန့်လက်လေးကို ဆုပ်ကိုင်လိုက်လေသည်။





"ဟင်...ရှင်...ရှင်"

"မင်း ဘာတတ်နိုင်သေးလဲ ပန်းဟောဝန်၊ မင်းက မဟူရာ စံအိမ်ကြီးကို အုပ်စီးဖို့ မူရာမာယာတွေများပြီး ဖြားယောင်းသွေးဆောင် ကြိုးစားနေတာမဟုတ်လား"

"မဟုတ်ဘူး၊ ရှင်တို့ ဘာဖြစ်လို့ ဒီလိုအကြံပက်စက်ရတာလဲ၊ ထွက်သွားပါ"

"မင်း...အော်လေ၊ မင်းကိုယ်တိုင် ငါ့ကို အခန်းတံခါးဖွင့်ပေးထားတာပဲ၊ အဂ္ဂယက မင်းအတွက် လုံးဝမဖြစ်စေရဘူး"

"ကျွန်မလည်း ဒီကနေ ထွက်သွားမှာပါ၊ ကိုအဂ္ဂယနဲ့ လက်ထပ်ဖို့ လုံးဝအစီအစဉ်မရှိပါဘူး၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ အခန်းထဲကနေ ထွက်သွားပါတော့"

"ဒေါက်တာပန်းဟောဝန် မင်းက အရမ်းချစ်စရာကောင်းတာပဲ၊ မထူးတော့ပါဘူးကွာ၊ မင်းက လှလွန်းတော့ ငါ့စိတ်တွေ လုံးဝမထိန်းနိုင်တော့ဘူး"

ဦးဘခက် စိတ်တွေကို မထိန်းချုပ်နိုင်တော့ဘဲ ပန်းဟောဝန်အား အတင်းပွေ့ဖက်လိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူယုတ်မာကြီး လွှတ်ပါ၊ ကျွန်မ အော်လိုက်မှာနော်၊ လွှတ်"

"အော်လေ…မင်းအခန်းထဲ ငါဘာဖြစ်လို့ ရောက်နေတာလဲဆိုတာ ရှင်းနေတာပဲဟာ"

"ရှင်…ရှင်"

"ပန်းယောဝန် မင်းလေးက အရမ်းချစ်စရာကောင်းတယ်ကွာ"

"လူယုတ်မာကြီး၊ လွှတ်…လွှတ်…လွှတ်"

ယောဝန် ကြောက်လန့်တကြားနှင့် ရုန်းကန်နေမိလေသည်။ ဒေါ်ဒေဝီ ရက်စက်လိုက်တာ၊ ယောဝန်အပေါ် အကောက်ကြံဖို့ ပူးပေါင်းကြံစည်၏။ ညအချိန်မတော် ယောဝန့်အိပ်ခန်းထဲ ဦးလေးခက်ရောက်နေတာကို ဘယ်လိုရှင်းပြရမလဲ။ အခန်းတံခါးက ယောဝန်ဖွင့်ပေးမှ ဝင်လို့ရတာပါ။

"ယောဝန်က အရမ်းချစ်စရာကောင်းတာပဲ၊ အရမ်းကိုလှပတဲ့ မိန်းကလေးတစ်ယောက်ပါပဲလား၊ ဟား…ဟား …ဟား"





ယောဝန့်ဘဝ ဆုံးရှုံးရတော့မှာပဲလား။ မဖြစ်ဘူး၊ ယောဝန် အော်ဟစ်အကူအညီတောင်းမှ ဖြစ်တော့မည်။

"လူယုတ်မာကြီး လွှတ်…လွှတ်"

ဒေါ်ပန်းမြိုင် အိပ်မက်ဆိုးတွေ မက်ပြီး သမီးအတွက် စိတ်ပူပြီး သမီးအခန်းကို အလာတွင် အခန်းထဲမှ အော်ဟစ်ရုန်းကန်သံတွေ ကြားလိုက်ရ၍ စိုးရိမ်ထိတ်လန့်သွားရလေသည်။

"လူယုတ်မာကြီး၊ ကျွန်မကို မယုတ်မာနဲ့နော်"

"မင်းပဲ အခန်းတံခါးဖွင့်ပေးခဲ့တာပဲဟာ"

"မင်းအော်လေ ဘယ်လိုရှင်းမလဲ၊ အဂ္ဂယေက မင်းကို လှည့်တောင်ကြည့်မှာ မဟုတ်ဘူး"

"ရှင်တို့ အကောက်ကြံတာပဲ၊ ကြီးဒေဝီကိုယ်တိုင် လာဖွင့်ခိုင်းလို့ ကျွန်မ ဖွင့်ပေးတာပဲ"

"မင်း ဘယ်လိုဖြေရှင်းမလဲ၊ မင်းစကားကို ဘယ်သူက ယုံကြည်မှာလဲ"

"လွှတ်…လူယုတ်မာကြီး လွှတ်"

သမီးအတွက် ဒေါ်ပန်းမြိုင် စိတ်ပူသွားပြီး အခန်းတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ထုရိုက်ဖွင့်နိုင်းမိလေသည်။

“တံခါးဖွင့်စမ်း သမီးဟောဝန်၊ တံခါးဖွင့်စမ်း ဘယ်လို ဖြစ်နေတာလဲ”

ဒေါ်ပန်းမြိုင်ရဲ့ အော်သံကြောင့် အိမ်သားတွေ အားလုံး နိုးလာကြသည်။

“ဟောဝန် တံခါးဖွင့်လေ”

ဟောဝန် အတင်းရုန်းကန်ပြီး တံခါးကို ဖွင့်ပေးလိုက်လေသည်။

“ဟင်”

ဦးဘခက်နှင့်အတူ တွေ့တော့ အားလုံး အံ့အားသင့်သွားကြသည်။

“ကြီးဒေဝီနဲ့ ဒီလူကြီး အတူရောက်လာပြီး ခေါင်းမူးလို့ ဆေးကုပေးပါဆိုလို့ ကျွန်မ တံခါးဖွင့်ပေးလိုက်မိတာပါ၊ ဒီလူယုတ်မာကြီးက ဟောဝန့်ကို အကောက်ကြံစည်တာပါပဲ”

“မင်းဘာတွေပြောနေတာလဲ ပန်းဟောဝန်၊ မင်းပဲ ငါ့ကို တံခါးဖွင့်ပေးခဲ့တာပဲ၊ မင်း မပန်းမြိုင်အသံကြားမှ ငြင်းဆန်တာပါ”





“မဟုတ်ဘူး၊ ရှင်ကြီးလိမ်နေတာ”

သမီးရဲ့ အဖြစ်အပျက်တွေကို ကြည့်ပြီး ဒေါ်ပန်းမြိုင် ဘယ်လိုမှ မခံစားနိုင်အောင် ကြေကွဲသွားရလေသည်။ အမေ့ကြောင့်ပါ၊ အမေ အသိအမှတ်မပြုလို့ သမီးလေး ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ ရင်ဆိုင်ရတာပဲ။

“ဟောဝန် သမီးလေး၊ အမေ့ကြောင့် သမီးလေး အခုလို ရင်ဆိုင်ရတာပါ၊ အမေသာ စောစောထဲက အသိအမှတ်ပြုခဲ့ရင် သမီးလေး ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ ရင်ဆိုင်ရမှာ မဟုတ်ပါဘူး၊ ကျွန်မ သမီးလေးပါ၊ ကျွန်မကြောင့် အခုလိုဖြစ်ရတာပါ”

ဒေါ်ပန်းမြိုင်ရင်ထဲမှာ နာကျင်ကြေကွဲလွန်း၍ နလုံးတွေ တဆတ်ဆတ်တုန်ယင်လာပြီး မျက်ဝန်းတွေ ပြာဝေကာ အသိမဲ့သွားရလေတော့သည်။

“အမေ. . .အမေ”

“မပန်းမြိုင်”

“ဒေါ်လေးမြိုင်”

အမေ့ကို ပွေ့ဖက်ပြီး ဆေးရုံသွားဖို့ ဟောဝန် အမြန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ရလေတော့သည်။

ဆေးရုံရောက်တော့ အမေ့မှာ အသက်ဝိညာဉ် ကင်းမဲ့နေပြီဖြစ်၏။

"အမေ ဟောဝန့်ကို တစ်ယောက်တည်းထားခဲ့ပြီလား၊ ဟောဝန့်ကို ဒီအခြေအနေရောက်မှ သမီးအဖြစ် အသိအမှတ်ပြုရတာလဲ အမေရယ်"

အမေ့ခန္ဓာကိုယ်ကို ပွေ့ဖက်ကာ ဟောဝန် နာကျင်ကြေကွဲလို့ မဆုံးနိုင်အောင် ဖြစ်ရလေသည်။

"အမေမရှိတော့ရင် ဟောဝန့်ဘဝ ဘာမှအနှစ်သာရမရှိတော့ပါဘူး"

ဒေါ်မဟူရာလည်း စိတ်ထိခိုက်ကြေကွဲပြီး သမီးဖြစ်သူ မိသားစုကို မောင်းထုတ်လိုက်လေသည်။

"ညည်းကို သမီးအဖြစ်ကနေ စွန့်လွှတ်တယ်၊ တော်တော်အကြံပက်စက်ကြတာပဲ၊ ညည်းတို့ရသင့်တဲ့ အမွေတွေ ယူသွားကြတော့၊ ညည်းကို သမီးအဖြစ်မှ စွန့်လွှတ်တယ်"

"ဒေဝီ မှားပါတယ် မေမေ၊ နောက် ဒီလိုမဖြစ်စေရပါဘူး၊





ပန်းဟောဝန် ကြီးဒေဝီ တောင်းပန်ပါတယ်ကွယ်နော်"

ဒေါ်ဒေဝီလည်း တောင်းပန်ပြီး မဟူရာစံအိမ်ကြီးထဲကနေ ထွက်သွားလေသည်။

"ပန်းဟောဝန်"

"ရှင်"

"ဘွားမှာ မြေးရော ချွေးမရော ဆုံးရှုံးသွားရတယ်၊ အခု ပန်းဟောဝန်ကို မဆုံးရှုံးပါရစေနဲ့"

ဟောဝန်ကတော့ အမေ့အသုဘရက်လည်ပြီးလျှင် မဟူရာစံအိမ်ကြီးထဲကနေ ထွက်သွားဖို့ပဲ ဆုံးဖြတ်လိုက်လေသည်။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိ၏။

"သမီးဘဝကို အထီးကျန်စွာနဲ့ မလျှောက်လှမ်းပါနဲ့ကွယ်၊ ဘွားကို ဘွားအရင်းလို သဘောထားပြီး ပြုစုစောင့်ရှောက်ပေးပါ၊ ဘွား အသက်ကြီးပါပြီ"

ဒေါ်မဟူရာက ဟောဝန့်ပခုံးလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး တမ်းတမ်းတတ လိုလိုလားလား ပြောနေလေသည်။

"မပန်းမြိုင် သမီးလေးက အဖေ့သမီးပါပဲ၊ အ[illegible]လည်း



www.burmeseclassic.com

www.burmeseclassic.com



မပန်းမြိုင်အပေါ် ဆိုးခဲ့တာတွေ တောင်းပန်ပါတယ်၊ အားလုံး ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးနဲ့ နေသွားကြရအောင်''

အမေ့ခင်ပွန်း ဦးမောင်မောင်တင်ကလည်း ဟောဝန့်အား တောင်းပန်နေလေသည်။

ဟောဝန် ဘာကိုမှ လက်မခံနိုင်တော့ဘဲ ဖြစ်နေမိ၏။ အမေ့အတွက် အမေ ဒီကိုရောက်လာတာပါပဲ။ ဟောဝန် ပြန်ပါရစေ တော့။ ဟောဝန် ကိုယ့်ကိုယ်ကို ရပ်တည်နိုင်စွမ်း ရှိပါတယ်။

ကိုအဂ္ဂငယ်ကတော့ ဟောဝန်ကို ဘာမှတောင်းဆိုမှုတွေ မလုပ်ဘဲ ငြိမ်သက်နေလေသည်။

ရှင့်ကိုတော့ ဟောဝန် မေ့ပစ်လို့မရတော့ပါဘူး။ ဒါပေမဲ့ အရာအားလုံး စွန့်လွှတ်လိုက်ပါတော့မယ်လေ။

အမေ့အသုဘရက်လည်ပြီးတော့ ဟောဝန် မဟူရာစံအိမ်ကြီး ထဲကနေ ထွက်သွားဖို့ ပြင်ဆင်လေသည်။

အထုပ်အပိုးတွေ ပြင်ဆင်ပြီး ဘွားမဟူရာနှင့် အဖေ့ကို ဟောဝန် ထိုင်ပြီး ရှိသေစွာ ကန်တော့လိုက်သည်။

''မမကြီးမဟူရာ သားငယ် ကားအက်ဆီးဒင့်ဖြစ်လို့တဲ့





ဖုန်းလာတယ်''

''ဟင်''

''ဆေးရုံကို အခုချက်ချင်းလိုက်ခဲ့ပါတဲ့''

''ဒုက္ခပါပဲကွယ်၊ ဘယ်လိုဖြစ်ရတာလဲ၊ ပန်းဟောဝန် မင်းလည်းလိုက်ခဲ့ပါကွယ်၊ ဘွားကို ပစ်မထားခဲ့ပါနဲ့''

ကိုအဂ္ဂငယ် ကားအက်ဆီးဒင့်ဖြစ်တယ်ဆို၍ ဟောဝန်လည်း စိတ်ပူပြီး ဆေးရုံကို လိုက်ခဲ့လေသည်။

''သားငယ် အရက်တွေ အလွန်အကျွံသောက်ထားတယ် တဲ့၊ ဒီကလေး ဘယ်တုန်းကမှ အရက်မသောက်ဖူးပါဘူး၊ အခု အရမ်းစိတ်ညစ်လို့ဖြစ်မယ်''

ဟောဝန်လည်း စိုးရိမ်ပူပန်မှုတွေ အထွတ်အထိပ် ရောက် သွားရလေသည်။

ရှင် ဒီလောက်အထိ စိတ်သောကတွေ ရောက်သွားလိမ့် မယ်လို့ ဟောဝန် မထင်မိခဲ့လို့ပါနော်။

ဆေးရုံရောက်တော့ ကိုအဂ္ဂငယ် အသိတွေမဲ့နေသည်။ ဘုရားရေ ရှင် တစ်ခုခုများ ဖြစ်သွားလေမလားပဲ၊ ဟောဝန် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပူလိုက်တာ။

ကိုအဂ္ဂငယ်အား ဥပေက္ခာပြုမိခဲ့တာတွေကို နောင်တရလို့ မဆုံးပေ။ ရှင် ဘာမှမဖြစ်ပါစေနဲ့၊ ဟောဝန် ရှင့်ကို ဥပေက္ခာပြုမထား တော့ပါဘူးနော်။

ဟောဝန် စိတ်ပူပြီး အသိမဲ့နေတဲ့ သူ့လက်တွေကို ဆုပ် ကိုင်ကာ တတွတ်တွတ် ပြောနေမိလေသည်။

နောက်တစ်နေ့တွင်မှ ကိုအဂ္ဂငယ် သတိရလာ၏။

ဆရာဝန်ကို အခြေအနေမေးကြည့်တော့ အခြေအနေမဆိုး ဘဲ ခြေထောက်ပဲ ကျိုးသွားတာလောက်ပဲ ရှိနေသည်။

"ဟောဝန်"

"ရှင်"

"ကိုယ့်ကို စွန့်ခွာသွားဖို့ မကြိုးစားတော့ပါဘူးလို့ ကတိ ပေးပါလားကွာ"

ဟောဝန့်လက်လေးကို သူ တင်းကြပ်စွာ ဆုပ်ကိုင်ထား လေသည်။

"ပြောလေ ဟောဝန်၊ ကိုယ့်ကို ဟောဝန် ထားခဲ့ဦးမှာလား





ဟင်"

"ဟင့်အင်း"

"ဟာ...ဟောဝန် ဘာပြောလိုက်တယ်၊ ကိုယ့်ကို ဘယ် တော့မှ စွန့်ပစ်မသွားတော့ဘူး ဟုတ်လား"

"အင်း"

"ဒီနှုတ်ခမ်းလေးကနေ ကိုယ့်ကို စွန့်ခွာမသွားတော့ပါဘူး လို့ ကတိပေးစမ်းပါ ဟောဝန်ရယ်"

ဟောဝန့်လက်လေးကို တင်းကြပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်ပြီး ပြောလိုက်မိလေသည်။

"ပြောစမ်းပါကွာ၊ ကိုယ်အရမ်းစိတ်ပူနေပြီ ဟောဝန်၊ ကိုယ့် ကို စွန့်ခွာမသွားပါဘူးလို့ ကတိပေးစမ်းပါ"

"ကိုရယ်...ဟောဝန် ကတိပေးပါတယ်၊ ကို့ကို ထားခဲ့ပြီး ဟောဝန် ဘယ်မှမသွားနိုင်တော့ပါဘူးနော်"

"ဟောဝန်ရယ်"

သူ ဝမ်းသာပျော်ရွှင်စွာဖြင့် ဟောဝန့်ကိုယ်လေးကို ဆွဲယူ ပွေ့ဖက်ထားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ ဘယ်သူမှမရှိ၍ ဟောဝန်နှင့်သူ နှစ်ယောက်တည်းပဲ ရှိနေ၏။

"ချစ်တယ်ကွာ၊ ဟောဝန့်ကို အရမ်းချစ်တာပဲ"

မက်မက်မောမောလေး ပြောပြီး ဟောဝန့်ရဲ့ နှုတ်ခမ်းဖူးဖူးလေးကို မြတ်နိုးစွာ နမ်းရှိုက်မိလေတော့သည်။

သင်မြတ်နိုး

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# ရင်မြတ်နိုး၏

ကလောင်ခွဲ

# သင်မြတ်နိုး

လုံးချင်းဝတ္ထုသစ်

## အနမ်းပွင့်ခြွေ

www.burmeseclassic.com